# ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဒီ တွင် စတင် တည်ထောင်သည်။ Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော)လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်၊ စနေနေ့။ Saturday, 4 May 2019 ၉၆၃၉


## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တနင်္သာရီတိုင်းဒေသကြီးရှိ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်တို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ထားဝယ်မြို့တော်ခန်းမ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲတွင် လမ်းညွှန်အမှာစကားပြောကြားစဉ်။

**ထားဝယ် မေ ၃**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဒေါက်တာမြင့်ထွေး၊ ဦးဟန်ဇော်၊ ဦးအုန်းမောင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ တပ်မတော်အထူးလေယာဉ်ဖြင့် ထွက်ခွာရာ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းထိုက်ရွှေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးတင်အောင်၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးစိုးမြင့်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ် ဦးသိန်းထွန်း၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကြည်စိုး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအား လက်ခံတွေ့ဆုံ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး **Mr. David Hale** အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**နေပြည်တော် မေ ၃**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. David Hale အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ်အတွင်း နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် ရခိုင်ပြည်နယ်အရေးကိစ္စအပါအဝင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများအား ကျော်လွှားနိုင်ရေးအတွက် ကူညီထောက်ပံ့ပေးရေးကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

ကြေးမုံ နိုင်ငံတော်သတင်းစာ ပြည်သူ့အတွက် တတိယ (၁) နှစ်တာ

### ပြည်သူ့အတွက် တတိယ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့၏ တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို(၈)မျက်နှာဖြင့် ဖော်ပြထားပါသည်။


ကြေးမုံ ယနေ့ ဖတ်စရာ

ပြည်သူ့လွှတ်တော်သတင်း
နိုင်ငံတကာမှ ကျွမ်းကျင်သူ (သို့မဟုတ်) အကြံပေးပုဂ္ဂိုလ်တို့နှင့်ပတ်သက်၍ ပြည်သူလူထုအနေဖြင့် ပွင့်လင်းမြင်သာစွာ သိလိုခြင်းနှင့်စပ်လျဉ်းပြီး ရှင်းလင်းဖြေကြား စာမျက်နှာ » ၅

အမျိုးသားလွှတ်တော်သတင်း
ကျောက်တော်မြို့နယ် ပိန္နဲချောင်း-ကြောင်စွယ်ဖြူလမ်းအား ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်သွားမည် စာမျက်နှာ » ၆



စေတနာဆေး၊ မေတ္တာဆေး၊ သစ္စာဆေး – ဆေးစွမ်းထက်တာ ထွန်းရွှေဝါ...
ထွန်းရွှေဝါ ဒဏ်ကြေလိမ်းဆေးက ဆေးစွမ်းထက်ပါသည်။

# ကြေးမုံ

## မဏ္ဍိုင်လေးရပ် ဟန်ချက်ညီတည့်မတ်

ဒီမိုကရေစီနိုင်ငံတိုင်းတွင် ဥပဒေပြုရေးမဏ္ဍိုင် (လွှတ်တော်)၊ အုပ်ချုပ်ရေးမဏ္ဍိုင် (အစိုးရအဖွဲ့)၊ တရားစီရင်ရေးမဏ္ဍိုင် (တရားရုံးများ) ဟူ၍ မဏ္ဍိုင်ကြီး သုံးရပ်တည်ရှိသည်။ ထိုမဏ္ဍိုင်ကြီးသုံးရပ်၏ ဆောင်ရွက်ချက် အခြေအနေများအား စာနယ်ဇင်းမဏ္ဍိုင်ဟုခေါ်ဆိုသည့် စတုတ္ထမဏ္ဍိုင်က စောင့်ကြည့်လေ့လာပြီး ပြည်သူများအား နေ့စဉ်အသိပေးလျက်ရှိသည်။

အဆိုပါမဏ္ဍိုင်ကြီး လေးရပ်သည် စားပွဲတစ်လုံး၏ ခြေလေးချောင်း ထောက်ထားသည့်ပမာ ဖြစ်သည်။ စားပွဲတစ်လုံးတွင် ခြေလေးချောင်းညီပါမှ စားပွဲမျက်နှာပြင်တည်ငြိမ်သကဲ့သို့ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံတွင်လည်း ဖော်ပြပါမဏ္ဍိုင်ကြီးလေးခုသည် ၎င်းတို့၏တာဝန်များကို အသီးသီး မှန်မှန်ကန်ကန်၊ မျှမျှတတလုပ်ဆောင်ကြမှသာ ထိုနိုင်ငံလည်း တည်ငြိမ်မည်ဖြစ်သည်။

အချို့သော ဒီမိုကရေစီနိုင်ငံများတွင် မီဒီယာလွတ်လပ်ခွင့်ကို အကြောင်းပြု၍ စာနယ်ဇင်းမီဒီယာတို့၏ အပြုသဘောမဆောင်မှုကြောင့် နိုင်ငံစည်းလုံးညီညွတ်မှု၊ နိုင်ငံတည်ငြိမ်အေးချမ်းမှု ထိခိုက်ပျက်ပြားရမှုများလည်း ရှိခဲ့သည်။ ထိုနည်းတူစွာ အာဏာရှင်နိုင်ငံများတွင် တရားမျှတမှု မရှိသောကြောင့် နိုင်ငံအတွင်းတည်ငြိမ်အေးချမ်းမှု၊ စည်းလုံးညီညွတ်မှု၊ ယုံကြည်မှု၊ ပျက်ပြားခဲ့ရမှုများလည်း ရှိခဲ့သည်။

ဒီမိုကရေစီအသွင်ကူးပြောင်းစ မြန်မာနိုင်ငံတွင် မဏ္ဍိုင်လေးရပ် တည့်မတ်မှန်ကန်ရေးကို ကြိုးပမ်းအားထုတ်ရာ၌ မဏ္ဍိုင်များအချင်းချင်း အကြား၌ ဖြစ်ပေါ်နေသောအခက်အခဲများကို အပြန်အလှန်ညှိနှိုင်း အဖြေရှာခြင်းဖြင့် တည်ငြိမ်အေးချမ်းမှုနှင့် တိုးတက်မှုကို ရှေးရှုလာသည်။ ယခုအခါ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင်သုံးရပ်နှင့် စတုတ္ထမဏ္ဍိုင်ဖြစ်သည့် သတင်းမီဒီယာတို့အကြား ဟန်ချက်ညီညီပူးပေါင်း ဆောင်ရွက်နိုင်ရန်အတွက် မဏ္ဍိုင်ကြီးလေးရပ် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပနိုင်ခဲ့သည်။

မဏ္ဍိုင်လေးရပ် တွေ့ဆုံဆွေးနွေးမှုကြောင့် အကျိုးရလဒ်ကောင်းများ ပေါ်ထွက်လာပြီး သတင်းနှင့်စာနယ်ဇင်းလွတ်လပ်ခွင့်များ ပိုမိုခိုင်မာလာ၍ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ ပိုမိုချောမွေ့လာမည်ဟု မျှော်လင့်ပါသည်။ ဒီမိုကရေစီနိုင်ငံတွင် မဏ္ဍိုင်အချင်းချင်းအကြား အပြန်အလှန်ထိန်းကျောင်းမှုကို ခံယူရမည်ဖြစ်သလို ပြည်သူများ၏ အသံနှင့်ထပ်တူ အပြုသဘောဆောင်သည့် ဝေဖန်ထောက်ပြမှုများလည်း ရှိရမည်ဖြစ်သည်။ မဏ္ဍိုင်အသီးသီးတွင် တာဝန်နှင့်လုပ်ပိုင်ခွင့်များ ရှိသလို လိုက်နာစောင့်ထိန်းရမည့် အချက်များနှင့် အကန့်အသတ်များလည်း ရှိမည်ဖြစ်သည်။

သတင်းမီဒီယာများသည် မဏ္ဍိုင်ကြီးသုံးရပ်နှင့် ပြည်သူများအကြား ပေါင်းစပ်ပေးခြင်းဖြစ်ပြီး မဏ္ဍိုင်ကြီး သုံးရပ်မှ တာဝန်ရှိသူများ၏ ပူးပေါင်းဆောင်ရွက်မှုများနှင့် နားလည်ပေးမှုများ အထူးလိုအပ်ပါသည်။ သို့မှသာ လွတ်လပ်၍တရားမျှတသည့် သတင်းအချက်အလက်များကို ပြည်သူများထံသို့ အချိန်နှင့်တစ်ပြေးညီ မျှဝေပေးနိုင်မည်ဖြစ်သည်။ ပြည်သူများ၏ အသံ၊ ပြည်သူများ၏မျက်စိဖြစ်သည့် စတုတ္ထမဏ္ဍိုင်သည် ခိုင်မာအားကောင်းလာမှ နိုင်ငံနှင့်လူမျိုး အဓွန့်ရှည်စွာ ရပ်တည်နိုင်ရေးအတွက် အထောက်အပံ့ကောင်းများ ဖြစ်ပေလိမ့်မည်။

သတင်းမီဒီယာကဏ္ဍနှင့်ပတ်သက်၍ မည်သို့ပင်ဆိုစေသော်လည်း ယခုကဲ့သို့ အစိုးရနှင့်သတင်းမီဒီယာအကြား ယုံကြည်မှုတည်ဆောက်နိုင်ခြင်းသည် ကောင်းမွန်သောရလဒ်များ ပေါ်ထွက်နိုင်ပေသည်။ မဏ္ဍိုင်လေးရပ် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၆ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၈ ခုနှစ်တွင် တစ်ကြိမ်နှင့် ယခု တတိယအကြိမ်ကျင်းပနိုင်ခဲ့ပြီး ယခုအလုပ်ရုံဆွေးနွေးပွဲတွင် မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မဏ္ဍိုင်လေးရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားရန်နှင့် ပြည်ထောင်စုအဆင့် မဏ္ဍိုင်လေးရပ် တွေ့ဆုံမှုကို အနည်းဆုံး တစ်နှစ်လျှင်တစ်ကြိမ်ဆောင်ရွက်ရန် ရလဒ်ပေါ်ထွက်ခဲ့သည်။

သို့ဖြစ်ရာ မြန်မာသတင်းမီဒီယာကဏ္ဍနှင့်ပတ်သက်၍ အခက်အခဲများ၊ စိန်ခေါ်မှုများရှိသည်ဖြစ်သော်လည်း ယခုကဲ့သို့ မဏ္ဍိုင်လေးရပ် တွေ့ဆုံခြင်းဖြင့် မဏ္ဍိုင်များအချင်းချင်းအကြား အပြန်အလှန်ညှိနှိုင်းအဖြေရှာနိုင်ပြီး နိုင်ငံတည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟန်ချက်ညီညီ တည့်တည့်မတ်မတ် လုပ်ဆောင်နိုင်မည်ဖြစ်ပါကြောင်း။ ။

## မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးဘုရားဝင်းအတွင်း ထာဝရငြိမ်းချမ်းရေးဓမ္မသဘင် ကျင်းပ

**မန္တလေး မေ ၃**

ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ရွှေငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံ အဆင့်ဆင့်များ ပင့်ဆောင်ပူဇော်ခြင်းအထိမ်းအမှတ် ထာဝရငြိမ်းချမ်းရေးဓမ္မသဘင်ကို ယနေ့ည ၇ နာရီခွဲက မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ဘုရားဝင်းအတွင်း၌ ကျင်းပသည်။



### တရားတော်ကို နာယူကြည်ညို

ငြိမ်းချမ်းရေးဓမ္မသဘင်တွင် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကက "မေတ္တာလွှမ်းမှ ငြိမ်းချမ်းမယ်" တရားတော်ကို ဟောကြားချီးမြှင့်ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ဇနီး၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာများ၊ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ၊ မန္တလေးမြို့မှ တရားချစ်ခင် သူတော်စင်များက တရားတော်ကို နာယူကြည်ညိုကြသည်။

### ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်

ငြိမ်းချမ်းရေးဓမ္မသဘင်မစတင်မီ ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေး အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၊ မန္တလေးမြို့တော်ဝန်တို့က အလှူငွေများအား လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့အား မန္တလေးမြို့ မဟာမုနိဘုရားကြီး အရှေ့ဘက်မုခ် ဦးဘသာတန်ဆောင်းတွင် မေ ၂ ရက်မှ ၇ ရက်နေ့ နံနက်ပိုင်းထိ ဒေသခံပြည်သူများ ဖူးမြော် ကြည်ညိုနိုင်ရန် အပူဇော်ခံထားရှိမည်ဖြစ်ကြောင်းသိရသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်းကွဲ ကော်ပန်းအဝိုင်း အနီးတွင် ဉာဏ်တော် အမြင့် ၁၀၈ ပေရှိသည့် ထာဝရငြိမ်းချမ်းရေးစေတီတော်မြတ်ကြီးအား ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက ဦးဆောင်မှုဖြင့် နိုင်ငံတော်အကြီးအကဲများ၊ နိုင်ငံသူနိုင်ငံသားများ စုပေါင်းအင်အားဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး အစဉ်ထာဝရငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်စေရန် ရည်သန်တောင့်တလျက် တည်ထားကိုးကွယ်လျက်ရှိသည်။

**သတင်း-ဟန်လင်းနိုင်**
**ဓာတ်ပုံ-မင်းသီဟထွန်း**

## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်

**နေပြည်တော် မေ ၃**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ယနေ့ ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက် အမှတ် (၂/၂၀၁၉) အား ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါသတင်းထုတ်ပြန်ချက်တွင် ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ကျောက်တန်းကျေးရွာတွင် မသင်္ကာဖွယ်ရာ အမျိုးသား ၂၇၅ ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ခေတ္တထိန်းသိမ်းစစ်ဆေးနေစဉ် မေ ၂ ရက် နံနက် ၂ နာရီခန့်တွင် အဆိုပါ ထိန်းသိမ်းထားသူများအနက် အချို့က ညာသံပေးအော်ဟစ်၍ ဝိုင်းဝန်းတိုက်ခိုက်ရန် ကြိုးပမ်းလာကြသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ခုခံကာကွယ်ရန်အတွက် ပစ်ခတ်ထိန်းသိမ်းလူစုခွဲခဲ့ရာ အမျိုးသား ခြောက်ဦး သေဆုံးခဲ့ပြီး ရှစ်ဦး ဒဏ်ရာရရှိကာ လေးဦး ပျောက်ဆုံးလျက်ရှိကြောင်း၊ ထိတွေ့တိုက်ပွဲဖြစ်ပွားနေသည့် ဒေသများတွင် အပြစ်မဲ့ပြည်သူများ ထိခိုက်သေဆုံးမှု မဖြစ်စေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လည်းကောင်း၊ AA အဖွဲ့အနေဖြင့် လည်းကောင်း နှစ်ဖက်စလုံးက ဂရုပြုကြပါရန် အလေးအနက် တိုက်တွန်းအပ်ပါကြောင်း ဖော်ပြထားသည်။

**သတင်းစဉ်**


MYANMAR Digital News
Presented by NPE
www.mdn.gov.mm

အပူပိုင်းဒေသ စိမ်းလန်းဖို့
ပူးပေါင်းပါဝင် ဆောင်ရွက်စို့


## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မေ ၃**

ရန်ကုန်(ရွှေဈေး) ၁၀၃၇၅၀၀ - ၁၀၃၇၅၀၀ မန္တလေး(ရွှေဈေး) ၁၀၃၇၅၀၀ - ၁၀၃၇၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၆၅/၁၀၁၀ ကျပ် | ၁၀၂၀/၁၀၄၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၁၀/၉၆၅ ကျပ် | ၁၀၁၀/၁၀၂၀ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၄၀/၉၁၀ ကျပ် | ၉၃၀/၉၆၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၇၅/၁၀၂၀ ကျပ် | ၁၀၃၅/၁၀၅၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၉၁၀/၉၃၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၂၅/၉၄၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၇၅/၈၇၈ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၂၁.၈ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၉၈.၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၅.၉၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၇.၅၀၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၇.၃၆ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၉၄၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၆၄.၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၀.၀၅ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၆၄.၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၅.၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**


ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ညွှ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၃၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ဇန် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၄၂၇



ထားဝယ်မြို့တော်ခန်းမ၌ ကျင်းပသည့် နိုင်ငံတော်သမ္မတနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီး လွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သူများကို တွေ့ရစဉ်။

☆ ရှေ့ဖုံးမှ

လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဒေသခံများနှင့် ယဉ်ကျေးမှုအဖွဲ့များက ထားဝယ်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ထားဝယ်မြို့တော်ခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်၍ လမ်းညွှန်အမှာစကားပြောကြားသည်။

**သန္နိဋ္ဌာန်ချထား**

နိုင်ငံတော်သမ္မတက လမ်းညွှန်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံကို ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရန် အားလုံးက သန္နိဋ္ဌာန်ချထားပြီးဖြစ်ပါကြောင်း၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်သည့်ခရီး အောင်မြင်ချောမွေ့စေရန် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်သည့်အခါ ယင်းပြုပြင်ပြောင်းလဲမှုများကို တာဝန်ရှိပုဂ္ဂိုလ်များအားလုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်နိုင်ရန် ယခုကဲ့သို့ တွေ့ဆုံပွဲပြုလုပ်ရခြင်းဖြစ်ပါကြောင်း၊ ဒီမိုကရေစီစနစ်သည် နိုင်ငံသူနိုင်ငံသားများအတွက် လွတ်လပ်မှု၊ လုံခြုံမှု၊ ပျော်ရွှင်မှုပေးသည့် စနစ်တစ်ခုဖြစ်ပါကြောင်း၊ နိုင်ငံတော်ကို တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် ဖွဲ့စည်းထားသည့်အတွက် တိုင်းရင်းသားလူမျိုးများမပါဘဲနှင့် ပြည်ထောင်စုနိုင်ငံတော်တည်ဆောက်၍ မရပါကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ၎င်းတို့၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းအစဉ်အလာများ ဖွံ့ဖြိုးတိုးတက်စေရန် အားပေးကြရမည်ဖြစ်ပါကြောင်း။

**မြန်မြန်ဆန်ဆန်တိုးတက်အောင်မြင်**

မိမိတို့နိုင်ငံကို ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရာတွင် အစိုးရ၊ လွှတ်တော်၊ တရားစီရင်ရေးမဏ္ဍိုင်ကြီး သုံးရပ်တွင်ပါဝင်သည့် ဌာနဆိုင်ရာအဖွဲ့အစည်း အသီးသီးရှိ တာဝန်ရှိပုဂ္ဂိုလ်များအားလုံး ပြုပြင်ပြောင်းလဲမှုတွင် လိုက်ပါဆောင်ရွက်နိုင်မှ အောင်မြင်မည်ဖြစ်ပါကြောင်း၊ CSO များ၊ NGO များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် မီဒီယာများကလည်း ဝိုင်းဝန်းကူညီပံ့ပိုးပေးကြရမည်ဖြစ်ပါကြောင်း၊ သို့မှသာ အောင်မြင်မည်ဖြစ်ပါကြောင်း။

ယနေ့ Globalization ခေတ်ကြီးတွင် ပြုပြင်ပြောင်းလဲမှုမလုပ်ဘဲ နိုင်ငံတော်တိုးတက်၊ တည်ငြိမ်အေးချမ်း၊ သာယာဝပြောနိုင်မည် မဟုတ်ပါကြောင်း၊ ထို့ကြောင့် ပြုပြင်ပြောင်းလဲမှုသည် မိမိတို့အားလုံး မဖြစ်မနေ အသိစိတ်ဓာတ်ရှိရှိဖြင့် လုပ်ကြရမည့် တာဝန်တစ်ခုဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုသည် စိုးရိမ်စရာကိစ္စ မဟုတ်ပါကြောင်း၊ နိုင်ငံသူနိုင်ငံသားများအတွက်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အခွင့်အခါကောင်း ဖြစ်ပါကြောင်း၊ ဒီမိုကရက်တစ် အုပ်ချုပ်မှုစနစ်ဖြစ်မှသာ တိုင်းပြည်တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်မည် ဖြစ်ပါကြောင်း၊ ဒီမိုကရေစီစနစ်ကျင့်သုံးမှ တိုင်းပြည်သည် ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဒီမိုကရေစီပန်းတိုင်ကို ချီတက်ခြင်းဖြစ်ပါကြောင်း၊ အလားတူ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်မှ မိမိတို့နိုင်ငံငြိမ်းချမ်းရေးရမည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးရမှသာ ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ပါကြောင်း၊ သို့မှသာ လူ့အခွင့်အရေး အသီးအပွင့်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ တောင်ပေါ် မြေပြန့် မခွဲခြားဘဲ အားလုံးတန်းတူညီမျှ ခံစားခွင့်ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မြန်တိုးတက်ရန်၊ အောင်မြင်ရန်အတွက်ဆိုလျှင် အားလုံးက ဝိုင်းဝန်းကူညီပံ့ပိုးပြီး တက်ညီလက်ညီလုပ်နိုင်မှ မြန်မြန်ဆန်ဆန် တိုးတက်အောင်မြင်မည်ဖြစ်ပါကြောင်း။

**တစ်ခုနှင့်တစ်ခု ချိတ်ဆက်နေ**

မိမိတို့သွားချင်သည့် အုပ်ချုပ်ရေးစနစ်မှာ နိုင်ငံရေး တရားမျှတမှု၊ စီးပွားရေး တရားမျှတမှု၊ လူမှုရေး တရားမျှတမှုရှိသည့် အုပ်ချုပ်ရေးစနစ် ဖြစ်ပါကြောင်း၊ တရားမျှတမှုသည် လူတိုင်းနှင့် သက်ဆိုင်ပါကြောင်း၊ တရားမျှတသည့် လူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်မှ ဒီမိုကရေစီစနစ် ခိုင်မြဲမည်ဖြစ်ပါကြောင်း၊ လူသားတိုင်းကို တရားမျှတမှုပေးနိုင်မှ လူမှုအဖွဲ့အစည်း ခိုင်မာတောင့်တင်းမည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီစနစ်တွင် အဆင့်အတန်းညီမျှမှု၊ အခွင့်အလမ်းညီမျှမှု၊ ဥပဒေအရ ညီမျှမှုရှိရမည်ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးမှ ဒီမိုကရေစီခိုင်မြဲမည်၊ လူ့အခွင့်အရေးတောင့်တင်းမည်ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးတို့သည် တစ်ခုနှင့်တစ်ခု ချိတ်ဆက်နေပါကြောင်း၊ တရားဥပဒေစိုးမိုးမှုမရှိလျှင် ဒီမိုကရေစီ အခွင့်အရေး ဆုံးရှုံးသွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တရားဥပဒေစိုးမိုးရေးကို မဖြစ်မနေ လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ အုပ်ချုပ်မှုစနစ်သည် တရားဥပဒေစိုးမိုးရေးကို အထောက်အကူဖြစ်သည့် အုပ်ချုပ်ရေးယန္တရားဖြစ်ရန် လိုအပ်ပါကြောင်း၊ ထို့အတူ အုပ်ချုပ်ရေးယန္တရားသည် လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သည့် ယန္တရားဖြစ်ရမည်ဖြစ်ပါကြောင်း၊ သို့မှသာ ဒီမိုကရေစီပန်းတိုင်သို့ ရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း။

**ပြည်သူကိုအလုပ်အကျွေးပြု**

ဒီမိုကရေစီစနစ်တွင် ပြည်သူသာလျှင်အမိ၊ ပြည်သူသာလျှင်အဖဖြစ်ပါကြောင်း၊ ပြည်သူက တာဝန်ပေးသည့်အတွက် မိမိတို့အားလုံး တာဝန်ထမ်းဆောင်နေရခြင်းဖြစ်ပါကြောင်း၊ အုပ်ချုပ်ရေးမဏ္ဍိုင်သည် ပြည်သူကို ဗဟိုပြုရမည်၊ အလုပ်အကျွေးပြုရမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ ဝန်ဆောင်မှုသည် ပြည်သူကိုအလုပ်အကျွေးပြုသည့် ဝန်ဆောင်မှုသာဖြစ်ရမည်ဖြစ်ပါကြောင်း၊ ပြည်သူကပေးသည့်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ရန် လိုအပ်ပါကြောင်း။

နိုင်ငံတော်၏ဘဏ္ဍာငွေများကို လေလွင့်ဆုံးရှုံးမှုမရှိအောင်လည်း ထိန်းသိမ်းကြရမည်ဖြစ်ပါကြောင်း၊ ဝေဖန်ထောက်ပြခြင်းသည် အစိုးရကို တိုက်ခိုက်ခြင်း၊ ပုတ်ခတ်ခြင်းမဟုတ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွင် အခြေခံ Mindset များကိုလည်း ပြောင်းလဲပစ်ရမည်ဖြစ်ပါကြောင်း၊ အားလုံးလိုက်ပါ မပြောင်းလဲပါက အောင်မြင်နိုင်မည်မဟုတ်ပါကြောင်း၊ အစိုးရအဖွဲ့တစ်ဖွဲ့ အပေါ်ပိုင်းပြောင်းရုံနှင့် ပြုပြင်ပြောင်းလဲပြီဟု ပြော၍မရပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့သည် မူဝါဒချခြင်း၊ လုပ်ငန်းလမ်းညွှန်ခြင်းတို့ကိုသာ ဆောင်ရွက်ပါကြောင်း၊ လက်တွေ့အကောင်အထည်ဖော်ကြရသည်မှာ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများသည် ပြည်ထောင်စုအစိုးရ၏ မူဝါဒများကို အကောင်အထည်ဖော်ရန် တာဝန်ရှိပါကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများက အကောင်အထည်မဖော်နိုင်ပါက ပြုပြင်ပြောင်းလဲရေးမှာ ခရီးမရောက်နိုင်ပါကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများ၏ ဆုံးဖြတ်ချက်၊ ဆောင်ရွက်ချက်မှန်ကန်မှု၊ မြန်ဆန်မှုတို့အပေါ် မူတည်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။

မိမိတို့ တာဝန်ပေးလိုက်သည့် လုပ်ငန်းတစ်ခု မည်မျှပြီးပြီ၊ မည်သည့်နေရာသို့ ရောက်နေသည်၊ မည်မျှအချိန်ကြာသည်၊ မပြီးသေးဘူးဆိုပါကလည်း မည်သည့်အတွက်ကြောင့် ကြန့်ကြာနေသည်၊ မည်သူ့တွင် တာဝန်ရှိသည်ဆိုသည်ကို Follow up လိုက်ရမည်ဖြစ်ပါကြောင်း၊ လိုအပ်ပါက အဆင့်ဆင့် ကြပ်မတ်စစ်ဆေးခြင်းများ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ သို့မှသာ လုပ်ငန်းများ လျင်မြန်စွာပြီးပြတ်မည်ဖြစ်ပါကြောင်း။

စာမျက်နှာ ၄ သို့ ❍

**“ မိမိတို့သွားချင်သည့် အုပ်ချုပ်ရေးစနစ်မှာ နိုင်ငံရေး တရားမျှတမှု၊ စီးပွားရေး တရားမျှတမှု၊ လူမှုရေးတရားမျှတမှုရှိသည့် အုပ်ချုပ်ရေးစနစ် ဖြစ်ပါကြောင်း၊ တရားမျှတမှုသည် လူတိုင်းနှင့် သက်ဆိုင်ပါကြောင်း၊ တရားမျှတသည့် လူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်မှ ဒီမိုကရေစီစနစ် ခိုင်မြဲမည်ဖြစ်ပါကြောင်း၊ လူသားတိုင်းကို တရားမျှတမှုပေးနိုင်မှ လူမှုအဖွဲ့အစည်း ခိုင်မာတောင့်တင်းမည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီစနစ်တွင် အဆင့်အတန်းညီမျှမှု၊ အခွင့်အလမ်းညီမျှမှု၊ ဥပဒေအရ ညီမျှမှုရှိရမည်ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးမှ ဒီမိုကရေစီခိုင်မြဲမည်၊ လူ့အခွင့်အရေးတောင့်တင်းမည်ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးတို့သည် တစ်ခုနှင့်တစ်ခု ချိတ်ဆက်နေပါကြောင်း၊ တရားဥပဒေစိုးမိုးမှုမရှိလျှင် ဒီမိုကရေစီအခွင့်အရေး ဆုံးရှုံးသွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တရားဥပဒေစိုးမိုးရေးကို မဖြစ်မနေ လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ အုပ်ချုပ်မှုစနစ်သည် တရားဥပဒေစိုးမိုးရေးကို အထောက်အကူဖြစ်သည့် အုပ်ချုပ်ရေးယန္တရားဖြစ်ရန် လိုအပ်**

○ စာမျက်နှာ ၃ မှ

ပြုပြင်ပြောင်းလဲမှု အောင်မြင်အောင် တိုက်တွန်းနေရခြင်းမှာ မိမိတို့ နိုင်ငံသူ နိုင်ငံသားများ ကမ္ဘာ့အလယ်တွင် တင့်တယ်စေလိုသည့်အတွက်ကြောင့် ဖြစ်ပါကြောင်း၊ ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များအနေဖြင့် မိမိတို့၏ လက်အောက်ငယ်သားများကို ၎င်းတို့၏ စိတ်ခံယူချက်များကို ပြောင်းလဲအောင် ညွှန်ပြပေးရန်လိုအပ်ပါကြောင်း၊ ထို့ပြင် ခေါင်းဆောင်များအနေဖြင့် မိမိတို့၏ လက်အောက်ငယ်သားများနှင့် သဟဇာတဖြစ်စွာ ပြောဆိုဆက်ဆံရန်လည်းလိုအပ်ပါကြောင်း၊ သို့မှသာ မိမိတို့၏ ပြုပြင်ပြောင်းလဲမှုခရီးသည် အောင်မြင်ချောမွေ့ပြီး မြန်မြန်ခရီးရောက်မည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီအခြေခံအုတ်မြစ် တောင့်တင်းခိုင်မာပြီး အချုပ်အခြာအာဏာသည် ပြည်သူ့၏လက်ဝယ်တွင်သာ ရှိစေလိုပါကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်က တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေးက လွှတ်တော်ရေးရာလုပ်ငန်းများ ဆောင်ရွက်မှုကိုလည်းကောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးတင်အောင်က တရားလွှတ်တော်ရေးရာလုပ်ငန်းများ ဆောင်ရွက်မှုကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်အား ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာနမှ တာဝန်ရှိသူများက ထားဝယ်မြို့ပြည်သူ့ဆေးရုံကြီး ငါးထပ်ဆောင်ဆောက်လုပ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက သိမ်းဆည်းခံလယ်ယာမြေများနှင့်ပတ်သက်ပြီး နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒများရှိပါကြောင်း၊ ယင်းမူဝါဒများနှင့်အညီ သိမ်းဆည်းလယ်ယာမြေကိစ္စများကို မှန်မှန်ကန်ကန် စိစစ်ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ စွန့်လွှတ်သည့်မြေများကို မူလပိုင်ရှင်များလက်ဝယ်သို့ မြန်မြန်ဆန်ဆန်ရောက်ရှိအောင် ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း။

### ကြပ်မတ်ဆောင်ရွက်

တနင်္သာရီတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်မပျက်စီးအောင်၊ သန္တာကျောက်တန်းများ မပျက်စီးအောင် သတိပြု၍ ဂရုတစိုက် ဆောင်ရွက်သင့်ကြောင်း၊ ထို့ပြင် ကျွန်းများတွင် အမှိုက်များ၊ ပလတ်စတစ်စွန့်ပစ်ခြင်းများမရှိအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကျွန်းစုများသည် နိုင်ငံတော်ပိုင်ဖြစ်ပါကြောင်း၊ ယင်းအပေါ်တွင် လုပ်ငန်းလုပ်ပိုင်ခွင့်ပေးထားခြင်းသာ ဖြစ်ပါကြောင်း၊ လုပ်ပိုင်ခွင့်ကို အလွဲသုံးစား မဖြစ်စေလိုပါကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ သယံဇာတများသည် တိုင်းဒေသကြီးနှင့် နိုင်ငံတော်အတွက်သာ ဖြစ်စေရမည်ဖြစ်ပါကြောင်း၊ ငါးသယံဇာတများ နစ်နာဆုံးရှုံးမှုမရှိစေရေးအတွက်လည်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ သယံဇာတများကို စနစ်တကျထိန်းသိမ်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်နှိမ်နင်းရေး၊ နယ်စပ်ဂိတ်များ လူဝင်/လူထွက် စနစ်တကျစိစစ်ရေး၊ နယ်ဘက်အုပ်ချုပ်ရေးကိစ္စရပ်များ စနစ်တကျရှိစေရေးတို့ကိုလည်း ကြပ်မတ်ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း။

ဥပဒေပြုသူများအနေဖြင့်လည်း တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဥပဒေပြုရေး၊ အပြန်အလှန်ထိန်းကျောင်းရေးလုပ်ငန်းများကို ဘောင်မကျော်ဘဲ ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ တရားရေးကဏ္ဍတွင်လည်း လူ့အခွင့်အရေးကို မြှင့်တင်ကာကွယ်ပေးရမည် ဖြစ်ပါကြောင်း၊ တရားသူကြီးများအနေဖြင့် ရဲစခန်းအချုပ်၊ ရဲအချုပ်၊ ရဲဘက်စခန်းတို့တွင် လူ့အခွင့်အရေး ဆုံးရှုံးမှုမရှိစေရေး စစ်ဆေးကြပ်မတ်ပေးစေလိုပါကြောင်း၊ ဘက်လိုက်မှုကင်းသည့် တရားစီရင်ရေးဖြစ်ရန်လိုကြောင်း၊ သက်သေခံပစ္စည်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဘဏ္ဍာငွေ ဆုံးရှုံးမှုမရှိစေရေး အချိန်နှင့်တစ်ပြေးညီ စီမံခန့်ခွဲဆောင်ရွက်စေလိုပါကြောင်း။

### အားကြိုးမာန်တက် တက်ညီလက်ညီ

မိမိတို့ ပခုံးပေါ်ကျရောက်လာသည့် သမိုင်းပေးတာဝန်တစ်ခုကို ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တာဝန်ရှိပုဂ္ဂိုလ်များအားလုံး အားကြိုးမာန်တက် တက်ညီလက်ညီ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ကြိုးစားဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

### လှည့်လည်ကြည့်ရှုစစ်ဆေး

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတသည် ထားဝယ်မြို့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိရာ ပြည်သူ့ဆေးရုံကြီး တိုးချဲ့ဆောင်အသစ်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဇော်က ထားဝယ်မြို့ပြည်သူ့ဆေးရုံကြီး ငါးထပ်ဆောင် အဆောက်အဦ ဆောက်လုပ်နေမှု၊ ဘဏ္ဍာနှစ်အလိုက် ဘတ်ဂျက်ရရှိမှု၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ထားဝယ်မြို့ ပြည်သူ့ဆေးရုံကြီး ငါးထပ်ဆောင် အဆောက်အဦအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

### ထောက်ပံ့ငွေများ ပေးအပ်

ယင်းနောက် နိုင်ငံတော်သမ္မတသည် ထားဝယ်မြို့ ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူနေကြသည့် လူနာများကို လိုက်လံအားပေးစကား ပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ထိုင်းနိုင်ငံနယ်စပ် ထီးခီးသို့ နှစ်လမ်းသွားကားလမ်းဖောက်လုပ်မည့် စီမံကိန်းလမ်းပိုင်းအား မော်တော်ယာဉ်များဖြင့် သွားရောက်ကြည့်ရှုစစ်ဆေးသည်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်အား ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ထိုင်းနိုင်ငံနယ်စပ် ထီးခီးသို့ဆက်သွယ်သည့် နှစ်လမ်းသွားကားလမ်း အဆင့်မြှင့်တင်ခြင်းစီမံကိန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြစဉ်။

### အလေးထားဆောင်ရွက်

နိုင်ငံတော်သမ္မတအား မေတ္တာ-ထီးခီးလမ်း ခမောင်းသွယ်တံတားထိပ် ရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးမြင့်ဟန်က ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ထိုင်းနိုင်ငံနယ်စပ် ထီးခီးသို့ ဆက်သွယ်သည့် နှစ်လမ်းသွားကားလမ်း အဆင့်မြှင့်တင်ခြင်း စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက တိုင်းဒေသကြီးနှင့် ပြည်နယ်များ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းများအချိန်မီပြီးစီးရေး၊ စံချိန်စံညွှန်းပြည့်မီစေရေးနှင့် နိုင်ငံတော်ဘတ်ဂျက်ငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ နယ်မြေဒေသများ ဖွံ့ဖြိုးမှု တည်ငြိမ်အေးချမ်းမှုရရှိမည်ဖြစ်ပြီး တည်ငြိမ်အေးချမ်းမှုရှိမှသာ ငြိမ်းချမ်းသာယာမည်ဖြစ်သည့်အတွက် နယ်မြေဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားသည်။

**သတင်းစဉ်**

**သယံဇာတများကို စနစ်တကျ ထိန်းသိမ်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်နှိမ်နင်းရေး၊ နယ်စပ်ဂိတ်များ လူဝင်/လူထွက် စနစ်တကျစိစစ်ရေး၊ နယ်ဘက်အုပ်ချုပ်ရေးကိစ္စရပ်များ စနစ်တကျရှိစေရေးတို့ကိုလည်း ကြပ်မတ်ဆောင်ရွက်သွားကြရန် တိုက်တွန်း**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပ

## နိုင်ငံတကာမှ ကျွမ်းကျင်သူ (သို့မဟုတ်) အကြံပေးပုဂ္ဂိုလ်တို့နှင့်ပတ်သက်၍ ပြည်သူလူထုအနေဖြင့် ပွင့်လင်းမြင်သာစွာ သိလိုခြင်းနှင့်စပ်လျဉ်းပြီး ရှင်းလင်းဖြေကြား

**နေပြည်တော် မေ ၃**

ယနေ့ ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ အဆို နှစ်ခုတင်သွင်းခြင်းနှင့် အစီရင်ခံစာ တစ်ခု ဖတ်ကြားတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး ဇော်ဝင်းနိုင်၏ **၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁၆) “နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ”အရ တာဝန်ပေးအပ်ထားသည့် နိုင်ငံတကာမှ ကျွမ်းကျင်သူ (သို့မဟုတ်) အကြံပေးပုဂ္ဂိုလ်တို့နှင့်ပတ်သက်၍ ပြည်သူလူထုအနေဖြင့် ပွင့်လင်းမြင်သာစွာ သိလိုခြင်း**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစောဗယ်လင်တိုးက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနတွင် မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်အား ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးအတွက် Management Plan ရေးဆွဲရန် နီပေါနိုင်ငံသား ပြည်ပပညာရှင်တစ်ဦးနှင့် Nomination Dossiser ရေးသားရန် အိန္ဒိယနိုင်ငံသူ ပြည်ပပညာရှင်တစ်ဦး စုစုပေါင်း ပညာရှင် နှစ်ဦးအား ၂၀၁၈ ခုနှစ် ဇွန်လမှ ၂၀၁၉ ခုနှစ် ဇွန်လအထိ တစ်နှစ် ငှားရမ်းခဲ့ပြီး နိုင်ငံတော်ဘဏ္ဍာငွေဖြင့် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၃၆၃၇၀ နှင့် ညီမျှသော မြန်မာကျပ်ငွေဖြင့် ချီးမြှင့်ပေးအပ်ခဲ့ပါကြောင်း။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာစိုက်ပျိုးရေးကဏ္ဍအနေဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၌ Sanyu Consultants Inc; Korea Rural Community Corporation,Nippon Koei Co.,Ltd, Mekong Economics Hong Co.,Ltd စသည့် အဖွဲ့အစည်း လေးခုရှိပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၌ တစ်ဦး၊ စိုက်ပျိုးရေးဦးစီးဌာန၌ ၂၈ ဦး၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ ငါးဦး၊ မွေးမြူရေးနှင့် ကျေးလက်ကဏ္ဍအနေဖြင့် ငါးလုပ်ငန်းဦးစီးဌာန၌ ငါးဦး၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌ တစ်ဦးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ ငါးဦး စုစုပေါင်း ၄၅ ဦးရှိပါကြောင်း၊ အဆိုပါပုဂ္ဂိုလ် ၄၅ ဦးအား ချီးမြှင့်ငွေပေးနေရသော လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေ စုစုပေါင်းပမာဏသည် စီမံကိန်းဆောင်ရွက်သည့်ကာလအတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၀၅၉ သန်း၊ ယူရို သုည ဒသမ ၄၄၇ သန်း၊ ဩစတြေးလျဒေါ်လာ သုည ဒသမ ၀၀၃ သန်းနှင့် ဂျပန်ယန်း ၅၁၂ ဒသမ ၃၄၈ သန်းဖြစ်ပါကြောင်း၊ လစာ၊ စရိတ်၊ ချီးမြှင့်ငွေ အများဆုံးပမာဏနှင့် အနည်းဆုံးချီးမြှင့်ခံရသူရရှိသည့် ပမာဏနှင့် စပ်လျဉ်း၍ လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေများမှာ စီမံကိန်းဆောင်ရွက်မည့် ကာလအလိုက် ပေးရခြင်းဖြစ်ပြီး အချို့ အထောက်အပံ့စီမံကိန်းများတွင် သက်ဆိုင်ရာအဖွဲ့အစည်းများမှ လစာ၊ စရိတ်များအားပေးချေခြင်း၊ Volunteer Staff အဖြစ် ဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံအနေဖြင့် ရန်ပုံငွေမှ လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေများ ကျခံမှုမရှိခြင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများမှ လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေစာရင်းများအား မသိရှိနိုင်ခြင်းလည်းရှိပါကြောင်း။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် ပြည်ပအကူအညီရငွေ EIF Tier I Project အတွက် နိုင်ငံခြားသား ကျွမ်းကျင်ပညာရှင် ပြင်သစ်လူမျိုး တစ်ဦးအား စာချုပ်ဖြင့် ၂၀၁၈ ခုနှစ် စက်တင်ဘာလမှ ၂၀၁၉ ခုနှစ် ဇူလိုင်လ ကာလအတွင်း ၄၆ ရက် အတွက် ညဏ်ပူဇော်ခ တစ်ရက်လျှင် USD ၇၅၀ နှုန်း၊ မြန်မာနိုင်ငံတွင် လာရောက်နေထိုင်၍ အလုပ်လုပ်သည့်နေ့အတွက် နေ့တွက်စရိတ် (ဟိုတယ်ခ၊ စားသောက်စရိတ်နှင့် သယ်ယူပို့ဆောင်စရိတ်အပါအဝင်) တစ်ရက်လျှင် USD ၁၅၀ နှုန်းနှင့် ညီမျှသောကျပ်ငွေကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) မှ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအတွက် အကူအညီပေးသော Enhanced Integrated Framework (EIF) ရန်ပုံငွေမှ ကျခံသုံးစွဲပေးချေပါကြောင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနတွင် လက်ရှိအားကစားနည်း ၁၁ နည်းအတွက် နိုင်ငံခြားသားအားကစားနည်းပြဆရာ ၁၈ ဦးကို ခန့်ထားပြီး အားကစားနှင့် ကာယပညာဦးစီးဌာန၏ ရသုံးမှန်းခြေစာရင်း(သာမန်အသုံးစရိတ်) (၀၃-၃၀) နိုင်ငံခြားသား အတိုင်ပင်ခံစရိတ်မှ (တစ်လ ဒေါ်လာ ၂၀၀၀ အပါအဝင် နေထိုင်စားသောက်စရိတ် တစ်လကျပ်နှစ်သိန်းနှင့် လေယာဉ်အသွား၊ အပြန်စရိတ်) ကျခံသုံးစွဲပြီး နိုင်ငံတော်မှ သတ်မှတ်နှုန်းထား(ဒေါ်လာ ၂၀၀၀) ထက် ကျော်လွန်သော ကုန်ကျစရိတ်များကို သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များမှ ကျခံပါကြောင်း၊ အဆိုပါနည်းပြ ၁၈ ဦးအနက် Japan International Cooperation Agency (JICA) မှ နည်းပြဆရာ ခုနစ်ဦးနှင့် Korea International Cooperation Agency (KOICA) မှ နည်းပြဆရာ သုံးဦး စုစုပေါင်း ၁၀ ဦးတို့၏ ကုန်ကျစရိတ်ကို JICA နှင့် KOICA အစီအစဉ်ဖြင့် ကျခံသုံးစွဲပါကြောင်း။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ်တွင် ဂျပန်နိုင်ငံသား ငါးဦးအား JICA (ODA) ချေးငွေအကူအညီအောက်မှ အကြံပေးငှားရမ်းခ ဂျပန်ယန်း ၁၇၆ သန်းဖြင့် လည်းကောင်း၊ အမေရိကန်နိုင်ငံသား တစ်ဦး၊ ဗြိတိန်နိုင်ငံသား တစ်ဦးနှင့် မြန်မာနိုင်ငံသား နှစ်ဦးတို့အား ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုခေတ်မီဖွံ့ဖြိုးရေးစီမံကိန်းအောက်မှ အမေရိကန်ဒေါ်လာ ၈၉၃၇၄၀ ဖြင့်လည်းကောင်း ငှားရမ်းခန့်အပ်ထားပါကြောင်း၊ ရသုံးမှန်းခြေငွေ



တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူး ဇော်ဝင်းနိုင်



ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစောဗယ်လင်တိုး



အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး



ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း

စာရင်းဦးစီးဌာနတွင် The World Bank နှင့် MDTF တို့၏ အကူအညီဖြင့် ပစ္စည်းဝယ်ယူမှုဆိုင်ရာအကြံပေး တစ်ဦးအား ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု ခေတ်မီဖွံ့ဖြိုးရေးစီမံကိန်းအောက်မှ USD ၃၁၉၆၀၀ ဖြင့် ငှားရမ်းခန့်အပ်ဆောင်ရွက်ခဲ့ပါကြောင်း၊ အကောက်ခွန်ဦးစီးဌာနတွင် ၂၀၁၇ ခုနှစ်မှစ၍ ဂျပန်နိုင်ငံ JICA ၏ ကူညီထောက်ပံ့မှုဖြင့် ဂျပန်နိုင်ငံသား သုံးဦးကို JICA ထောက်ပံ့ငွေဖြင့် ငှားရမ်းခန့်အပ် ဆောင်ရွက်ခဲ့ပါကြောင်း။

ပြည်တွင်းအခွန်များဦးစီးဌာနတွင် နယူးဇီလန်နိုင်ငံသား တစ်ဦး၊ ဩစတြေးလျနိုင်ငံသား နှစ်ဦးနှင့် တောင်အာဖရိကနိုင်ငံသား တစ်ဦး စုစုပေါင်း လေးဦးကို ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေစုစုပေါင်း USD ၇၁၁၅၄၅ ဖြင့် ငှားရမ်းခဲ့ပါကြောင်း၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနတွင် ကျွမ်းကျင်ပညာရှင် ခြောက်ဦးကို ခန့်ထားပြီး သုံးဦးကို JICA မှ စရိတ်ကျခံ၍လည်းကောင်း၊ တစ်ဦးကို Livelihood and Food Security Trust Fund (LIFT) စရိတ်ဖြင့်လည်းကောင်း၊ နှစ်ဦးကို The World Bank အကူအညီဖြင့်လည်းကောင်း ခန့်အပ်ထားပါကြောင်း၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံးတွင် မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းနှင့် စျေးကွက်စုံစမ်းထောက်လှမ်းရေးခိုင်မာအားကောင်းလာစေရန်အတွက် JICA၏ ထောက်ပံ့မှုဖြင့် အကြံပေး တစ်ဦး ခန့်အပ်ထားပါကြောင်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနတွင် ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှစတင်၍ ပြည်ပပညာရှင် တစ်ဦး ခန့်ထားပြီး လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေများကို နိုင်ငံတော်မှ ကျခံသုံးစွဲခြင်းမရှိဘဲ သက်ဆိုင်ရာအဖွဲ့အစည်းများမှ ကျခံသုံးစွဲပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနတွင် နိုင်ငံခြားချေးငွေ၊ ထောက်ပံ့ငွေများဖြင့် စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် နိုင်ငံတကာမှ ကျွမ်းကျင်သူ (သို့မဟုတ်) အကြံပေးပုဂ္ဂိုလ်များခန့်ရာတွင် အပြည်ပြည်ဆိုင်ရာကန်ထရိုက် စည်းမျဉ်းစည်းကမ်းများနှင့်အညီ တင်ဒါခေါ်ယူပြီး ဝင်ရောက်ယှဉ်ပြိုင်ကာ အောင်မြင်ထားသော စီမံကိန်းအကြံပေးအဖွဲ့များကို စီမံကိန်းကာလအတိုင်း စာချုပ်ချုပ်ဆို၍ ခန့်အပ်ထားရှိပြီး စီမံကိန်းလုပ်ငန်းဆောင်ရွက်ပြီးစီးပါက ဆက်လက်ခန့်အပ်ထားခြင်းမရှိတော့ပါကြောင်းနှင့် နိုင်ငံတကာမှ ကျွမ်းကျင်သူ (သို့မဟုတ်) အကြံပေးပုဂ္ဂိုလ်များ ခန့်ထားတာဝန်ပေးထားခြင်း မရှိပါကြောင်း။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့် နော်ဝေနိုင်ငံ စာရင်းစစ်ချုပ်ရုံးတို့အကြား အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှုကို ရည်ရွယ်၍ ငါးနှစ်သက်တမ်းရှိ နားလည်မှုစာချွန်လွှာကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး နားလည်မှုစာချွန်လွှာအရ ပူးပေါင်းဆောင်ရွက်မည့်နယ်ပယ်များတွင် ရည်မှန်းချက်များ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးပေးနိုင်ရန် နော်ဝေနိုင်ငံစာရင်းစစ်ချုပ်ရုံးမှ ကျွမ်းကျင်ပညာရှင် တစ်ဦးကို ၂၀၁၇ ခုနှစ် မေ ၂ ရက်မှ စတင်ခန့်အပ်ပေး၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး လစာမှာ တစ်လလျှင် အမေရိကန်ဒေါ်လာ ၁၀၃၆၆ ဖြစ်၍ အဆိုပါလစာကို နော်ဝေနိုင်ငံစာရင်းစစ်ချုပ်ရုံးမှ ပေးချေခြင်းဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ကျန်ရှိသည့် ဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ နိုင်ငံတကာမှ ကျွမ်းကျင်သူ (သို့မဟုတ်) အကြံပေးပုဂ္ဂိုလ်များအား ခန့်အပ်တာဝန်ပေးထားခြင်း မရှိပါကြောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် သီးခြားဖြေကြားရန်မရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး၏ **ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်များတွင် ဘွဲ့ကြိုတန်း(ညနေသင်တန်း)များအား တာဝန်ယူဖွင့်လှစ်နိုင်သည့် တက္ကသိုလ်များရှိပါက ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အဆင့်မြင့်ပညာဦးစီးဌာန၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်တို့ ပူးပေါင်း၍ ဖွံ့ဖြိုးမှုပညာမဟာဘွဲ့ (MDevS) သင်တန်းအမှတ်စဉ်များကို နေပြည်တော်တွင် အပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေနေ့များ၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း။

### အဆင့်မြင့်ပညာဦးစီးဌာနရှိ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်များတွင် အဝေးသင်တန်းများနှင့် နေ့စဉ်သင်တန်းများကိုပူးပေါင်း၍ one campus, two system စတင်ကျင့်သုံးနေပြီဖြစ်

အဆင့်မြင့်ပညာဦးစီးဌာနရှိ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်များတွင် အဝေးသင်တန်းများနှင့် နေ့စဉ်သင်တန်းများကိုပူးပေါင်း၍ one campus, two system စတင်ကျင့်သုံးနေပြီဖြစ်ပါကြောင်း၊ ယခု ပညာသင်နှစ်မှစတင်၍ ပထမနှစ်သင်တန်းနှစ်များ အားလုံးအတွက် ကျောင်းအပ်လက်ခံခြင်း၊ သင်တန်းပို့ချခြင်း၊ စာစဉ်ပြုစုခြင်း၊ စာစဉ်စစ်ဆေးခြင်း၊ စာတွေ့လက်တွေ့သင်ကြားမှုများဆောင်ရွက်ခြင်း၊ မေးခွန်းလွှာပြုစုခြင်း၊ စာမေးပွဲကျင်းပခြင်း၊ အဖြေလွှာစစ်ဆေးခြင်း၊ အောင်စာရင်းထုတ်ပြန်ခြင်း၊ ဘွဲ့နှင်းသဘင်ကျင်းပခြင်း စသည့် လုပ်ငန်းစဉ်များအားလုံးကို သက်ဆိုင်ရာတက္ကသိုလ်များတွင် စတင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

အဆင့်မြင့်ပညာဦးစီးဌာန၊ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်အသီးသီးရှိတွင် သင်ကြားရေး ဆရာ ဆရာမများအပေါ်မူတည်၍ လည်းကောင်း၊ သင်ကြားရန် အခြေအနေပေးမှုအပေါ်မူတည်၍ လည်းကောင်း၊ ဒေသအတွက် လိုအပ်ချက်ရှိမှုအပေါ်မူတည်၍ လည်းကောင်း တက်ရောက်မည့် သင်တန်းသားနှင့် ဘာသာရပ်အခြေအနေအပေါ်မူတည်ပြီး ဘွဲ့ကြိုတန်း (ညနေသင်တန်း)များအား တိုးမြှင့်ဖွင့်လှစ်နိုင်ရန်အတွက် ဆက်လက်စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး၊ ဒလမဲဆန္ဒနယ်မှ ဒေါက်တာဦးစိန်မြအေး၊ တံတားဦးမဲဆန္ဒနယ်မှ ဒေါ်စိုးနွယ်အေး၊ ရေဦးမဲဆန္ဒနယ်မှ ဒေါက်တာဦးမင်းသိန်းနှင့် လွိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစောဗယ်လင်တိုးနှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းတို့က ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်က **ပေးအပ်သောဘွဲ့နှင့်လျော်ညီသော ပညာအရည်အသွေး သင်ပေးနိုင်စေရန်အတွက် အဆင့်မြင့်ပညာသင်တက္ကသိုလ်၊ ကောလိပ်များတွင် စာတွေ့များကာ၊ လက်တွေ့မျှတစေရန် သင်ထောက်ကူပစ္စည်းများဖြည့်ခြင်း၊ လက်တွေ့ဆောင်ရွက်ခိုင်းမှုများ၊ ကွင်းဆင်းလေ့လာမှုများ၊ စာတမ်းတင်ခိုင်းမှုများ ပြုလုပ်၍ အဆင့်မြင့်ပညာမြှင့်တင်မှုကို ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုတင်သွင်းသည်။

ဆက်လက်၍ အလုံမဲဆန္ဒနယ်မှ ဦးရဲလွင်က အဆိုအား လက်ခံဆွေးနွေးနိုင်ရန် ထောက်ခံတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းအဆိုနှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ဆိပ်ဖြူမြို့နယ်မှ ဦးအောင်သိုက်က **မြန်မာနိုင်ငံမှာ သမိုင်းဘာသာနှင့် ပထဝီဝင်ဘာသာအကြောင်း တတ်သိကျွမ်းကျင်သော ပညာရှင်များ ကမ္ဘာ့အလယ်မှာ ပေါ်ထွန်းလာစေရန် သမိုင်းဘာသာနှင့် ပထဝီဝင်ဘာသာကို အခြေခံပညာအလယ်တန်းအဆင့်တွင် ယခုထက်ပိုမိုသင်ကြားနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုတင်သွင်းရာတွင် မြန်မာလူမျိုးတို့သည် ကိုယ့်ထီးကိုယ့်နန်း နှင့် နေထိုင်ခဲ့ကြသူများဖြစ်ပြီး တိုင်းတစ်ပါးသားတို့၏ ကျွန်ဖြစ်ခဲ့ရခြင်းကို ရှပ်ရှပ်ချွံချွံ တွန်းလှန်တိုက်ပွဲဝင်ပုံ၊ လွတ်လပ်ရေးရအောင်ယူခဲ့ကြပုံများကို **စာမျက်နှာ ၆ သို့** ❖

# ကျောက်တော်မြို့နယ် ပိန္နဲချောင်း - ကြောင်စွယ်ဖြူလမ်းအား ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်သွားမည်

**နေပြည်တော် မေ ၃**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမဌကျင်းပရာ လွှတ်တော်ကိုယ်စားလှယ် ငါးဦးမေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းများအား ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ပြန်လည်ရှင်းလင်းဖြေကြားခြင်းနှင့် အဆို(၁)ခု တင်သွင်းခြင်း တို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီတွင် **တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးချုပ် သက်နိုင်အစား ဗိုလ်မှူးချုပ်ညွန့်ဆွေအား** အဖွဲ့ဝင်အဖြစ် အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်သို့တင်ပြ၍ အတည်ပြုချက် ရယူသည်။

ထို့နောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၏ **ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်အတွင်း ကျေးရွာချင်းဆက်လမ်းဖြစ်သည့် ပိန္နဲချောင်း-ကြောင်စွယ်ဖြူလမ်း ၁၉ မိုင်ထဲမှ ကွန်ကရစ်လမ်းနှစ်မိုင်၊ ကျောက်ချောလမ်းနှစ်မိုင်နှင့် မြေသားလမ်းနှစ်မိုင်တို့ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ဖောက်လုပ်ပေးရန် အစီအစဉ်ရှိမရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက ပိန္နဲချောင်း-ကြောင်စွယ်ဖြူလမ်း အရှည် ၁၉ မိုင်သည် ကွန်ကရစ်လမ်းနှစ်မိုင်နှင့် မိုင်တိုင်အမှတ် (၂/၀)မှ (၄/၀)အထိ ကျောက်လမ်းနှစ်မိုင် ပါဝင်ပြီး ကျန်လမ်းပိုင်းသည် ကျေးရွာချင်းဆက် မြေသားလမ်း ဖြစ်ပါကြောင်း၊ လမ်းအဆင့်မြှင့်တင်ပြီးပါက ကျေးရွာသုံးရွာ၊ အိမ်ခြေ ၂၃၂ အိမ်၊ လူဦးရေ ၄၆၀၀ ကျော် တို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း။

ပိန္နဲချောင်း - ကြောင်စွယ်ဖြူလမ်းအား ကျောက်တန်းကျေးရွာမှ စစ်အောင်ကျေးရွာအထိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ၁ မိုင် ၅ ဖာလုံနှင့် သာဒါဆိပ်ကျေးရွာမှ ကသစ်တောကျေးရွာအထိ မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်း နှစ်မိုင်တို့ကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေတွင် တင်ပြထားပြီး ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ်၏ **စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် မြို့မ ၁၃ ရပ်ကွက် နန်းဖာလုံနှင့် သာယာကုန်းကျေးရွာသို့ ဆက်သွယ်ထားသော လမ်းမပေါ်ရှိ ချောင်းကူး တံတားအား အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိမရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသည့် ပြည်တော်သာသစ်သားချောင်းကူးတံတားသည် တမူးခရိုင် တမူးမြို့နယ် မြို့မ ၁၃ ရပ်ကွက်မှ ချောင်းနက်ကြီး - အူစူး - သာယာကုန်း ဂဝံလမ်းအရှည် ၆ မိုင် ၄ ဖာလုံကျေးလက်လမ်းပေါ်တွင် တည်ရှိသည့်တံတားဖြစ်ပြီး တမူး- စေတီလမ်းမကြီးတို့နှင့် ဆက်သွယ်လျက်ရှိပါကြောင်း။

အဆိုပါ တံတားသည် လမ်းအဆင့်သတ်မှတ်ချက်အရ Class (A) ဦးစားပေးအဆင့်(၁)လမ်းပေါ်တွင် တည်ရှိသဖြင့် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေတွင် တင်ပြပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ကွန်ကရစ်တံတားအဖြစ် အသစ်ပြန်လည်တည်ဆောက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလင်းတင်ဌေး၏ **မွန်ပြည်နယ် မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ်အတွင်းရှိ ကမာကေး-ကွင်းကလိန်-ဆယ်ပလာလမ်းပိုင်းအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ကတ္တရာလမ်းခင်းပေးရန် အစီအစဉ်ရှိမရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ဒုတိယဝန်ကြီးက ကမာကေး - ကွင်းကလိန် - ဆယ်ပလာလမ်းသည် လမ်းအဆင့်သတ်မှတ်ချက်အရ Class (A) ဦးစားပေးအဆင့် (၁)တွင် ပါဝင်သဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် မွန်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေတွင် ဆက်လက်ထည့်သွင်းလျာထားပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ကတ္တရာလမ်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦးနှင့် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဆွေနိုင်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။



ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမြင့်နိုင်



ဒုတိယဝန်ကြီး ဦးကျော်လင်း



စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးမောင်မောင်လတ်



ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဒေါက်တာ တင်တင်ဝင်း

ထို့နောက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာ တင်တင်ဝင်းက **ကျေးလက်နေအမျိုးသမီးများ၏ လူနေမှုဘဝမြှင့်တင်ရန်၊ စီးပွားရေးတွင် တစ်နိုင်တစ်ပိုင်ပါဝင်ရန်၊ နေရပ်စွန့်ခွာ၍ ရေမြေခြား အလုပ်သွားလုပ်ခြင်းကို လျှော့ချနိုင်ရန်နှင့် အမျိုးသမီးများအတွက် ပတ်ဝန်းကျင်ကောင်းတစ်ခု ဖန်တီးပေးရန် အိမ်တွင်းစီးပွားရေးလုပ်ငန်းများဖော်ဆောင်ဖို့ အသိပေးခြင်း၊ နည်းပညာပေးခြင်း၊ ရင်းနှီးရန်ပုံငွေကြေး ရှာဖွေခြင်း၊ ကုန်ကြမ်းကို ဒေသထွက်အဖြစ် ဖော်ထုတ်ပေးခြင်း၊ ဈေးကွက်ဖော်ဆောင်ပေးခြင်း၊ ဈေးကွက်တည်တံ့အောင်ဆောင်ရွက်ပေးခြင်း၊ သက်ဆိုင်ရာဌာနများ စုပေါင်း၍ ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို** တင်သွင်းရာတွင် မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်တွင် နေထိုင်ပါကြောင်း၊ ကျေးလက်နေအမျိုးသမီးဦးရေသည် မြို့ပြထက်ပိုပါကြောင်း၊ အဆိုတင်သွင်းရသည့်ရည်ရွယ်ချက်အနေဖြင့် ကျေးလက်နေ အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်တင်ရန်၊ မိမိကိုယ်ကို ယုံကြည်မှုရှိရန်၊ တစ်ဖက်နိုင်ငံနှင့် မြို့ပေါ်သို့ အလုပ်သွားရောက်မလုပ်ကိုင်ဘဲ အိုးမကွာ အိမ်မကွာ သင့်တင့်မျှတသော ဝင်ငွေရရှိနိုင်ရန်နှင့် နိုင်ငံ့စီးပွားရေးတွင် ပို့ကုန်မြှင့်တင်ရာတွင် ပါဝင်ရန် ဖြစ်ပါကြောင်း။

ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်မှာ မဲဆန္ဒရှင် ပြည်သူများ၏ ဘဝများကို ထူးခြားပြောင်းလဲသွားစေမည့် လုပ်ငန်းများ လုပ်ဆောင်ရန် ပါဝင်ပါကြောင်း၊ ယခုအဆိုမှာ မဲဆန္ဒရှင် ကျေးလက်အမျိုးသမီးများ၏ဘဝကို ပြောင်းလဲသွားစေလိုသော ဆန္ဒဖြင့် တင်သွင်းခြင်း ဖြစ်ပါကြောင်း၊ အဆိုသည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ရေးဆွဲသော မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဖွံ့ဖြိုးတိုးတက်ရန် စီမံချက် (၂၀၁၈ - ၂၀၃၀)တွင် ငြိမ်းချမ်းရေး၊ စီးပွားဖွံ့ဖြိုးရေး၊ လူထုဗဟိုပြုဒီမိုကရေစီနိုင်ငံဖြစ်ရေးဟူသော ဦးတည်ချက်ကို အထောက်အပံ့ပြုနိုင်မည်ဖြစ်ပါကြောင်း။

ယခုအချိန်သည် ကျေးလက်ကိုစွန့်ခွာ၍ တစ်ရပ်တစ်ကျေးသို့ သွားရောက်အလုပ်လုပ်နေသောကြောင့် ကျေးလက်တွင် လယ်ယာလုပ်သားများ ရှားပါးချိန်လည်း ဖြစ်ပါကြောင်း၊ အမျိုးသမီးများအတွက်လည်း ကျေးလက်တွင် အဆင်မပြေသောကြောင့် မြို့ပြသို့ သွားရောက်၍ တစ်ဖက်နိုင်ငံသို့ သွားရောက်အလုပ်လုပ်ရာတွင် လူကုန်ကူးခံရခြင်း၊ မြို့ပြတွင် ကျူးကျော်များ များပြားလာခြင်း၊ လိင်အကြမ်းဖက်မှုများ ကြုံနေရခြင်းကြောင့် အမျိုးသမီးများဘဝ လုံခြုံမှုမရှိတော့ပါကြောင်း၊ ယခုအတိုင်း ဆက်လက်၍ ကျေးလက်ကို ပစ်ထားမည်ဆိုပါက ကျေးလက်များ ဆိတ်သုဉ်းသွားနိုင်ပါကြောင်း။

ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ အမျိုးသမီးအဖွဲ့များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ ကျွမ်းကျင်ပညာရှင်များ၊ SME ချေးငွေပေးနိုင်သောဌာနများမှ ဟန်ချက်ညီညီစုပေါင်းလုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊ ကုလသမဂ္ဂအဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၊ ပြည်တွင်း၊ ပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်း၊ လူထုအခြေပြုအဖွဲ့အစည်းနှင့် ပုဂ္ဂလိကများထံမှ ဘဏ္ဍာရေးနည်းပညာအကူအညီများကို အစိုးရအဖွဲ့၏ သဘောတူညီမှုဖြင့် ဥပဒေနှင့်အညီ ရယူနိုင်ရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းသည် ကျေးလက်ဥပဒေ အခန်း(၃) အပိုဒ်(၅) ဃ နှင့် ညီပါသဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် အခြားသက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များက ဦးဆောင်၍ ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်က ကျေးလက်နေအမျိုးသမီးများ၏ လူနေမှုဘဝ မြှင့်တင်ရန်အတွက် ပစ္စည်းကိရိယာများ၊ နည်းပညာများ၊ ငွေကြေးအရင်းအနှီးပံ့ပိုးမှုများကို နိုင်ငံတော်မှ မူဝါဒများ ချမှတ်ပြီး လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် လိုအပ်နေပြီဖြစ်သည့်အတွက် အဆိုကို လွှတ်တော်က လက်ခံဆွေးနွေးသင့်ပါကြောင်း ထောက်ခံပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ ဦးအောင်ကြည်ညွန့် က အဆိုသည် ဆွေးနွေး၍ အောင်မြင်သွားပါကလည်း အစိုးရအနေဖြင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရန် အင်မတန်ခက်ခဲမည်ဖြစ်သည့်အတွက် အဆိုကို လွှတ်တော်က အလေးအနက်ထား၍ စဉ်းစားသုံးသပ်သင့်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် လွှတ်တော်ကိုယ်စားလှယ် ရှိသည့်အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ် (၃)အရ မတ်တတ်ရပ်၍ ဆန္ဒပြုသည့်နည်းလမ်းဖြင့် လွှတ်တော်၏ ဆန္ဒရယူမည်ဖြစ်ကြောင်းနှင့် ဆန္ဒရယူရာတွင်လည်း အဆိုကိုလက်ခံဆွေးနွေးရန် သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ်များသည် မိမိတို့နေရာများတွင် မတ်တတ်ရပ်ပြရန် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့ပြင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မတ်တတ်ရပ်ပြသည့် လွှတ်တော်ကိုယ်စားလှယ်သည် ၄၀ နှင့်အထက် ဖြစ်ပါက လက်ခံဆွေးနွေးရန် သဘောတူသည်ဟုလည်းကောင်း၊ ၄၀ မပြည့်လျှင် လက်ခံဆွေးနွေးရန် သဘောမတူဟုလည်းကောင်း လွှတ်တော်သို့ကြေညာမည်ဖြစ်ကြောင်း ပြောကြားပြီး လွှတ်တော်၏အဆုံးအဖြတ်ရယူရာ မတ်တတ်ရပ်ပြသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေသည် ၁၁၀ ရှိပြီး ၄၀ ထက် ကျော်လွန်သည့်အတွက် အဆိုကို လက်ခံဆွေးနွေးရန် သဘောတူကြောင်းကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို မေ ၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

---

❖ စာမျက်နှာ ၅ မှ

ကျောင်းသား ကျောင်းသူများ၏ နှလုံးသားထဲတွင် စွဲထင်နေစေရန်အတွက် သမိုင်းဆရာများက သင်ကြားပေးရမည်ဖြစ်ပါကြောင်း၊ သို့မှသာ ကျောင်းသား ကျောင်းသူများသည် နောင်တစ်ခေတ်တွင် ခေါင်းဆောင်ကောင်းများ ဖြစ်လာပြီး မိမိလူမျိုးနှင့် မိမိနိုင်ငံကို အသက်ပေးကာကွယ်သူများဖြစ်လာကြမည်ဖြစ်ပြီး မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ကြီးထွားလာနိုင်မည်ဖြစ်ပါကြောင်း။

ပထဝီဝင်ဘာသာရပ်သည် နေ့စဉ်လူနေမှုဘဝတွင် အရေးပါသည့် ဘာသာရပ် ဖြစ်ပါကြောင်း၊ မိုးလေဝသအခြေအနေကို နားလည်ခြင်း၊ ကမ္ဘာ့တိုက်ကြီးများအကြောင်းကို နားလည်ခြင်း၊ မြေပုံကြည့်တတ်ခြင်း၊ မီးတောင်၊ ရေခဲတောင်၊ သမုဒ္ဒရာရေစီးကြောင်း၊ လေတိုက်ခြင်းအကြောင်းများကို သိရှိနားလည်ခြင်းအားဖြင့် ဘဝတစ်သက်တာ အကျိုးရှိစေသော ပညာရပ် ဖြစ်ပါကြောင်း၊ မြန်မာကျောင်းသားအများစု မြေပုံကြည့်၍ ခရီးမသွားတတ်ကြခြင်းသည် ပထဝီဘာသာရပ် အားနည်းနေခြင်း ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံရှိ ကျောင်းသား ကျောင်းသူများ ပထဝီဝင်ဘာသာရပ်ကို သင်ကြားခြင်းအားဖြင့် အိမ်နီးချင်းနိုင်ငံများအကြောင်း၊ မြစ်များအကြောင်း၊ တောတောင်များအကြောင်း သိရှိလာမည်ဖြစ်ပါကြောင်း၊ အရှေ့ဘက်မှ အနောက်ဘက်သို့စီးသောမြစ်နှင့် တောင်ဘက်မှမြောက်ဘက်စီးသည့် မြစ်များအကြောင်း မသိကြပါကြောင်း၊ ယနေ့ကမ္ဘာတွင် နည်းပညာပိုင်း၌ ထိပ်တန်းမှ ဖွံ့ဖြိုးတိုးတက်နေသော မဟာဗျူဟာမြောက် လက်နက်များ ပိုင်ဆိုင်ထားကြသော ကမ္ဘာ့နိုင်ငံများသည် လူ့ဘောင်လောကကြီးတွင် မပျက်သုဉ်းစေရေးအတွက် နှလုံးသားဖြင့် ညှိနှိုင်းနေရသည့် ပညာသည် အသိလိမ္မာဘာသာရပ်ပင်ဖြစ်ပါကြောင်း၊ မျိုးချစ်စိတ်ရှိသည့် မြန်မာနိုင်ငံသူနိုင်ငံသားတိုင်းဟာ ကိုယ့်နိုင်ငံနှင့် ကမ္ဘာ့နိုင်ငံများ၏ သမိုင်းဘာသာနှင့် ပထဝီဘာသာကို အထူးလိုအပ်လှပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒိုက်ဦး မဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင်က အဆိုအား လက်ခံဆွေးနွေးနိုင်ရန် ထောက်ခံတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းအဆိုနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်း**ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးပြီး ဥပဒေကြမ်းကော်မတီဝင် ဦးပါထန်းက အစီရင်ခံစာအား ဖတ်ကြားတင်သွင်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို မေ ၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ




**နေပြည်တော် မေ ၃**
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်(ICOE)ဥက္ကဋ္ဌ ဖိလစ်ပိုင်သံအမတ်ကြီးဟောင်း Ms. Rosario Manalo နှင့်အဖွဲ့အား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် ၂၀၁၇ ခုနှစ် ဩဂုတ်လ၊ စက်တင်ဘာလများတွင် ဖြစ်ပွားခဲ့သည့် ARSA အကြမ်းဖက်အဖွဲ့၏ တိုက်ခိုက်မှုများသည် ရုတ်ခြည်းဖြစ်ပေါ်ခြင်းမဟုတ်ဘဲ လတ်တလောအားဖြင့် ၂၀၁၂ ခုနှစ်၊ ၂၀၁၆ ခုနှစ်တို့တွင် ဖြစ်ပေါ် ခဲ့သည့် နောက်ခံအကြောင်းအရာများနှင့် ဆက်စပ်နေသည့် အခြေအနေ၊ နိုင်ငံတကာမှ စွပ်စွဲချက်များ၊ တစ်ဖက်သတ်ဖော်ပြချက်များကိုသာ မကြည့်ဘဲ သက်သေအထောက်အထား ခိုင်ခိုင်လုံလုံဖြင့် အဖြစ်မှန်ပေါ်ပေါက်သည်ထိ စုံစမ်းစစ်ဆေးရန်လိုအပ်သည့် အခြေအနေ၊ ယင်းဖြစ်စဉ်များနှင့် ပတ်သက်၍ တပ်မတော်က ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်း ဦးဆောင်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ စုံစမ်းစစ်ဆေးခဲ့ပြီး အပြစ်ရှိသူများကို အရေးယူခဲ့သည့်အခြေအနေ၊ ယင်းစုံစမ်းစစ်ဆေးမှုအပြင် နောက်ထပ်ပြစ်မှုကျူးလွန်သူများ ရှိ၊ မရှိ ထပ်မံ၍စစ်ဆေးဖော်ထုတ်အရေးယူနိုင်ရန်အတွက် တပ်မတော်အက်ဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးရေးခုံရုံးနှင့် ယင်းစုံစမ်းစစ်ဆေးရေးခုံရုံးကို အထောက်အကူပြုရန် ဥပဒေအကြံပေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ စုံစမ်းစစ်ဆေးရေးခုံရုံးက စစ်ဆေးတွေ့ရှိချက်များအရ ပြစ်မှုကျူးလွန်သူများရှိပါက ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်မည့် အခြေအနေ၊ မြန်မာနိုင်ငံအနှံ့တွင် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ ကိုးကွယ်သူများအားလုံး ယခုအချိန်ထိ အေးချမ်းစွာနေထိုင်နေကြသည်ဖြစ်ရာ ရခိုင်ပြည်နယ် မောင်တောဒေသတွင် ဖြစ်ပွားခဲ့သော ပြဿနာသည် ဘာသာရေးပြဿနာမဟုတ်ဘဲ ဒေသတွင်းနေထိုင်ကြသူအချင်းချင်း၏ ပဋိပက္ခနှင့် တရားမဝင်လူဝင်၊ ထွက်မှုကြောင့် ဖြစ်ပေါ်ခဲ့သော ပြဿနာသာဖြစ်ကြောင်း သိရှိနိုင်သည့်အခြေအနေ၊ ICOE မှ သိရှိလိုသောအချက်များရရှိနိုင်ရေး တပ်မတော်က ပူးပေါင်းကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၃**
ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းသည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန Under Secretary of State for Political Affairs , Ambassador Mr. David Hale အား ယနေ့မွန်းတည့် ၁၂ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် လက်ရှိဆောင်ရွက်လျက်ရှိသည့် ငြိမ်းချမ်းရေးကိစ္စရပ်များနှင့် ရခိုင်ဒေသအရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်းသိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. David Hale အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၃**
အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. David Hale အား ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ တွေ့ဆုံစဉ်အတွင်း နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ရခိုင်ပြည်နယ်အရေးကိစ္စဖြေရှင်းရေးအတွက် မြန်မာနိုင်ငံ၏ လတ်တလောကြိုးပမ်းဆောင်ရွက်မှုအခြေအနေများနှင့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးတွင် အမေရိကန်မှ အကူအညီပေးအပ်ရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**





# တပ်မတော်သတင်းစာရှင်းလင်းပွဲ ပြုလုပ်

**နေပြည်တော် မေ ၃**
တပ်မတော်သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ ပြုလုပ်သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်စိုးနိုင်ဦး၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ထွန်းထွန်းညီ၊ အတွင်းရေးမှူး ဗိုလ်မှူးချုပ် ဇော်မင်းထွန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် သတင်းမီဒီယာများ တက်ရောက်ခဲ့သည်။

သတင်းစာရှင်းလင်းပွဲတွင် တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့က တပ်မတော်မှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အပစ်အခတ်ရပ်စဲထားရှိမှုထပ်မံတိုးမြှင့်ပေးခဲ့သည့် အခြေအနေများနှင့် ငြိမ်းချမ်းရေးဆောင်ရွက်ချက်များ၊ ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ တပ်မတော်အနေဖြင့် နယ်လှည့်အထူးကုဆေးအဖွဲ့များဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေသည့် အခြေအနေများ၊ သဘာဝဘေးအန္တရာယ်ကျရောက်လာပါက တပ်မတော်အနေဖြင့် ကြိုတင်ပြင်ဆင်ထားရှိမှုနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး သတင်းမီဒီယာများ၏ မေးမြန်းမှုများကို ဖြေကြားခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

**သတင်းစဉ်**

# ဒီမိုကရေစီစနစ်တည်တံ့နေရေး သတင်းမီဒီယာသမားများက အများပြည်သူကို မှန်ကန်သော သတင်းအချက်အလက်များ ပေးနိုင်ရန်လိုကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ပြောကြား

**ရန်ကုန် မေ ၃**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက ဦးစီးကျင်းပသည့် ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သောသဝဏ်လွှာကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ဖတ်ကြားသည်။

ယင်းနောက် ကမ္ဘာ့သတင်း လွတ်လပ်ခွင့်နေ့ အခမ်းအနားသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှ ပေးပို့သော သဝဏ်လွှာကို မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းကြိုင် (ဟံသာဝတီ - ဦးအုန်းကြိုင်)က ဖတ်ကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်ထံမှပေးပို့သော သဝဏ်လွှာကို တွံတေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်ကလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ ပေးပို့သောသဝဏ်လွှာကို ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်ပုံကလည်းကောင်း ဖတ်ကြားကြသည်။

**နှစ်စဉ်ကျင်းပ**

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ အထိမ်းအမှတ်အခမ်းအနားကို ကျင်းပရသည့် ရည်ရွယ်ချက်မှာ သတင်းလွတ်လပ်ခွင့်၊ စာနယ်ဇင်းလွတ်လပ်ခွင့်ကို အလေးအနက်ပြုရန်၊ ကာကွယ်စောင့်ရှောက်ရန်၊ ထိန်းသိမ်းမြှင့်တင်ရန်ဖြစ်ပါကြောင်း၊ ထို့အတွက် ကမ္ဘာတစ်လွှားမှာ နှစ်စဉ်အထိမ်းအမှတ်အခမ်းအနားကို ကျင်းပပါကြောင်း၊ လှုပ်ရှားမှုများလည်း ဆောင်ရွက်သည်ကို တွေ့ရှိရပါကြောင်း။

စာနယ်ဇင်းလွတ်လပ်ခွင့်နှင့် ပတ်သက်ပြီး စဉ်းစားလျှင် ဆက်စပ်စဉ်းစားစရာအကြောင်းကိစ္စများစွာ ရှိပါကြောင်း၊ ဒီလိုအကြောင်းအရာ၊ အချက်အလက်များစွာရှိသည်ကို အကြောင်းပြုပြီး တစ်နှစ်တစ်ကြိမ်ကျင်းပသည့်အခါမျိုးတွင် ဤအကြောင်းအရာ၊ အချက်အလက်များထဲမှ ပိုပြီးတော့ထူးခြားသည့်အကြောင်းအရာ၊ ဒီအချိန်ကာလတွင် ပိုပြီးရှေ့တန်းရောက်လာနေသည့် သတင်းလွတ်လပ်ခွင့်ဆိုင်ရာ ပြဿနာမျိုးကို ခေါင်းစဉ်အနေဖြင့်၊ အဓိကအကြောင်းအရာအနေဖြင့် ရွေးချယ်ဆွေးနွေးလေ့ရှိပါကြောင်း၊ ယခု ၂၀၁၉ ခုနှစ်အတွက် ရွေးချယ်ခဲ့သည့်ခေါင်းစဉ် သို့မဟုတ် ဆောင်ပုဒ်မှာ Media for Democracy: Journalism and Elections in Times of Disinformation ဟူ၍ ဖြစ်ပါကြောင်း၊ ဒီမိုကရေစီအတွက် သတင်းမီဒီယာများ (သို့မဟုတ်) ဒီမိုကရေစီအရေးကို အထောက်အကူပေးမည့် သတင်းမီဒီယာများဆိုပြီး အဓိပ္ပာယ်ကောက်၍ရပါကြောင်း။

တကယ်လည်း ဒီမိုကရေစီနှင့် သတင်းမီဒီယာများ၊ ဒီမိုကရေစီနိုင်ငံနှင့် လွတ်လပ်သော စာနယ်ဇင်းသမားများသည် အမြဲဒွန်တွဲတည်ရှိလျက်ရှိပါကြောင်း၊ အားလုံးသိကြသည့်အတိုင်း ဒီမိုကရေစီသည် လွတ်လပ်မှု၊ တန်းတူညီမှုနှင့် တရားမျှတမှုကို ဦးထိပ်ပန်ဆင်ပါကြောင်း၊ ထိုနည်းတူစွာ မီဒီယာသည်လည်း သတင်းလွတ်လပ်ခွင့်ဆိုသည်ကို အစဉ်တစိုက်ဦးတည်ပြီး လှုပ်ရှားဆောင်ရွက်နေရခြင်းဖြစ်သော်လည်း တကယ်တော့ လွတ်လပ်မှုတစ်ခုတည်းကို တန်ဖိုးထားခြင်းမဟုတ်ဘဲ တန်းတူညီမှုနှင့် တရားမျှတမှုများကို မီဒီယာသည် အလေးထားပါကြောင်း၊ ဆိုလိုသည်မှာ ဒီမိုကရေစီသမားနှင့် မီဒီယာသမားသည် လိုလားချက်နှင့် တန်ဖိုးထားချက်တို့မှာ တူညီပါကြောင်း၊ စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ ဆောင်ပုဒ်နှင့်ပတ်သက်ပြီး Media for Democracy ဆိုတာသည် ယခုနှစ်ဆောင်ပုဒ်၏ ပထမပိုင်းဖြစ်ပြီး ဒုတိယပိုင်းမှာ Journalism and Elections in Times of Disinformation ဖြစ်ပါကြောင်း၊ Disinformation ဆိုသည်မှာ မမှန်သတင်းဖြစ်ပါကြောင်း၊ ပိုပြီးတိကျအောင်ပြောရလျှင် မမှန်သတင်းပေးခြင်း၊ မမှန်သတင်း ဖြန့်ချိခြင်းဖြစ်ပါကြောင်း။

**သတင်းမှားများကို ဆန့်ကျင်**

ဘာကြောင့်လဲဆိုတော့ ဒီဖြန့်ချိသည့်သတင်းက မတော်တဆမှားယွင်း၍ တိမ်းစောင်းခြင်းမဟုတ်ပါကြောင်း၊ တမင်တကာ သတင်းလက်ခံရရှိမည့်သူကို လိမ်ညာလှည့်ဖြားချင်သည့်ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန်သည်ကို ဟုတ်မှန်သယောင် လုပ်ကြံဖန်တီးပြီးရေးခြင်း၊ သတင်းအဖြစ် ပေးပို့ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် သတင်းလိမ်၊ သတင်းတု၊ သတင်းမှားများကို ဖြန့်ချိခြင်းဖြစ်ပါကြောင်း၊ ဒီကနေ့မှာ မမှန်သည့်သတင်းများ သတင်းတု၊ သတင်းလိမ်များသည် Fake news ဆိုသည့် နာမည်ဖြင့် အများကသိနေကြပြီဖြစ်ပါကြောင်း။

Fake news က ပြီးခဲ့သည့် ၃-၄-၅ နှစ်အတွင်းစပြီး ပေါ်လာပါကြောင်း၊ ကမ္ဘာမှာ Fake news ဆိုပြီး ပြောသည့်အခါ မိမိတို့က လိုက်ပြီး ပြောလာကြပါကြောင်း၊ ရုတ်တရက်ကြည့်လျှင် Fake news ဆိုတာသည် ယနေ့ခေတ်ကာလတွင် ပေါ်ပေါက်သည့် အသစ်အဆန်းဆိုပြီး ထင်မြင်စရာရှိပါကြောင်း၊ သို့သော် တကယ်တော့ ကမ္ဘာအတွက်လည်း ယင်းမှာ အသစ်အဆန်းမဟုတ်သလို မိမိတို့အဖို့လည်း အသစ်အဆန်းမဟုတ်ပါကြောင်း၊ မိမိတို့တိုင်းပြည်တွင်လည်း ဒီလို သတင်းမျိုးကို အရင်တုန်းကတည်းက ပြောဆိုဝေဖန်ထောက်ပြတာရှိခဲ့ပါကြောင်း၊ မိမိတို့ မြန်မာတွင် ယခင်တုန်းကပြောဆိုသည့် စကားလုံးသည် ကြာတော့ရိုးသွားပြီး မသုံးကြတော့ခြင်းဖြစ်ပါကြောင်း၊ တစ်ချိန်တုန်းက ယင်းကို လန်ကြုတ်သတင်း၊ လုပ်ကြံဖန်တီးသည့်သတင်းဟု ပြောကြပါကြောင်း၊ ယနေ့တွင် လန်ကြုတ်သတင်းသည် Fake news ဆိုပြီး ပြန်လည်ပေါ်ပေါက်လာခြင်းဖြစ်ပါကြောင်း၊ တစ်ချိန်တုန်းက ကမ္ဘာမှာရော မြန်မာမှာပါရှိသည့် လန်ကြုတ်သတင်းသည် Fake news အဖြစ် ပေါ်လာသည့်အခါ ယခင်နှင့် ဘာကွဲပြားခြားနားသွားသလဲဆိုလျှင် ယခင်ကထက် အရေအတွက်များပြားလာပါကြောင်း၊ မသမာသူများက မမှန်သတင်းကို စနစ်တကျထုတ်လုပ်ဖြန့်ချိလာခြင်းဖြစ်သည့်အတွက် ပိုပြီး အန္တရာယ်ကြီးမားလာခြင်းဖြစ်ပါကြောင်း။

**မုသာဝါဒများလွှမ်းမိုး**

သတင်းအမှားများ ပေါ်ပေါက်လာသည့်ကိစ္စသည် မိမိတို့မျက်စိရှေ့တွင် တဖြည်းဖြည်းတိုးပွားလာပြီး ခေတ်တစ်ခေတ်လိုဖြစ်လာနေပါကြောင်း၊ လွန်ခဲ့သည့် ၄-၅ နှစ်ကိုပြန်ပြီးစဉ်းစားကြည့်လျှင် Post Truth ဆိုသည့် စကားလုံးတစ်လုံး ပေါ်ပေါက်လာပါကြောင်း၊ Post Truth သည် ၂၀၁၆ ခုနှစ်၏ အထူးခြားဆုံး စကားလုံးတစ်ခုဖြစ်ခဲ့ပါကြောင်း၊ Post Truth သည် အမှန်ကို လွန်သွားသည့်ကိစ္စဟုဆိုပါကြောင်း၊ Post Truth က ဘာကိုဆိုလိုချင်သလဲဆိုလျှင် လူတစ်ယောက်က တစ်စုံတစ်ရာကို ပြောဆိုရေးသားသည့်အခါ အကြောင်းအရာအချက်အလက်က မှန်ချင်မှ မှန်မည်၊ သို့သော် နားထောင်ရသူ၊ ဖတ်ရသူက ယုံသွား၊ လက်ခံသွားပါကြောင်း၊ မမှန်တာကို ပြောသော်လည်း လူယုံသည်ဆိုသည့်ကိစ္စသည် အင်မတန်မှ တန်ဖိုးရှိသည့်ကိစ္စတစ်ခု၊ အတုယူစရာတစ်ခုဟု ဖြစ်လာလျှင် လူ့အဖွဲ့အစည်းတွင် မုသာဝါဒများလွှမ်းမိုးလာလိမ့်မည်ဖြစ်ပါကြောင်း၊ တကယ်တမ်းလည်း မမှန်သတင်းများ ထွန်းကားသည့် ကာလ (Post Truth Era) ဟု သုံးနှုန်းလာတာရှိပါကြောင်း။

အမှန်ကိုလွန်တယ်ဆိုပြီး Post Truth ဆိုတာ စဉ်းစားကြည့်လျှင် နာမည်လှလှလေး ပေးလိုက်ခြင်းဖြစ်ပြီး တကယ်ကတော့ အမှန်ကို လွန်သွားပြီးသည့်နောက်တွင် မှန်တာမရှိတော့ပါကြောင်း၊ အမှန်တရားက သေဆုံးသွားသည့် သဘောဖြစ်ပါကြောင်း၊ Post Truth နောက်တွင် ပေါ်လာသည်က Fake News ဟူ၍ ဖြစ်ပါကြောင်း၊ Fake News က လွန်ခဲ့သည့် ၃-၄ နှစ်အတွင်း ပိုပြီးတွင်ကျယ်လာပါကြောင်း၊ သူ့ရိုက်ခတ်မှုများကို ခံနေရပါကြောင်း။



ဒုတိယဝန်ကြီး ဦးအောင်လှထွန်း



ဟံသာဝတီ ဦးအုန်းကြိုင်

**သတင်းဖြန့်ချိ**

ဒီမမှန်သတင်းများ ပရမ်းပတာထွက်ပေါ်လာသည့်ကာလအတွင်း ကျင်းပရမည့် ရွေးကောက်ပွဲများ၊ အဲဒီရွေးကောက်ပွဲနှင့်ပတ်သက်ပြီး သတင်းယူကြ၊ သတင်းဖြန့်ချိကြမည့် သတင်းသမားများ၊ သူတို့အတွက်ဘယ်လိုအခက်အခဲများ၊ စိန်ခေါ်မှုများ ရှိမလဲဆိုသည်ကို ခေါင်းစဉ်တင်ပေးထားခြင်းဖြစ်ပါကြောင်း။

ရွေးကောက်ပွဲဆိုသည်မှာ ဒီမိုကရေစီနှင့်ပတ်သက်လျှင် ဒီမိုကရေစီ၏ အသက်ဟုပြော၍ရပါကြောင်း၊ ဒီမိုကရေစီစနစ် ပေါ်ထွန်းရန်၊ ဖြစ်ပေါ်ရန်၊ တည်တံ့ရန် လိုအပ်ချက်များတွင် ရွေးကောက်ပွဲသည် အင်မတန်မှ အရေးကြီးသည့်၊ အဓိကကျသည့် အခြင်းအရာတစ်ခုဖြစ်ပါကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲများ ပုံမှန်ကျင်းပနိုင်မှုသည် ဒီမိုကရေစီခေတ်တွင် အင်မတန်မှ အရေးကြီးပါကြောင်း၊ ဒီရွေးကောက်ပွဲမှပြည်သူလူထုက သူတို့၏ ကိုယ်စားလှယ်များ ရွေးချယ်မည်၊ သူတို့၏ ကိုယ်စားလှယ်များက သူတို့ကိုယ်စားတိုင်းပြည်အတွက် တာဝန်များထမ်းဆောင်မည်၊ အချိန်ကာလအလျောက် ပြည်သူလူထုက ရွေးချယ်သည့်ပုဂ္ဂိုလ်များကို ပြန်လည်စိစစ်သုံးသပ်မည်၊ ပြန်လည်အသစ်ရွေးချယ်သည့်အလုပ်ကို လုပ်မည်၊ အဲဒီလုပ်ငန်းစဉ် ပုံမှန်လည်ပတ်နေမှသာလျှင် ဒီမိုကရေစီစနစ် အခွန့်ရှည် တည်တံ့နေမှာ၊ ခိုင်မာနေမှာဖြစ်ပါကြောင်း။

ဒီလိုအခွန့်ရှည် တည်တံ့ခိုင်မာနေရန်အတွက် ပြည်သူလူထုသည် ပြည်သူ့ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်သည့်အလုပ်ကို မှန်မှန်ကန်ကန်၊ ပြည့်ပြည့်ဝဝ၊ ပီပီပြင်ပြင် လုပ်ကိုင်ဆောင်ရွက်နိုင်ရန် လိုပါကြောင်း၊ ဒီအတွက်အများပြည်သူကို သတင်းအချက်အလက်များ ပေးရန်လိုအပ်ပါကြောင်း၊ အများပြည်သူကို ရွေးကောက်ပွဲနှင့်ပတ်သက်သည့် သတင်းများ၊ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများ၏ အချက်အလက်များ၊ သူတို့၏ နိုင်ငံရေးအယူအဆများ၊ ရပ်တည်ချက်များ၊ မူဝါဒလမ်းစဉ်များ၊ ၎င်းတို့အနေဖြင့် မူဝါဒလမ်းစဉ်များကို ပိုမိုအကောင်အထည်ဖော်နိုင်မည်လား၊ မဖော်နိုင်ဘူးလား ဆိုသည့်အချက်များ၊ ၎င်းတို့ဆောင်ရွက်ခဲ့သည့် လုပ်ငန်းရာဇဝင်၊ ၎င်းတို့၏အရည်အချင်းများကို အများသိအောင် သတင်းမီဒီယာများက တင်ပြပေးနိုင်ရန်လိုပါကြောင်း။

အများပြည်သူက သတင်းမီဒီယာသမားများ၊ သတင်းမီဒီယာပေါင်းစုံကတင်ပြသည့် အချက်အလက်များကိုရမည်၊ အဲဒီမှာ သတင်းမီဒီယာသမားများက သူတို့ကိုယ်တိုင်ယုံကြည်သည့်ရပ်တည်ချက်အရ သူတို့ထောက်ခံသည့်၊ ကန့်ကွက်သည့်မူဝါဒများ၊ ပါတီများအဖွဲ့အစည်းများကို ဖော်ပြမည်ဖြစ်ပါကြောင်း၊ သို့သော် ဘယ်လိုပဲမတူသည့် အယူအဆများကို ဖော်ပြသည်ဖြစ်စေ၊ သူတို့သည် အများပြည်သူကို မှန်ကန်သည့်သတင်းအချက်အလက်များ၊ ယုံကြည်ချက်များအတိုင်း လက်ခံသွားစေရန် ရည်ရွယ်ချက်ရှိမည်၊ အဲဒီသဘောရိုးအတိုင်း ဆောင်ရွက်နေသမျှကာလပတ်လုံး ဒါတွေသည် အင်မတန်မှ ကောင်းပါကြောင်း။

အများပြည်သူသည် သတင်းအချက်အလက်ပေါင်းစုံကို သိရမည်၊ နိုင်ငံအရေးအရာများနှင့်ပတ်သက်ပြီး အတွေးအမြင် အယူအဆမျိုးစုံကို သတင်းမီဒီယာများက သိရှိခွင့်ရမည်၊ **စာမျက်နှာ ၉ သို့ »»**




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

## ပြည်တွင်းရေးရာ

»» စာမျက်နှာ ၈ မှ

ယင်းအထဲမှ ကိုယ်နှစ်သက်မှုကို ရွေးချယ်နိုင်မည်ဆိုပါက ယင်းသည်အင်မတန်မှ တရားမျှတမှုဖြစ်ပါကြောင်း၊ ယင်းသည် ဒီမိုကရေစီစနစ်အတွက် အင်မတန်မှ လိုလားအပ်သည့် အနေအထားဖြစ်ပါကြောင်း၊ ဒီမိုကရေစီစနစ်တည်တံ့နေရေးအတွက် သတင်းမီဒီယာသမားများက အများပြည်သူကို မှန်ကန်သော သတင်းအချက်အလက်များပေးနိုင်ရန် လိုပါကြောင်း။

ဒီနေ့မှာ ကမ္ဘာ့နိုင်ငံများသာမက မိမိတို့နိုင်ငံတွင်လည်း မမှန်ကန်သောသတင်းဖြန့်ချိနေမှုများ အင်မတန်မှ ပြန့်ပွားလာနေပါကြောင်း၊ ထို့ကြောင့် နိုင်ငံတကာ တိုင်းပြည်များတွင် ရွေးကောက်ပွဲများကျင်းပသည့်အခါ အများပြည်သူသည် Disinformation များကြောင့် အယူအဆလွဲမှားပြီး သူတို့ရွေးကောက်ပွဲမှာ မဲပေးရွေးချယ်သည့်အခါ နားယောင်လှည့်ဖြားခံရပြီး လွဲချော်မှုများရှိခဲ့ပါကြောင်း၊ တစ်နည်းအားဖြင့် ရွေးကောက်ပွဲတွင် သူတို့၏ ဆန္ဒမဲများကို လိမ်ညာလှည့်ဖြားပြီး ယူသွားမှုများခံရတာရှိပါကြောင်း၊ ထို့အပြင် ရွေးကောက်ပွဲကာလအတွင်း မတည်မငြိမ်ဖြစ်အောင် သွေးထိုးလှုံ့ဆော်သည့် သတင်းအမှားများ ဖြန့်ချိပြီး မငြိမ်မသက်ဖြစ်အောင် ဆောင်ရွက်မှုများလည်း ရှိပါကြောင်း။

### အန္တရာယ်ဖြစ်လာနိုင်

မိမိတို့နိုင်ငံ၌ ၂၀၂၀ ပြည့်နှစ်တွင် အထွေထွေရွေးကောက်ပွဲကျင်းပရန် စီစဉ်နေသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ယင်းကာလတွင် အလားတူ နိုင်ငံတကာမှာ ကြုံရသည့် ရွေးကောက်ပွဲကာလအတွင်း သတင်းအမှားများဖြင့် နှောင့်ယှက်ဖျက်ဆီးမည့်အန္တရာယ်ကို ကြုံရနိုင်သည်ဆိုသည်ကို အားလုံးသိနိုင်ပါကြောင်း၊ သတင်းအမှားများသည် မည်သူကို နှောင့်ယှက်ဖျက်ဆီးမလဲဆိုလျှင် ရွေးကောက်ပွဲဝင်လာမည့်နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲဝင်လာမည့်ကိုယ်စားလှယ်လောင်းများကို နှောင့်ယှက်ဖျက်ဆီးလိမ့်မည်၊ ၎င်းတို့ကို မမှန်ကန်သော သတင်းများဖြင့် တိုက်ခိုက်လိမ့်မည်၊ အများပြည်သူအထင်အမြင်ပျက်ပြားအောင် ဆောင်ရွက်လိမ့်မည်၊ ထိုနည်းလမ်းများဖြင့် ဆောင်ရွက်သည့်အတွက်ကြောင့် ရွေးကောက်ပွဲသည် ပုံသဏ္ဍာန်မမှန်ဘဲ တိမ်းစောင်းချွတ်ချော်မှုများဖြစ်လာပြီး အများပြည်သူမျှော်မှန်းထားသည့် ရလဒ်၊ အများပြည်သူ မျှော်မှန်းထားသည့်၊ ထင်မြင်ထားသည့်အနေအထား တလွဲတချော်ဖြစ်လာပါက ရွေးကောက်ပွဲစနစ်ကို အများပြည်သူက ယုံကြည်မှုလျော့နည်းလာနိုင်ပါကြောင်း၊ သတင်းအမှားများဖြင့် ပုံဖျက်တိုက်ခိုက်မှုကြောင့် နိုင်ငံရေးပါတီများ၊ နိုင်ငံရေးသမားများအပါအဝင် နိုင်ငံရေးစနစ်၊ ရွေးကောက်ပွဲစနစ်အပါအဝင် ကျင့်သုံးနေသည့် နိုင်ငံရေးစနစ်များပါ ထိခိုက်လျော့နည်းလာမည်ဆိုလျှင် ထိုအရာများအပေါ်တွင် အခြေခံပြီး တည်ဆောက်ထားသည့် ဒီမိုကရေစီစနစ်သည်လည်း ယိုင်နဲ့လာနိုင်ပါကြောင်း၊ တည်တံ့ရန်အတွက်လည်း အန္တရာယ်ဖြစ်လာနိုင်ပါကြောင်း။

တစ်ချိန်တည်းမှာ သတင်းအမှားများသည် ဒီမိုကရေစီစနစ်ကို၊ နိုင်ငံ၏ တည်ငြိမ်မှုကို ထိပါးစေရုံသာမက သတင်းမီဒီယာသမားကိုယ်တိုင်ကိုလည်း ထိပါးနိုင်ပါကြောင်း၊ သတင်းလောကထဲမှာ မမှန်ကန်သော သတင်းများ ပျံ့နှံ့နေမည်ဆိုလျှင် အများပြည်သူကြားလိုက်ရသည့် သတင်းမှန်သမျှမှာ အများစုက မဟုတ်မမှန်လုပ်ကြံသည့် သတင်းများဖြစ်သည်ဆိုလျှင် သတင်းမီဒီယာကို အများပြည်သူဘက်က အားကိုးယုံကြည်မှု လျော့နည်းလာနိုင်ပါကြောင်း၊ Times of Disinformation ခေတ်မှာ ရွေးကောက်ပွဲများရော၊ ဒီမိုကရေစီစနစ်ပါ ထိခိုက်လာနိုင်သကဲ့သို့ Journalism နှင့် Journalist များသည်လည်း ထိခိုက်လာနိုင်သည်ကို ပြောချင်ပါကြောင်း။

### တားဆီးကာကွယ်

ယင်းအတွက် ဘယ်လိုကာကွယ်တားဆီးကြမလဲဆိုသည့် အချက်နှင့်ပတ်သက်ပြီး မီဒီယာသမားများလောကတွင် သုံးသပ်ဆွေးနွေးမှုများရှိသည့်အတွက် ဘယ်လိုတားဆီးကာကွယ်မလဲဆိုသည့် နည်းလမ်းများရှိပါကြောင်း၊ တချို့လည်း စတင်ဆောင်ရွက်နေသည်ကို မြင်ရပါကြောင်း၊ ဆောင်ရွက်နိုင်သည့်နည်းလမ်းများမှာ စောစောကပြောသည့် Post Truth အမှန်ကို လွန်သွားပြီဆိုပြီး အမှန်ကိုမျက်ကွယ်ပြုသည့် အနေအထားမှ တစ်ဆင့် သတင်းသမားများက သတင်းအမှားများကို ထုတ်ဝေဖြန့်ချိသည့် အနေအထားကို ရောက်သွားပါကြောင်း၊ ယင်းကို ကာကွယ်ရန် သတင်းသမားများသည် သတင်းအမှန်ဖြင့် ပြန်လည်ချေဖျက်ပြီး တားဆီးကာကွယ်ရမည်ဖြစ်ပါကြောင်း၊ သတင်းအမှန်များ၊ မိမိတို့ရေးသားဖြန့်ဝေသည့်သတင်းများ အချက်အလက်မှန်ကန်ရန် ဂရုစိုက်ဆောင်ရွက်သင့်ပါကြောင်း၊ ဒါသည် အမှန်စင်စစ်တွင် သတင်းမီဒီယာသမား၏ မူလဘူတ အလုပ်ထဲမှာပါသော အဓိကအချက်ပင် ဖြစ်ပါကြောင်း၊ သတင်းသမားသည် အချက်အလက်အမှန်ကို ပေးမည်ဆိုသည်မှာ သတင်းသမား၏ ပထမဆုံးကိုင်စွဲရသည့် ကျင့်ဝတ်ဖြစ်ပါကြောင်း၊ ဤကျင့်ဝတ်ကို မြဲမြဲမြံမြံ ထိန်းသိမ်းခြင်းအားဖြင့် မိမိဖြန့်ချိမည့် သတင်းအမှန်များကို အများပြည်သူကသိရှိပြီး မည်သည့်သတင်းမီဒီယာများကို အားကိုးယုံကြည်ရသည်ဟု ဖြစ်လာအောင် ပြန်လည်တည်ဆောက်သည့် အလုပ်ကို လုပ်သင့်သည်ဟု မြင်ပါကြောင်း။

### ပြန့်ပွားအောင်ဆောင်ရွက်

နောက်တစ်ခုမှာ လုပ်ကြံဖန်တီးသည့် သတင်းအမှားများအား မည်သို့မှားသည်ကို ဖော်ထုတ်ပြီး အများသိအောင် ကြေညာပေးသည့်အလုပ်ဖြစ်ပါကြောင်း၊ သတင်းအမှားများ ပေါ်လာချိန်တွင် သတင်းအချက်အလက်မှန်ကန်မှုရှိအောင် စိစစ်သည့် Fact-checking အလုပ်ကိုလုပ်သည့် စာနယ်ဇင်းအဖွဲ့အစည်းများ ပေါ်ပေါက်လာပါကြောင်း၊ သည်ကနေ့မှာ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက ယင်းအစီအစဉ်ကို စတင်ဆောင်ရွက်နေပြီဟု သိရှိရပါကြောင်း၊ မြန်မာနိုင်ငံတွင် သတင်းအမှားများကိုဖော်ထုတ်ပြီး သတင်းအမှန်ဖြင့် ပြန်လည်ချေဖျက်မှုကို လုပ်ဆောင်မည့်အစုအဖွဲ့များ ရှိနေသည်ကိုလည်း ကြားသိရပါကြောင်း၊ ယင်းအသင်းအဖွဲ့များသည် သတင်းအမှားတိုက်ဖျက်ရေးနှင့် သတင်းအမှန်များကို အများပြည်သူထံ ပြန့်ပွားအောင် ဆောင်ရွက်နိုင်မည်ဟု မြင်ပါကြောင်း။

နောက်တစ်ခုမှာ ယနေ့ကာလတွင် တချို့အဖွဲ့အစည်းများက စတင်ဆောင်ရွက်နေပြီဖြစ်သည့် Media and Information Literacy အများပြည်သူက သတင်းအမှား၊ သတင်းအတုအယောင်၊ သတင်းလိမ်ကို တွေ့လျှင် ဒါသည် သတင်းအမှား၊ သတင်းအလိမ်အညာများဖြစ်သည်ကို သိသာအောင် စိစစ်သုံးသပ်အကဲဖြတ်နိုင်သည့် အသိပညာ၊ အတွေ့အကြုံရရှိစေမည့် အသိပညာပေးသော အစီအစဉ်ဖြစ်ပါကြောင်း၊ Media Literacy၊ Information Literacy ရအောင် ဆောင်ရွက်သည့်ကိစ္စဖြစ်ပါကြောင်း၊ ယင်းကိစ္စများကို သတင်းမီဒီယာသမားများက အဓိက ဦးဆောင်ပြီး ဆောင်ရွက်မည်ဆိုပါက မမှန်ကန်သောသတင်းများ ဖြန့်ချိသည့်ကာလကို မှန်မှန်ကန်ကန် အန္တရာယ်ကင်းစွာ ဖြတ်ကျော်နိုင်မည်ဟု မြင်ပါကြောင်း၊ ဒါ့အပြင် ပူးပေါင်းဆောင်ရွက်နိုင်သည်မှာ ရွေးကောက်ပွဲများနှင့်ပတ်သက်သူများ ဖြစ်ပါကြောင်း။

ရွေးကောက်ပွဲများနှင့် ပတ်သက်ပြီး သတင်းအချက်အလက်အမှန်များကို အများပြည်သူထံ ပြန့်ပွားအောင်ဆိုလျှင် ရွေးကောက်ပွဲကိစ္စများတွင် တာဝန်ယူဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၊ ရွေးကောက်ပွဲတွင် ပါဝင်ဆင်နွှဲကြမည့်ပါတီများ၊ အဖွဲ့အစည်းများ၊ ရွေးကောက်ပွဲကို စောင့်ကြည့်ကြမည့် လူမှုအဖွဲ့အစည်းများ၊ ရွေးကောက်ပွဲများအတွက် သမာသမတ်ကျအောင် လိုက်လံကြပ်မတ်ဆောင်ရွက်ကြမည့် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများကလည်း သတင်းအချက်အလက်အမှန်များ အများပြည်သူကြားမှာ ပြန့်ပွားနိုင်အောင် ဆောင်ရွက်နိုင်မည်ဟု မြင်ပါကြောင်း၊ ယင်းအဖွဲ့အစည်းများနှင့် သတင်းမီဒီယာများက ပူးတွဲပြီး စနစ်တကျဆောင်ရွက်နိုင်ကြမည်ဆိုလျှင် အရေးကြီးသည့် ၂၀၁၉ - ၂၀၂၀ ခုနှစ်ကာလကို အောင်မြင်စွာ၊ မှန်ကန်စွာ၊ တရားမျှတစွာ ဖြတ်သန်းနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက အမှာစကား ပြောကြားသည်။

### အမှာစကားပြောကြား

ထို့နောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းကြိုင် (ဟံသာဝတီ - ဦးအုန်းကြိုင်)၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြတို့က အမှာစကားပြောကြားကြသည်။ ယင်းနောက် မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်ထံမှ ပေးပို့သော သဝဏ်လွှာကို အဖွဲ့ဝင် ဦးဟန်ညွန့် (ဦးဟန်ညွန့်-ဥပဒေ)က ဖတ်ကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ အန်တိုနီယိုဂူတာရက်ထံမှ ပေးပို့သည့် ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ ဗီဒီယိုဖိုင်အားပြသပြီး ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO) ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို ယူနက်စကို မြန်မာရုံးဌာနေကိုယ်စားလှယ် မစ္စ မင်ဂျောင်ကင်က ဖတ်ကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးတို့သည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ မြန်မာဂျာနယ်လစ်ကွန်ရက်၊ မြန်မာနိုင်ငံ စာနယ်ဇင်းသမဂ္ဂ၊ မြန်မာနိုင်ငံ စာရေးဆရာများသမဂ္ဂ၊ နိုင်ငံတကာ မြန်မာသတင်းအဖွဲ့၊ မြန်မာနိုင်ငံ ကာတွန်းဆရာ အသင်း၊ မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း၊ မြန်မာအမျိုးသမီး သတင်းသမားများအဖွဲ့၊ မြန်မာသတင်းသမားများ ကာကွယ်ရေးကော်မတီ၊ မြန်မာသတင်းပညာသိပ္ပံ၊ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၊ မြန်မာမီဒီယာဖွံ့ဖြိုးရေးစင်တာတို့မှ ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့အတွက် ပေးပို့လာသော သဝဏ်လွှာများကို သက်ဆိုင်ရာ ကိုယ်စားလှယ်များက ဖတ်ကြားကြသည်။

### ကြေညာချက်တစ်စောင် ထုတ်ပြန်

ယနေ့ပြုလုပ်သည့် အခမ်းအနားတွင် ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့နှင့် ပတ်သက်ပြီး မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ကြေညာချက်တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။

ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့သည် ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ကို ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံပေါင်း ၁၀၀ နီးပါး၌ ကျင်းပလျက်ရှိပြီး အခမ်းအနားများတွင် ရွေးကောက်ပွဲများ၌ မီဒီယာသမားများ ကြုံတွေ့ရသည့် စိန်ခေါ်မှုများအပြင် ငြိမ်းချမ်းရေးနှင့် ပေါင်းစည်းရေးအတွက် သတင်းမီဒီယာများက ပူးပေါင်းပါဝင် ကူညီထောက်ပံ့မှုပြုနိုင်သည့် အလားအလာများကို အဓိကခေါင်းစဉ်အနေဖြင့် သတ်မှတ်ကျင်းပကြောင်း သိရသည်။

ကမ္ဘာ့သတင်း လွတ်လပ်ခွင့်နေ့ နိုင်ငံတကာညီလာခံကို အီသီယိုးပီးယားနိုင်ငံ အဒစ်အဘာဘာမြို့တွင် ကျင်းပကြောင်း သိရသည်။

ယခုနှစ် ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ ၂၀၁၉ အခမ်းအနားဆောင်ပုဒ်မှာ 'လုပ်ကြံသတင်းခေတ်အတွင်းမှ သတင်းအတတ်ပညာနှင့် ရွေးကောက်ပွဲများ' ခေါင်းစဉ်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် အခမ်းအနားတက်ရောက်သူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

## MNL ပြိုင်ပွဲမှ

ပွဲစဉ် (၉) အပြီးတွင် ထိပ်ဆုံးနေရာမှ ရတနာပုံအသင်းနှင့် အဆင့် (၆) နေရာမှ စစ်ကိုင်းအသင်းတို့၏ အမှတ်ကွာဟမှုမှာ ငါးမှတ်သာရှိသောကြောင့် အမှတ်လျော့ပါက အဆင့်ရပ်တည်မှုများပါ အပြောင်းအလဲများ ဖြစ်သွားဖွယ်ရှိနေသည်။ ယခုတစ်ပတ်တွင် ထိပ်ဆုံးမှ ရတနာပုံအသင်း၊ တတိယနေရာမှ ရှမ်းယူနိုက်တက်အသင်း၊ အဆင့် (၅)နေရာမှ ဧရာဝတီအသင်း၊ အဆင့် (၆) နေရာမှ စစ်ကိုင်းအသင်းတို့ အဝေးကွင်းကစားရမည်ဖြစ်ပြီး ရတနာပုံအသင်းသည် ယခုရာသီ အိမ်ကွင်းတစ်ပွဲသာရှုံးသေးသည့် ရခိုင်အသင်းနှင့် ကစားရမည်ဖြစ်သည်။ လက်ရှိချန်ပီယံရန်ကုန်အသင်းသည် နောက်ပိုင်းပွဲများတွင် နိုင်ပွဲများ ဆက်တိုက်ရရှိနေသောကြောင့် ယခုတစ်ပတ်တွင် အနိုင်ရပါက ထိပ်ဆုံးနေရာကိုပါ ပြန်လည်မျှော်လင့်နိုင်မည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းမှာမူ ပြိုင်ပွဲစုံနိုင်ပွဲပျောက်ဆုံးနေမှုကို အဆုံးသတ်နိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။

ပွဲစဉ်(၉) အပြီးတွင် ရတနာပုံအသင်းက ၂၀ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရန်ကုန်အသင်းက ၁၉ မှတ်၊ ရှမ်းယူနိုက်တက်နှင့် ဟံသာဝတီအသင်းက ၁၇ မှတ်စီ၊ ဧရာဝတီအသင်းက ၁၆ မှတ်၊ စစ်ကိုင်းအသင်းက ၁၅ မှတ်၊ ရခိုင်အသင်းက ၁၂ မှတ်၊ ဇွဲကပင်အသင်းက ကိုးမှတ်၊ မကွေးနှင့် Southern အသင်းက ခုနစ်မှတ်စီ၊ ဒဂုံအသင်းက ခြောက်မှတ်၊ Chinland အသင်းက နှစ်မှတ်ရထားသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

# အင်းလေးခေါင်တိုင်စခန်းမှ နဝမတန်းလူရည်ချွန်များ ပင်းတယနှင့် တောင်ကြီးမြို့နယ်တို့ရှိ အထင်ကရနေရာများအား လေ့လာ

**တောင်ကြီး မေ ၃**

၂၀၁၉ ခုနှစ် အင်းလေးခေါင်တိုင်လူရည်ချွန်စခန်းမှ လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက်ပိုင်းက ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ရိုးရာယဉ်ကျေးမှု၊ လက်မှုလုပ်ငန်းများ၊ အထင်ကရနေရာများနှင့် တောင်ကြီးမြို့နယ် အေးသာယာစက်မှုဇုန်အတွင်း လေ့လာကြသည်။

လူရည်ချွန် ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက် ၇ နာရီက ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်အတွင်းရှိ အဘိဇေအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တတေဇနိယ (ကုံလုံဆရာတော်ကြီး) လွမ်းစေတီစဥ့်စံကျောင်းတော်ကို သွားရောက်ဖူးမြော်လေ့လာကြသည်။ အဆိုပါ စဥ့်စံကျောင်းတော်ကို ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၃၀ ရက်က ပန္နက်တော်တင်၍ စတင်ဆောက်လုပ်ခဲ့ကာ ၂၀၀၅ ခုနှစ် စက်တင်ဘာ ၁၇ ရက်တွင် ပြီးစီးခဲ့သည်။ ကုံလုံဆရာတော်ကြီးသည် သက်တော်(၉၆နှစ်)၊ ဝါတော် ၇၆ ဝါ အရ ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် ပျံလွန်တော်မူခဲ့ပြီး အဆိုပါ လွမ်းစေတီစဥ့်စံကျောင်းတော်ကြီးတွင် ကုံလုံဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို ပူဇော်ထားရှိသည်။

ထို့နောက် လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ပင်းတယမြို့နယ်၏ အထင်ကရနေရာတစ်ခုဖြစ်သည့် ရွှေဥမင်လိုဏ်ဂူတော်သို့ သွားရောက်ဖူးမြော်လေ့လာကြပြီး ပုန်းတလုတ်ရေကန်အနီးတွင် နေ့လယ်စာ စားသုံးကြသည်။

ထို့နောက် ပင်းတယမြို့နယ်အတွင်းရှိ ရိုးရာထီးလုပ်ငန်းနှင့် လက်မှုလုပ်ငန်းများကို သွားရောက်လေ့လာကြသည်။ မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့နယ် အေးသာယာစက်မှုဇုန်ရှိ စိန်ငွေမြ ပြောင်းအခြောက်ခံစက်ရုံသို့ သွားရောက်လေ့လာကြသည်။ တောင်ကြီး(အေးသာယာ) စက်မှုဇုန်သည် တောင်ကြီးမြို့၏အနောက်တောင်ဘက် အေးသာယာမြို့နှင့် ညောင်ရွှေမြို့နယ်သွား ကားလမ်းမကြီးဘေးတွင် တည်ရှိသည်။ ၁၉၉၉ ခုနှစ် ဇွန်လတွင် မြေဧရိယာ အကျယ်အဝန်း ၉၀၂ ဧကပေါ်တွင် စတင်တည်ထောင်ခဲ့ပြီး မူလစက်မှုဇုန် ၄၀၅ ဧကနှင့် တိုးချဲ့စက်မှုဇုန် ၄၉၇ ဧကပေါ်တွင် တည်ထောင်ထားခြင်းဖြစ်သည်။ ၂၀၁၉ ခုနှစ် ဧပြီလကုန်အထိ မှတ်ပုံတင်ထားပြီးဖြစ်သော ကြီး၊ ငယ်၊ လတ် စက်မှုလုပ်ငန်းအမျိုးအစားပေါင်း ၅၀၀ ရှိကြောင်း သိရသည်။



အင်းလေးခေါင်တိုင်လူရည်ချွန်စခန်းမှ လူရည်ချွန်များသည် ယနေ့ညနေပိုင်းတွင် တောင်ကြီးမြို့ အထက(၁)တွင် ညအိပ်ရပ်နားကြပြီး မေ ၄ ရက် နံနက်တွင် ပအိုဝ်း ရိုးရာယဉ်ကျေးမှုနှင့် ခလေ့ထုံးတမ်းများ၊ ရှေးဟောင်း အမွေအနှစ်များကို သွားရောက်လေ့လာကြမည်ဖြစ်ကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)၊ ဓာတ်ပုံ - သီဟစည်သူ**

# စလေရုပ်စုံကျောင်းနှင့် ရှင်ပင်စာကြိုလှဘုရားသို့ အဋ္ဌမတန်း လူရည်ချွန်ကျောင်းသား ကျောင်းသူများ သွားရောက်လေ့လာ

**ချောက် မေ ၃**

ပုဂံလူရည်ချွန်စခန်း၌ ရောက်ရှိနေသည့် အဋ္ဌမတန်း လူရည်ချွန် ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက်ပိုင်းတွင် စလေရုပ်စုံကျောင်းအား လေ့လာပြီး ရှင်ပင်စာကြိုလှဘုရားအား ဖူးမြော်ကြည်ညိုကြသည်။

ရှေးဦးစွာ ပုဂံလူရည်ချွန်စခန်းမှူး မန္တလေးတိုင်းပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သန်းမြင့်နှင့်အဖွဲ့ဝင်များ ဦးဆောင်၍ ကြီးကြပ် ဆရာ ဆရာမ ၁၈ ဦးနှင့်အတူ အဋ္ဌမတန်းကျောင်းသား ကျောင်းသူ ၁၇၈ ဦးသည် ယနေ့နံနက်ပိုင်းတွင် ပုဂံလူရည်ချွန်စခန်းမှ ထွက်ခွာ၍ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် စလေမြို့ရှိ စလေရုပ်စုံကျောင်းသို့ သွားရောက်လေ့လာကြသည်။



အဋ္ဌမတန်း လူရည်ချွန် ကျောင်းသား ကျောင်းသူများအား စလေရုပ်စုံကျောင်း တာဝန်ခံ ဒေါ်ချိုချိုလွင်က အဆိုပါရုပ်စုံကျောင်းကို မြန်မာသက္ကရာဇ် ၁၂၄၄ ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့ပြီး ၁၂၅၄ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့၍ ကုန်သည်ကြီး ဦးဘိုးကြည်နှင့်ဇနီး ဒေါ်ရွှေသက်တို့က သုဓမ္မာဂိုဏ်းထောက် ဆရာတော်ကြီး ဦးဂုဏအား ရေစက်ချလှူဒါန်းခဲ့ကြောင်း၊ ကျောင်းတော်ကြီးတွင် လုံးပတ် ငါးပေခန့်ရှိသော တိုင်လုံးရေ ၁၅၄ လုံးရှိပြီး ရုပ်တုပေါင်း ၅၄ ရုပ် ရှိကာ ၅၅၀ ဇာတ်တော်ထဲမှ ဇာတ်တော်တချို့ကို ရွေးချယ်ထွင်းထုထားကြောင်း ရှင်းပြသည်။

ယင်းနောက် လူရည်ချွန် ကျောင်းသား ကျောင်းသူများသည် ချောက်မြို့နယ်ရှိ ရှင်ပင်စာကြိုလှဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ရှင်ပင်စာကြိုလှဘုရားအား နရပတိစည်သူမင်းကြီးက ဘေးလောင်းတော် အနော်ရထာမင်းကြီး ကျောက်တိုင်စိုက်ထူခဲ့သော သီရိဇေယျကုန်းတော် စာကြိုအရပ်၌ ကောဇာသက္ကရာဇ် ၅၅၃ ခုနှစ်(ခရစ်နှစ် ၁၁၉၁ ခုနှစ်)တွင် တည်ထားတော်မူခဲ့ကြောင်း သိရသည်။

ပုဂံလူရည်ချွန်စခန်းရှိ အဋ္ဌမတန်းကျောင်းသား ကျောင်းသူများသည် မေ ၄ ရက်တွင် ပခုက္ကူမြို့ရှိ ပခုက္ကူ သီဟိုဠ်ရှင်ဘုရားနှင့် ရွှေမုဋ္ဌောဘုရား၊ ရေစကြိုမြို့ရှိ ပခန်းကြီးစည်သူရှင် သရက္ခန်ဘုရားနှင့် ပခန်းကြီးရှေးဟောင်းကျောင်းတို့ကို သွားရောက်လေ့လာဖူးမြော်ကြမည်ဖြစ်ပြီး ညပိုင်းတွင် ပုဂံလူရည်ချွန်စခန်းသိမ်းပွဲနှင့် ဖျော်ဖြေပွဲများကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ကိုမင်း**
**ဓာတ်ပုံ-မင်းမင်း**

# ဒသမတန်း လူရည်ချွန်မောင်မယ်များ ငွေဆောင်ဒေသရှိ ပတ်ဝန်းကျင်ဒေသများသို့ လေ့လာရေးခရီးသွားရောက်

**ငွေဆောင် မေ ၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငွေဆောင်ကမ်းခြေ လူရည်ချွန်စခန်း (ငွေဆောင်)သို့ အပန်းဖြေရန်နှင့် လေ့လာရေးခရီးသွားရောက်ရန်ရောက်ရှိနေသည့် ၂၀၁၈-၂၀၁၉ ဒသမတန်း လူရည်ချွန်မောင်မယ်များသည် အုပ်ချုပ်သူဆရာ ဆရာမများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ငွေဆောင်ဒေသရှိ ပတ်ဝန်းကျင်ဒေသများသို့ သွားရောက်လေ့လာကြသည်။



ရှေးဦးစွာ လူရည်ချွန်မောင်မယ်များသည် ငွေဆောင် သဇင်ကျေးရွာရှိ အထက်တန်းကျောင်း(ခွဲ)သို့ သွားရောက်ရာ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြိုဆိုကြသည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မိမိက သဇင်ကျေးရွာရှိ အထက်တန်းကျောင်း(ခွဲ)တွင် ဂျာမနီနိုင်ငံက လှူဒါန်းထားသည့် ရေငန်မှ ရေချိုထုတ်လုပ်သည့် ရေသန့်စက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး လူရည်ချွန်မောင်မယ်များသည် ရေသန့်စက်ကို လေ့လာကြသည်။

ဆက်လက်၍ လူရည်ချွန်မောင်မယ်များသည် သဇင်ကျေးရွာရှိ ငါးဖမ်း၊ ငါးလှန်းလုပ်ငန်းကို သွားရောက်လေ့လာကြရာ ပုသိမ်မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသိန်းက ငါးသယံဇာတထိန်းသိမ်းစောင့်ရှောက်ထားမှု၊ ပင်လယ်ပြင်တွင် ငါးဖမ်းခွင့်၊ ငါးဖမ်းခွင့်ရာသီ၊ ငါးဖမ်းခွင့်လိုင်စင် ချထားပေးမှုနှင့် ငါးလုပ်ငန်းဦးစီးဌာနအကြောင်းတို့ကို ရှင်းလင်းပြောကြားပြီး လူရည်ချွန်မောင်မယ်များက သိရှိလိုသည်များကို မေးမြန်းကာ ပြသထားသည့် ငါး၊ ပုစွန်များကို လေ့လာကြည့်ရှုကြသည်။

ယင်းနောက် လူရည်ချွန်မောင်မယ်များသည် ငွေဆောင်ဒေသရှိ ယုဇနပုစွန်မွေးမြူရေးလုပ်ငန်းသို့ သွားရောက်လေ့လာကြရာ ပုစွန်မွေးမြူရေးစခန်း တာဝန်ရှိသူများက ပုစွန်မွေးမြူပုံအဆင့်ဆင့်ကို ရှင်းလင်းပြောကြားပြီး လူရည်ချွန်မောင်မယ်များက သိရှိလိုသည်များကို မေးမြန်းကြသည်။

မွန်းလွဲပိုင်းတွင် လူရည်ချွန်မောင်မယ်များသည် ငွေဆောင်ဟိုတယ်ဇုန်အတွင်းရှိ နိုင်ငံတကာအဆင့်မီ ဟိုတယ်ကြီးများသို့ သွားရောက်လေ့လာကြပြီး ငွေဆောင်ရွာဈေးတန်းသို့သွားရောက်ကာ ဒေသထွက် အမှတ်တရလက်ဆောင်ပစ္စည်းများဝယ်ယူကြသည်။

ညနေပိုင်းတွင် လူရည်ချွန်မောင်မယ်များသည် ငွေဆောင်ကမ်းခြေ၌ ပျော်ရွှင်စွာရေကစားကြပြီး ညပိုင်းတွင် ပုလဲငွေဆောင်ဟိုတယ်ကမ်းခြေအနီးတွင် ပုသိမ်နှင့် ငွေဆောင်ရှိ ကျောင်းသား ကျောင်းသူလေးများ၏ ကပြသီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။

**သတင်း-မင်းသစ်(MNA)၊ ဓာတ်ပုံ-တိုင်းပြြန်/ဆက်**



ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင်သို့ မော်တော်ယာဉ်ငါးစီးပေးအပ်လှူဒါန်းပွဲတွင် တက်ရောက်သူများကို တွေ့ရစဉ်။

**❒ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ**

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်က မော်တော်ယာဉ်ပေးအပ်လှူဒါန်းရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားရာတွင် “ငြိမ်းချမ်းရေးကော်မရှင်ဟာ မြန်မာနိုင်ငံအစိုးရရဲ့ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်ရေးအတွက် အရေးပါတဲ့အဖွဲ့အစည်းဖြစ်ပါတယ်။ ကျွန်တော် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နဲ့အတူ တရုတ်နိုင်ငံကိုသွားရောက်ပြီး ဒုတိယအကြိမ်မြောက်ရပ်ဝန်းနှင့် ပိုးလမ်းမ “Belt and Road” အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို တက်ရောက်ခဲ့ပါတယ်။ ဒီခရီးစဉ်မှာ နှစ်နိုင်ငံခေါင်းဆောင်များက တရုတ်- မြန်မာနိုင်ငံ ရပ်ဝန်းနှင့် ပိုးလမ်းမ “Belt and Road” အတူတကွ တည်ဆောက်ရေးဆိုင်ရာ အရေးပါတဲ့သဘောတူညီချက်ကို ရရှိခဲ့ပါတယ်။ “Belt and Road” ဟာ ငြိမ်းချမ်းရေးလမ်းကြောင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံငြိမ်းချမ်းရေးလုပ်ငန်းစဉ် အထူးသဖြင့် မြန်မာနိုင်ငံမြောက်ပိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က မြန်မာနိုင်ငံဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု စည်းလုံးညီညွတ်တည်ငြိမ်ရေးကို အရေးကြီးသည်သာမက တရုတ်-မြန်မာနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံတည်ဆောက်မြှင့်တင်ရေးအတွက်လည်း အရေးကြီးပါတယ်။

**ဆက်လက်ကူညီထောက်ခံအားပေးဖို့ ဆန္ဒရှိ**

မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နိုင်ရေးအတွက် အပြုသဘောဆောင်တဲ့ အခန်းကဏ္ဍမှပါဝင်နေပြီး ဆက်လက်ကူညီထောက်ခံအားပေးဖို့လည်း ဆန္ဒရှိပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ခြင်းက မြန်မာနိုင်ငံ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် သမိုင်းဝင်တဲ့စွမ်းဆောင်မှု သေချာပေါက်ဖြစ်လာမှာဖြစ်ပြီး မြန်မာနိုင်ငံတိုင်းရင်းသားအသီးသီးအတွက်လည်း အကျိုးစီးပွားတွေ ဆောင်ကြဉ်းလာကာ ဒေသတည်ငြိမ်အေးချမ်းရေးနဲ့ စည်ပင်သာယာဝပြောတိုးတက်ရေးကိုလည်း ဆောင်ကြဉ်းပေးလာမှာ ဖြစ်ပါတယ်။ မိမိတို့စိတ်တူကိုယ်တူနဲ့ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် မလျှော့သောဇွဲနဲ့ ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြပါစို့” ဟု ပြောကြားခဲ့သည်။

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက ငြိမ်းချမ်းရေးကော်မရှင်သို့ Volvo မော်တော်ယာဉ်ငါးစီး လွှဲပြောင်းပေးအပ်လှူဒါန်းရာ ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်က အမှတ်တရလက်ဆောင် ပြန်လည်ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးက လှူဒါန်းထားသည့် Volvo မော်တော်ယာဉ်ငါးစီးကို ကြည့်ရှုစစ်ဆေးသည်။

ယနေ့အမေရိကန်ဒေါ်လာသုံးသိန်းတန်ဖိုးရှိ မော်တော်ယာဉ် ငါးစီးပေးအပ်လှူဒါန်းသည့်အခမ်းအနားသို့ ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင်အတွင်းရေးမှူး ဦးခင်ဇော်ဦးနှင့် ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင်များ၊ ငြိမ်းချမ်းရေးကော်မရှင်အကြံပေး ဦးလှမောင်ရွှေ၊ အကျိုးတော်ဆောင် ဦးသက်နိုင်၊ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။

**သတင်း - ရဲခေါင်ညွန့်**
**ဓာတ်ပုံ - ဖိုးထောင်**

**❖ ကျောဖုံးမှ**

ဆီမီးဖိုင်နယ်တွင် နာမည်ကြီးကစားသမား အက်ဗာနီကို အနိုင်ရလာသည့် ပရာပွတ်သည် ဗိုလ်လုပွဲတွင် လက်စွမ်းပြနိုင်ခြင်းမရှိဘဲ ရှုံးနိမ့်ခဲ့သည်။ နေသွေးဦးသည် အာရှဘိလိယက်ပြိုင်ပွဲတွင် ပထမဆုံးချန်ပီယံဆုရယူနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

မြန်မာဘိလိယက်နှင့် စနူကာအဖွဲ့သည် ယခုပြိုင်ပွဲတွင် ကစားသမားငါးဦးဖြင့် ယှဉ်ပြိုင်ခဲ့ပြီး အာရှ ယူ-၂၁ စနူကာပြိုင်ပွဲတွင် အောင်မြင်မှုမရသော်လည်း အာရှဘိလိယက်ပြိုင်ပွဲတွင် နေသွေးဦးက ချန်ပီယံဆုနှင့် ချစ်ကိုကိုကပူးတွဲတတိယဆုရရှိခဲ့သည်။

**သတင်း - ရှိုင်းထက်ဇော်၊ ဓာတ်ပုံ - ဖိုးသော်ဇင်**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ရှမ်းပြည်နယ်၊ တာချီလိတ်မြို့ ဝိန်းကျောက်ရပ်၊ အာခါဈေးလမ်း၊ အမှတ်(၂၈၁)တွင် ပါတီရုံးချုပ်တည်ရှိသော **အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**သည် ယင်းပါတီ၏ တံဆိပ်ကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီ၏ တံဆိပ်ကို ကန့်ကွက်လိုက ယခုကြေညာသည့် နေ့မှစ၍ (၇)ရက် အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ တံဆိပ်ပုံစံ**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



# မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ ကြိုဆိုဂုဏ်ပြု စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**ရန်ကုန် မေ ၃**

မေ ၅ ရက်နေ့တွင် ကျရောက်မည့် (၇၃)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး အရန်မီးသတ်တပ်ဖွဲ့ဝင်များ၏ သာရေးနာရေးလူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးမြင့်ထူး ဦးဆောင်သည့် မြို့နယ် ၁၄ မြို့နယ်မှ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၅၀ တို့သည် မေ ၁ ရက် နံနက်ပိုင်းက လမ်းမတော်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် မင်းရဲကျော်စွာလမ်းကြားရှိ သူနာပြုတက္ကသိုလ်ဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည်။

အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် သူနာပြုတက္ကသိုလ်ကျောင်းဝင်းအတွင်း ပေါင်းမြက်များ ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေကန်နှင့် ပန်းခြံရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြရာ သူနာပြုတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမြတ်သန္တာနှင့် တာဝန်ရှိသူတို့က ကြည့်ရှုအားပေးပြီး အာဟာရအဖြစ် ဆီထမင်းနှင့် ကော်ဖီတို့ကိုကျွေးမွေးလှူဒါန်းကြသည်။ **အောင်သူရ**



# ဆိုင်ကလုန်းမုန်တိုင်း ဖန်နီ အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ ဝင်ရောက်တိုက်ခတ်

**နယူးဒေလီ မေ ၃**

ဆိုင်ကလုန်းမုန်တိုင်း ဖန်နီသည် အိန္ဒိယနိုင်ငံအရှေ့ပိုင်းသို့ ဝင်ရောက်တိုက်ခတ်ခဲ့ရာ လူသုံးဦး သေဆုံးခဲ့ပြီး အုန်းပင်များ လေထဲတွင်ယိမ်းနွဲ့ကာ လျှပ်စစ်ဓာတ်အားလိုင်းများ၊ ရေပေးဝေမှုနှင့် ဆက်သွယ်ရေးလိုင်းများ ပြတ်တောက်ခဲ့ရကြောင်း ယနေ့ အေအက်ဖ်ပီ သတင်းတစ်ရပ်အရ သိရသည်။

အိန္ဒိယနိုင်ငံ ပူရီမြို့၌ တစ်နာရီလျှင် ၁၂၅ မိုင်နှုန်းဖြင့် လေပြင်းများ တိုက်ခတ်ခဲ့ပြီး နေရာအချို့တွင် မြေပြိုမှုများ ဖြစ်ပေါ်ခဲ့သည်။

၁၉၉၉ ခုနှစ်မုန်တိုင်းတိုက်ခတ်မှုတွင် လူတစ်သောင်းသေဆုံးခဲ့သော အိုဒီရှာပြည်နယ်ရှိ အာဏာပိုင်များက ယခု ဖန်နီမုန်တိုင်းတိုက်ခတ်မှုကြောင့် လှိုင်းလုံးကြီးများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ပြည်သူတစ်သန်းကျော်ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့သည်။

မေ ၃ ရက်တွင် နိုင်ငံတစ်ဝန်းဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းများအနက် ကယ်ဆယ်ရေးစခန်းတစ်ခု၌ လူတစ်ဦး နှလုံးရောဂါဖြင့်သေဆုံးခဲ့ပြီး အခြားတစ်ဦးမှာ သစ်ပင်လဲကျမှုကြောင့် သေဆုံးခဲ့ကြောင်း အာဏာပိုင်များက ဆိုသည်။ ဒေသန္တရမီဒီယာများက မုန်တိုင်းတိုက်ခတ်မှုကြောင့် သေဆုံးသူ ခြောက်ဦးအထိရှိခဲ့သည်ဟုဆိုသော်လည်း အာဏာပိုင်များက အတည်ပြုပြောကြားခြင်းမရှိသေးပေ။

အဆိုပါ ဖန်နီမုန်တိုင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်လည်း တိုက်ခတ်ခဲ့သည်။ ရွာပေါင်း ၁၄ ရွာ ရေလွှမ်းမိုးမှုဖြစ်ပွားခဲ့ပြီး သစ်ပင်လဲကျခြင်းကြောင့် အမျိုးသမီးတစ်ဦး သေဆုံးခဲ့သည်။ ကမ်းရိုးတမ်းတစ်လျှောက်ရှိ ပြည်သူလေးသိန်းကျော်ကို ကယ်ဆယ်ရေးစခန်းများသို့ ပို့ဆောင်ထားသည်ဟု ဘင်္ဂလားဒေ့ရှ်ဘေးအန္တရာယ်ထိန်းချုပ်ရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ မိုဟာမက်ဂျဟာက ဆိုသည်။

အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်အတွင်းရှိပြည်သူထောင်ပေါင်းများစွာကို ဘေးလွတ်ရာသို့တိမ်းရှောင်ကြရန် အာဏာပိုင်များက သတိပေးထားသည်။ ပြည်တွင်းလေဆိပ်များ၊ ရထားပြေးဆွဲမှုများနှင့် မော်တော်ယာဉ်သွားလာမှုများ ယာယီပိတ်ထားကြောင်း သိရသည်။



မုန်တိုင်းတိုက်ခတ်စဉ်တွင် လေတိုက်နှုန်းပြင်းထန်ခဲ့သည့်အတွက် မော်တော်ယာဉ်တစ်စီး တိမ်းမှောက်သွားသည်ကို ကိုယ်တိုင်တွေ့မြင်ခဲ့ရကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးက ဆိုသည်။

အိန္ဒိယနိုင်ငံ ပူရီမြို့နှင့် အိုဒီရှာပြည်နယ်မြို့တော် ဘူဘာနီစ်ဝါတို့၌ တိုက်ခတ်ခဲ့ပြီးနောက် အဆိုပါမုန်တိုင်းသည် အရှေ့မြောက်ဘက်သို့ ဦးတည်သွားလျက်ရှိသည်။ အာဏာပိုင်များက မုန်တိုင်းဒဏ်ခံရသောမြို့များရှိ လမ်းမများပေါ်တွင် ပိတ်ဆို့လျက်ရှိသော သစ်ပင်များကို ဖယ်ရှားရှင်းလင်းလျက်ရှိပြီး တယ်လီဖုန်းနှင့် အင်တာနက်လိုင်းများရရှိစေရန် ကြိုးပမ်းလျက်ရှိသည်။

မုန်တိုင်းဖန်နီသည် မေ ၄ ရက်တွင် ပြည်သူ ၄ ဒသမ ၅ သန်းရှိ ကိုကတ္တားမြို့သို့ ဝင်ရောက်တိုက်ခတ်နိုင်ကြောင်း ခန့်မှန်းကြသည်။

**အေအက်ဖ်ပီ**

# ကင်ဂျုံနမ်သေဆုံးမှုနှင့်ပတ်သက်ပြီး ဖမ်းဆီးခံဗီယက်နမ်အမျိုးသမီးအား ပြန်လည်လွှတ်ပေး

**ဟန္နိုင်း မေ ၃**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်၏ ဖအေတူ မအေကွဲ ညီအစ်ကိုတော်စပ်သူ ကင်ဂျုံနမ် သေဆုံးမှုနှင့်ပတ်သက်ပြီး သင်္ကာမကင်းသဖြင့် ဖမ်းဆီးထားသော ဗီယက်နမ် အမျိုးသမီးတစ်ဦးအား မလေးရှား အာဏာပိုင်များက ယနေ့ပြန်လည်လွှတ်ပေးခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။



မေ ၃ ရက်တွင် အဆိုပါ ဗီယက်နမ်အမျိုးသမီး ဒေါင်သီဟောင်သည် ကွာလာလမ်ပူမြို့အနီးရှိ အကျဉ်းထောင်တစ်ခုမှ ပြန်လည်လွတ်မြောက်ခဲ့ပြီး ၎င်း၏နေရပ်နိုင်ငံသို့ ထွက်ခွာသွားမည်ဖြစ်ကြောင်း သိရသည်။

ဒေါင်သီဟောင်က ပြည်သူများ၏ ကူညီထောက်ပံ့မှုကို ရရှိခဲ့သဖြင့် လွန်စွာ ဝမ်းသာပီတိဖြစ်မိပါကြောင်းနှင့် ပြည်သူများအား ကျေးဇူးတင်ရှိပါကြောင်း ၎င်းရေးသားထားသော ပေးစာကို သူ၏ရှေ့နေက မလေးရှား လေဆိပ်တစ်ခုတွင် မီဒီယာများအား ဖတ်ပြခဲ့သည်။

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်က ကွာလာလမ်ပူ နိုင်ငံတကာလေဆိပ်၌ ဒေါင်သီဟောင်နှင့် အင်ဒိုနီးရှားအမျိုးသမီးတစ်ဦးတို့သည် ကင်ဂျုံနမ်အား အာရုံကြောထိခိုက်ပျက်စီးစေသည့် အဆိပ်ရည်တစ်မျိုးကိုအသုံးပြုကာ လုပ်ကြံသတ်ဖြတ်ခဲ့သည်ဟု စွပ်စွဲပြီး ၎င်းတို့အား အာဏာပိုင်များက ဖမ်းဆီးခဲ့သည်။

အဆိုပါ အင်ဒိုနီးရှားအမျိုးသမီး၏ အမှုကို လွန်ခဲ့သော မတ်လက ရှေ့နေများက ရုတ်သိမ်းခဲ့ပြီးနောက် ၎င်းသည် အကျဉ်းထောင်မှ လွတ်မြောက်ခဲ့ပြီး အမိနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

ရှေ့နေများက ဒေါင်သီဟောင်၏ အမှုကို လွန်ခဲ့သောလက ရုတ်သိမ်းခဲ့ပြီးနောက် သူ့အား လျှော့ပေါ့ပြစ်ဒဏ်အဖြစ် လပေါင်း ၄၀ ပြစ်ဒဏ်ချမှတ်ခဲ့သည်။ သို့သော် ထောင်အတွင်း၌ ကောင်းမွန်စွာနေထိုင်ခြင်းကြောင့် သူ့အား ပြန်လည်လွှတ်ပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ဒေါင်သီဟောင်နှင့် အင်ဒိုနီးရှားအမျိုးသမီးတစ်ဦးတို့ကို ကင်ဂျုံနမ်အား လုပ်ကြံသတ်ဖြတ်ရန် ညွှန်ကြားချက်များပေးခဲ့သည်ဟု ယုံကြည်ရသော မြောက်ကိုရီးယား နိုင်ငံသားလေးယောက်သည် အခင်းဖြစ်ပွားပြီး မကြာမီအချိန်တွင် မလေးရှားနိုင်ငံမှ ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

ကင်ဂျုံနမ်သေဆုံးမှုနှင့် ပတ်သက်ပြီး မလေးရှားအာဏာပိုင်များက ဆက်လက်စုံစမ်းစစ်ဆေးမှုများ ပြုလုပ်မည်မဟုတ်ကြောင်းနှင့် ဒေါင်သီဟောင်အား လွှတ်ပေးကာ အဆိုပါအမှုအား အဆုံးသတ်ခဲ့ခြင်းဖြစ်နိုင်ဖွယ်ရှိသည်ဟု နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

**အင်န်အိတ်ချ်ကေ**

# ယီမင်တွင် ပြည်တွင်းစစ်ဖြစ်ပွားမှုကြောင့် လူပေါင်း ငါးသန်းခန့် အလုပ်အကိုင် ဆုံးရှုံးခဲ့ရ

**ဆာနား မေ ၃**

ယီမင်နိုင်ငံတွင် ပြည်တွင်းစစ်စတင်ဖြစ်ပွားခဲ့သည့် ၂၀၁၅ ခုနှစ် ကတည်းက စတင်၍ ယီမင်နိုင်ငံသား လူဦးရေ ငါးသန်းနီးပါးသည် အလုပ်အကိုင်များ ဆုံးရှုံးခဲ့ရကြောင်း၊ ၎င်းတို့မှာ ပုဂ္ဂလိကကဏ္ဍတွင် လုပ်ကိုင်နေသူများဖြစ်ကြောင်း ယီမင်အစိုးရအားလိုလားသည့် အယ်လ်မာဆာဒါ အွန်လိုင်းသတင်းဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ယီမင်နိုင်ငံတွင် တရားဝင် အစိုးရအဖွဲ့အား ဟူသီသူပုန်များက ပုန်ကန်တိုက်ခိုက်မှုများပြုလုပ်ပြီး စစ်ပွဲစတင်ချိန်ကတည်းက ယီမင်နိုင်ငံ၏ ပုဂ္ဂလိကကဏ္ဍတွင် အလုပ်လုပ်ကိုင်နေသည့် လုပ်သားအင်အား၏ ၆၀ ရာခိုင်နှုန်းခန့်ရှိသော လူပေါင်းငါးသန်းနီးပါးမှာ ၎င်းတို့၏ အလုပ်အကိုင်များ ဆုံးရှုံးခဲ့ရကြောင်း ယီမင်အစိုးရ လူမှုရေးရာဝန်ကြီး၏ ပြောကြားချက်ကို အဆိုပါ သတင်းဝက်ဘ်ဆိုက်က ကောက်နုတ်ဖော်ပြခဲ့သည်။

၂၀၁၄ ခုနှစ်အတွင်းက ဟူသီသူပုန်များသည် ၎င်းတို့၏ အဓိကခြေကုပ်စခန်းတည်ရှိရာ နိုင်ငံမြောက်ဖျားပိုင်းရှိ ဆာဒါပြည်နယ်မှနေ၍ ရှေ့တိုးချီတက်ကာ မြို့တော်ဆာနားနှင့် အဓိကမြို့များကို သိမ်းယူခဲ့သည်။ ယီမင်သမ္မတ အဗ္ဗဒ်ရာဘူ အန်ဆွာဟာဒီနှင့် ၎င်း၏အစိုးရအဖွဲ့ ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့သို့ ပြည်ပြေးအဖြစ် သွားရောက်ခိုလှုံခဲ့ရသည်။

၂၀၁၅ ခုနှစ် မတ်လတွင် ဆော်ဒီအာရေဗျ ဦးဆောင်သည့် ညွန့်ပေါင်းအဖွဲ့က ယီမင်နိုင်ငံတွင်းသို့ စစ်ရေးအရ ပါဝင်စွက်ဖက်လာပြီး အဓိကကျသော လေကြောင်းနှင့် မြေပြင်စစ်ဆင်တိုက်ခိုက်မှုများကို ပြုလုပ်ခဲ့သည်။ ယီမင်သမ္မတ ဟာဒီအား သစ္စာခံသောတပ်ဖွဲ့များကို ဆော်ဒီဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့က ထောက်ခံမှုပေးခဲ့ပြီးလအနည်းငယ်အကြာတွင် ဟူသီသူပုန်များလက်မှ အေဒင်မြို့သို့ ပြန်လည်လွတ်မြောက်စေခဲ့ပြီး ဟူသီသူပုန်တပ်ဖွဲ့များမှာ နိုင်ငံတောင်ပိုင်းနှင့် အရှေ့ပိုင်းမြို့များမှ ဆုတ်ခွာသွားခဲ့သည်။

ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်က မကြာသေးမီက ထုတ်ပြန်ခဲ့သည့် အစီအရင်ခံစာတွင် ယီမင်နိုင်ငံသားဦးရေ ၁၅ ဒသမ ၉ သန်းတို့သည် နေ့စဉ်ဆာလောင်မွတ်သိပ်စွာနိုးထလာရကြောင်းဖော်ပြခဲ့ပြီး ယင်းအရေအတွက်မှာ သန်း ၂၀ ကျော်အထိ မြင့်တက်လာနိုင်ကြောင်း ဖော်ပြခဲ့သည်။ **ဆင်ဟွာ**

# တရုတ်ပြည်တွင်းထုတ် လေယာဉ်တင် သင်္ဘောနှစ်စင်း ၂၀၂၂ ခုနှစ်၌ တာဝန်ထမ်းဆောင်နိုင်ဖွယ်ရှိဟုဆို

**ဝါရှင်တန် မေ ၃**

တရုတ်နိုင်ငံသည် ပြည်တွင်း၌ တည်ဆောက်သည့် လေယာဉ်တင်သင်္ဘောနှစ်စင်းကို ၂၀၂၂ ခုနှစ်အတွင်း၌ တရုတ်ရေတပ်တွင် တာဝန်ထမ်းဆောင်နိုင်ဖွယ် ရှိကြောင်း အမေရိကန်ကာကွယ်ရေးဌာနက ပြောကြားသည်ဟု အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက မေ ၂ ရက်တွင် ထုတ်ပြန်သည့် နှစ်ပတ်လည် အစီရင်ခံစာတွင် ယင်းသို့ အကဲဖြတ်ချက်ကို ဖော်ပြခဲ့ခြင်းဖြစ်သည်။

တရုတ်ပြည်တွင်း၌ ပထမဆုံး တည်ဆောက်ခဲ့သည့် လေယာဉ်တင်သင်္ဘောသည် ယခုနှစ်အတွင်းတွင် တရုတ်ရေတပ်၌ တပ်တော်ဝင်ဖွယ်ရှိကြောင်း ယင်းအစီရင်ခံစာတွင်ဖော်ပြထားပြီး တရုတ်ပြည်တွင်း၌ ဒုတိယမြောက် တည်ဆောက်နေသည့် လေယာဉ်တင်သင်္ဘောမှာ လာမည့်သုံးနှစ်အတွင်း လုပ်ငန်းတာဝန်များ ထမ်းဆောင်နိုင်မည်ဟု ဆိုသည်။ တရုတ်ပြည်တွင်း၌ ပထမဆုံးတည်ဆောက်သည့် လေယာဉ်တင်သင်္ဘောမှာ ပင်လယ်ပြင်တွင် စမ်းသပ်ခုတ်မောင်းမှုများ လုပ်ဆောင်လျက်ရှိပြီး ဒုတိယမြောက် လေယာဉ်တင်သင်္ဘောကို ယမန်နှစ်က စတင်တည်ဆောက်နေကြောင်း အစီရင်ခံစာ၌ ဖော်ပြသည်။

တရုတ်နိုင်ငံက ပြည်ပနိုင်ငံများတွင် စစ်အခြေစိုက်စခန်း တည်ဆောက်ထားရှိရန် ကြိုးပမ်းနေပြီး ၎င်း၏ ပထမဆုံး ပင်လယ်ရပ်ခြား စစ်အခြေစိုက်စခန်းမှာ အာဖရိကတိုက် အရှေ့ပိုင်း ဂျီဘူတီနိုင်ငံတွင် တည်ရှိသည်။

အမေရိကန် သမ္မတ ဒေါ်နယ်ထရန့်၏ အစိုးရအဖွဲ့က တရုတ်နိုင်ငံ၏ စစ်ရေးအင်အားမြှင့်တင်တည်ဆောက်နေမှုသည် ကမ္ဘာကြီးအား ခြိမ်းခြောက်မှုအဖြစ် ရှုမြင်ထားပြီး အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာန၏ အစီရင်ခံစာကလည်း အမေရိကန် အစိုးရအဖွဲ့၏ အမြင်ကိုထင်ဟပ် ဖော်ပြခဲ့ခြင်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# သမ္မတ ဒူတာတေး၏ လူထုထောက်ခံမှုကိုစမ်းသပ်မည့် ဖိလစ်ပိုင် သက်တမ်းဝက်ရွေးကောက်ပွဲ

## ကျော်ထိုက်စိုး

ငွေကြေးဖောင်းပွမှုမြင့်တက်လာခြင်း၊ ဆင်းရဲမွဲတေမှု မြင့်မားခြင်း၊ အခြေခံအဆောက်အဦမပြည့်စုံခြင်းနှင့် ပိုင်နက်အငြင်းပွားမှုများမှာ လာမည့် မေလ ၁၃ ရက်တွင် ကျင်းပမည့် သက်တမ်းဝက်ရွေးကောက်ပွဲများအတွင်း ဖိလစ်ပိုင်မဲဆန္ဒရှင်များ ရင်ဆိုင်နေရသည့် ပြဿနာများ ဖြစ်သည်။ ထိုကိစ္စများနှင့်ပတ်သက်၍ ကိုယ်စားလှယ် လောင်းများအပေါ် ဝေဖန်ဆန်းစစ်မှုများ ရှိနေပြီး ဖိလစ်ပိုင်နိုင်ငံသားအားလုံးက သူ၏မူဝါဒများကို ကြိုက်နှစ်သက်ခြင်းမရှိသော်လည်း စစ်တမ်းကောက်ယူမှုများတွင် လူကြိုက်များနေဆဲ ခေါင်းဆောင်တစ်ဦးဖြစ်သည့် သမ္မတ ရိုဒရီဂိုဒူတာတေး၏ ထောက်ခံချက် ရရှိမှု အပေါ် အခြေခံ၍ ဖိလစ်ပိုင်မဲဆန္ဒရှင်များက မဲပေးမည်ဖြစ်သည်။

**သုံးနှစ်ပြည့် သက်တမ်းဝက်ရွေးကောက်ပွဲ**

ကျွန်းစုနိုင်ငံတစ်ခုဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံတစ်ဝန်း အမတ်နေရာပေါင်း ၁၈၀၀၀ အတွက် ယှဉ်ပြိုင်ကြမည့် သက်တမ်းဝက်ရွေးကောက်ပွဲတွင် စတင်တာဝန်ယူခဲ့သည်မှာ သုံးနှစ်ပြည့်ပြီဖြစ်သည့် စကားပြောကြမ်းတမ်းသော သမ္မတ ဒူတာတေးအတွက် ပြည်သူများ၏ထောက်ခံမှု မည်မျှအထိရရှိသည်ကို ပြသမည်ဖြစ်သည်။ ထောက်ခံသူများက ဆက်လက်ထောက်ခံပါက သမ္မတ ဒူတာတေး အနေဖြင့် အမေရိကန်ဒေါ်လာ ၁၆၉ ဘီလီယံတန်ကြေးရှိ အခြေခံအဆောက်အဦတည်ဆောက်ရေးနှင့် လူအသေ အပျောက်များရှိသော တရားမဝင် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုအပေါ် ဖြိုခွင်းမှုကဲ့သို့သော မူဝါဒများ ပိုမို ခိုင်မာအောင်လုပ်ဆောင်ရာတွင် လွယ်ကူလာမည်ဖြစ်သည်။ “ဖိလစ်ပိုင်ရွေးကောက်ပွဲတွေက အစီအစဉ်တွေ၊ ပါတီကိုအခြေခံတာထက် ပုဂ္ဂိုလ်ရေး အပေါ်ပိုပြီး အခြေခံပါတယ်။ သမ္မတရဲ့ထောက်ခံချက်ကလည်း အလွန်ကိုအရေးကြီးပါတယ်”ဟု ဖိလစ်ပိုင် တက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံပါမောက္ခ မာရီယာ အီလာ အတီယန်ဇာက ပြောသည်။ ဖိလစ်ပိုင်မဲဆန္ဒရှင် ၆၃ သန်း မဲထည့်ဝင်မည့် အဆိုပါ သက်တမ်းဝက်ရွေးကောက်ပွဲပြီးပါက ရွေးကောက်ပွဲကော်မရှင်က ခြောက်ရက်ကြာ မဲရေတွက်မှု ပြုလုပ်မည်ဖြစ်သည်။

**ဖိလစ်ပိုင်ပြည်သူများကြား လူကြိုက်များဆဲ**

တရားမဝင် မူးယစ်ဆေးဝါးများ ရောင်းဝယ်ဖောက်ကားမှုကို အမြစ်ပြတ်ချေမှုန်းမည်ဆိုသော ကတိကဝတ်များနှင့် သြဇာရှိသော နိုင်ငံရေးသမားတစ်ဦး ဆိုသည့် ၎င်း၏ပုံရိပ်ကြောင့် ၂၀၁၆ ခုနှစ်အတွင်း ခြောက်နှစ်သက်တမ်းအတွက် ဒူတာတေးကို သမ္မတအဖြစ် ရွေးကောက်ခဲ့သည်။ ဒူတာတေးမှာ ရဲတပ်ဖွဲ့အား မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုတွင် သံသယရှိသူများကိုပစ်သတ်ခွင့်ပြုမှုကြောင့် ဖိလစ်ပိုင်ပြည်သူများအပြင် ပြည်ပမှ လေ့လာစောင့်ကြည့်သူများကို အံ့အားသင့်စေခဲ့သည်။ သမ္မတ ရိုဒရီဂိုဒူတာတေးသည် တရုတ်နိုင်ငံထံမှ အကူအညီများ၊ ရင်းနှီးမြှုပ်နှံမှုများ လက်သင့်ခံခြင်းအားဖြင့် နိုင်ငံအချို့ကို အထိတ်တလန့်ဖြစ်စေသည်။ သို့သော်လည်း သမ္မတ ဒူတာတေး၏ မှတ်ချက်စကားများက ဖိလစ်ပိုင်ပြည်သူများကြား လူကြိုက်များစေပြီး မြို့ပြနေပြည်သူများက ရာဇဝတ်မှုများကျဆင်းလာမှုကြောင့် ၎င်းကို ပိုမိုထောက်ခံလာသည်။ မနီလာမြို့တော်ရှိ သုတေသနအဖွဲ့အစည်းဖြစ်သော Social Weather Stations ကပြုလုပ်သည့် စစ်တမ်းတစ်ခုအရ ၂၀၁၉ ခုနှစ် ပထမသုံးလအတွင်း ဖိလစ်ပိုင်ပြည်သူ ၇၉ ရာခိုင်နှုန်းက သမ္မတ ဒူတာတေး၏ လုပ်ကိုင်ဆောင်ရွက်ချက်များကို စိတ်ကျေနပ်မှုရှိသည်ဟု ဖော်ပြခဲ့ကြောင်း သိရသည်။ သမ္မတ ဒူတာတေးလိုလားသည့် ညွန့်ပေါင်းအဖွဲ့သည် ယခုအခါ အထက်လွှတ်တော် အမတ်နေရာ ၂၄ နေရာအနက် အမတ်နေရာ ၁၆ နေရာ ရရှိထားပြီး အောက်လွှတ်တော်ရှိ အမတ်နေရာ ၂၉၇ နေရာအနက် အမတ်နေရာ ၂၄၈ နေရာ ရရှိထားသည်။



၂၀၁၈ ခုနှစ် ဧပြီလ ၁၂ ရက်က ဟောင်ကောင်ရှိ ဖိလစ်ပိုင်အသိုင်းအဝိုင်းကကျင်းပသော အခမ်းအနားတစ်ခုသို့ တက်ရောက်လာသည့် ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေး။

**သမ္မတ၏ထောက်ခံချက်က အရေးပါ**

အသက် ၇၄ နှစ်အရွယ်ရှိပြီဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံ၏ ဒုတိယအကြီးမားဆုံးမြို့ ဒါဗာအိုမြို့တော်ဝန်ဟောင်း ဒူတာတေး၏ ထောက်ခံချက်တစ်ရပ်ရရှိရေးမှာ ကိုယ်စားလှယ်လောင်းတစ်ဦးထက်ပိုရှိသည့် ခရိုင်အချို့တွင် လွန်စွာအရေးပါကြောင်း ဖိလစ်ပိုင်နိုင်ငံ De La Salle တက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံပညာရှင်တစ်ဦးဖြစ်သူ အန်တိုနီယိုကွန်ထရီရက်စ်က ပြောသည်။ မဲဆန္ဒပေးမှုမှာ ပုဂ္ဂိုလ်ရေးပုံရိပ်နှင့်လည်းသက်ဆိုင်ပြီး ရွေးကောက်ပွဲက ပြဿနာတစ်ရပ်မဟုတ်သော်လည်း ကိုယ်စားလှယ်လောင်းများ၏ ကိုယ်ရည်ကိုယ်သွေးများက ပြဿနာရှိနေသည်ဟု အန်တိုနီယိုက ဆိုသည်။ သြဇာတိက္ကမရှိသော နိုင်ငံရေးသမားများနှင့် ဆက်နွှယ်မှုရှိသည့် ကိုယ်စားလှယ်လောင်းများက ကြော်ငြာရန်နှင့် မီဒီယာတွင်ဖော်ပြမှုများ ပြုလုပ်ရန် ငွေကို ပို၍သုံးရပုံပေါ်ကြောင်း မနီလာမြို့တော် အခြေစိုက် Bagong Alyansang Makabaya မဟာမိတ်အဖွဲ့မှ အထွေထွေအတွင်းရေးမှူး ရီနာတိုရီယက်စ်က ပြောကြားသည်။ ကိုယ်စားလှယ်လောင်းအချို့မှာ လုပ်ကြံသတင်းမှားများ၏ဒဏ်ကို ခံခဲ့ရကြောင်း၊ ငွေကြေးများများစားစား မသုံးစွဲနိုင်သလို မီဒီယာနှင့်ထိတွေ့မှုသိပ်မရှိသည့် ကိုယ်စားလှယ်လောင်းများမှာ အခက်အခဲများရှိကြောင်း၊ အဘယ်ကြောင့်ဆိုသော် အဆိုပါကိုယ်စားလှယ်လောင်းများက မဲဆွယ်စည်းရုံးမှုပြုလုပ်ရန် ငွေမရှိသောကြောင့်ဖြစ်ကြောင်း ၎င်းကပြောသည်။

**သက်တမ်းတစ်ကြိမ်သာ ထမ်းဆောင်ခွင့်ရှိ**

နီဂရိုးစ်ပြည်နယ်တွင် ကိုယ်စားလှယ်လောင်းတစ်ဦး၏ ဆွေမျိုးနှစ်ဦးမှာ ဧပြီလ ၂၅ ရက်နေ့က ပစ်သတ်ခံခဲ့ရသည်။ ၎င်းတို့နှစ်ဦးမှာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် ဆက်နွှယ်၍ ၂၀၁၆ ခုနှစ် နှစ်လယ်မှ ၂၀၁၈ ခုနှစ်နှစ်လယ်အတွင်း သတ်ဖြတ်ခံခဲ့ရသည့် ဒေသန္တရအာဏာပိုင် ၁၅ ဦး ကဲ့သို့ပင် လုပ်ကြံခံခဲ့ရခြင်းဖြစ်သည်။ အထက်လွှတ်တော်တွင် သမ္မတ ဒူတာတေးလိုလားသူ ကိုယ်စားလှယ်လောင်း အများစု အနိုင်ရရှိပါက ဒူတာတေးအနေဖြင့် ပြည်သူအများစုအတွက် အကျိုးရှိစေမည့် အခွန်ဥပဒေအပြောင်းအလဲများနှင့် ပြည်သူပိုင်အခြေခံအဆောက်အဦများ အသစ်ပြုပြင် ဆောက်လုပ်မှုကို ရှေ့ဆက်လုပ်ဆောင် နိုင်စွမ်းရှိလာမည်ဖြစ်သည်။ ပြည်သူပိုင် အခြေခံ အဆောက်အဦ စီမံကိန်းတွင် မနီလာမြို့တော်ရှိ လေဆိပ် မိုးပျံတံတားတစ်စင်းမှသည် နိုင်ငံတောင်ပိုင်း မင်ဒါနာအို ပြည်နယ်ရှိ ပထမဆုံးသော ရထားလမ်း စီမံချက်တစ်ခု အထိပါဝင်သည်။ ဖိလစ်ပိုင်သမ္မတများမှာ ဥပဒေအရ သက်တမ်းတစ်ကြိမ်သာ တာဝန်ထမ်းဆောင်ခွင့်ရှိသောကြောင့် သမ္မတ ဒူတာတေးမှာ ၂၀၂၂ ခုနှစ်တွင် ရာထူးမှ ဆင်းပေးရမည်ဖြစ်သည်။ သမ္မတ ဒူတာတေးသည် မူးယစ်ဆေးဝါးနှိမ်နင်းရေးစစ်ပွဲကို ဆက်လက် ဆင်နွှဲမည်ဟု မျှော်လင့်ရပြီး မူးယစ်ဆေးဝါးနှိမ်နင်းမှုများ အတွင်း လူပေါင်း ၅၀၀၀ ထက်မနည်း သေဆုံးခဲ့ရကြောင်း ဒေသန္တရမီဒီယာများက ဆိုသည်။

မနီလာမြို့တော်၌ ရေပြတ်လပ်မှုမှာ အဓိက ပြဿနာတစ်ခုဖြစ်သည်။ ကုန်ဈေးနှုန်းများ၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ ငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့မှာ ဖိလစ်ပိုင်မဲဆန္ဒရှင်များ ထည့်သွင်းစဉ်းစားဖွယ်ရှိသော အကြောင်းအရာများဖြစ်သည်။ ဧပြီလ ၁၀ ရက်မှ ၁၄ ရက်ထိ ပြုလုပ်ခဲ့သည့် Pulse Asia ၏ စစ်တမ်းတစ်ရပ်အရ အထက်လွှတ်တော်တွင် အနိုင်ရရှိရန် အလားအလာကောင်းသော ကိုယ်စားလှယ်လောင်း ၁၄ ဦးအနက် ရှစ်ဦးမှာ သမ္မတ ဒူတာတေးကို ထောက်ခံသူများဖြစ်ပြီး ကျန်ကိုယ်စားလှယ်လောင်းများမှာလည်း ဒူတာတေး၏ မဟာမိတ်များ၊ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများဖြစ်ကြောင်း သိရသည်။ ။

**ကိုးကား-ဗွီအိုအေ**

Philippine Midterm Elections to Test Popularity of President Rodrigo Duterte



## AA အဖွဲ့နှင့် ပတ်သက်ဆက်နွှယ်နေသူများအား စစ်ဆေးဆောင်ရွက်၊ ပတ်သက်ဆက်နွှယ်မှုမရှိသူများအား ပြန်လည်စေလွှတ်

**နေပြည်တော် မေ ၃**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ကျောက်တန်းကျေးရွာမှ AA အဖွဲ့နှင့် ပတ်သက်ဆက်နွှယ်နေသည့် မသင်္ကာဖွယ်ရာအမျိုးသား ၂၇၅ ဦးအား ကျေးရွာစာသင်ကျောင်းတွင် တပ်မတော်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့က ခေတ္တထိန်းသိမ်းထားရှိပြီး တရားဥပဒေအရ အရေးယူနိုင်ရေးအတွက် မေ ၁ ရက်မှစ၍ လိုအပ်သည့် စစ်ဆေးမေးမြန်းမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့စစ်ဆေးမေးမြန်းမှုများ ဆောင်ရွက်ခဲ့ရာ မသင်္ကာဖွယ်ရာ အမျိုးသား ၂၇၅ ဦးအနက် ၁၂၆ ဦးမှာ AA အဖွဲ့နှင့် ပတ်သက်ဆက်နွှယ်မှုမရှိကြောင်း စိစစ်သိရှိရသဖြင့် မေ ၂ ရက်တွင် မသင်္ကာဖွယ်စာရင်းမှ ပယ်ဖျက်၍ ရပ်မိရပ်ဖများ ရှေ့မှောက်၌ ပြန်လည်စေလွှတ်ပေးခဲ့သည်။

လက်ရှိအချိန်၌ ခေတ္တထိန်းသိမ်းထားရှိပြီး စစ်ဆေးမေးမြန်းလျက်ရှိသည့် ၂၇၅ ဦးမှ ပြန်လည်စေလွှတ်ပြီးသူ ၁၂၆ ဦး၊ သေဆုံးသူ ခြောက်ဦး၊ ဆေးရုံတက်ရောက်လျက်ရှိသူ ရှစ်ဦး၊ ပျောက်ဆုံးသူ လေးဦးရှိပြီး ကျန်ရှိသူ ၁၃၁ ဦးအား ဥပဒေနှင့်အညီ အသေးစိတ်စစ်ဆေးမေးမြန်းမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

## AA အဖွဲ့က တပ်မတော်မှ တပ်ကြပ်ကြီးအဆင့်ဖြင့် အငြိမ်းစားယူထားသူအား သတ်ဖြတ်

**နေပြည်တော် မေ ၃**

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ပီကောက်ဝ (ရခိုင်)ကျေးရွာ၌ နေထိုင်သည့် တပ်မတော်မှ တပ်ကြပ်ကြီးအဆင့်ဖြင့် အငြိမ်းစားယူထားသူ ဦးစိန်ကုလားအား AA အဖွဲ့က မေ ၁ ရက်တွင် ဓားဖြင့်ခုတ်၍ သတ်ဖြတ်ခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ပီကောက်ဝ(ရခိုင်)ကျေးရွာနေ တပ်ကြပ်ကြီး(အငြိမ်းစား) ဦးစိန်ကုလား (ဘ) ဦးထွန်းစိန်သည် ဇနီးဖြစ်သူနှင့်အတူ ၎င်း၏နေအိမ်၌ အိပ်ပျော်နေစဉ် ယင်းနေ့ ညသန်းခေါင်ကျော် ၁၂ နာရီခွဲခန့်တွင် AA အဖွဲ့မှ တုတ်၊ ဓားကိုယ်စီ ကိုင်ဆောင်ထားသူ ၁၀ ဦးခန့်က လာရောက်တိုက်ခိုက်ခဲ့သောကြောင့် တပ်ကြပ်ကြီး (အငြိမ်းစား) ဦးစိန်ကုလားတွင် ဓားဒဏ်ရာအများအပြားဖြင့် အခင်းဖြစ်နေရာ၌ပင် သေဆုံးသွားခဲ့ကြောင်း၊ ၎င်း၏ဇနီးဖြစ်သူမှာ နဖူးဒဏ်ရာတစ်ချက်ဖြင့် သတိလစ်မေ့မြောလျက်ရှိသဖြင့် အပေါက်ဝတိုက်နယ်ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ပီကောက်ဝ (ရခိုင်)ကျေးရွာနေသူများအား စုံစမ်းချက်များအရ သေဆုံးသူ ဦးစိန်ကုလားသည် မည်သည့်အဖွဲ့အစည်းနှင့်မျှ ပတ်သက်ဆက်နွှယ်သူ မဟုတ်ကြောင်းနှင့် မိသားစုနှင့်သာ အေးအေးချမ်းချမ်း နေထိုင်သူဖြစ်ကြောင်း သိရှိရသည်။

AA အဖွဲ့အနေဖြင့် ရခိုင်ပြည်နယ်အတွင်း ဒေသတည်ငြိမ်အေးချမ်းမှုမရှိစေရန် ရည်ရွယ်လုပ်ဆောင်လျက်ရှိပြီး အပြစ်မဲ့ဒေသခံပြည်သူများအား သတ်ဖြတ်ခြင်းနှင့် ခြိမ်းခြောက်စာပေးပို့ခြင်းများ စဉ်ဆက်မပြတ် ပြုလုပ်လျက်ရှိရာ ယနေ့အချိန်အထိ အကြောင်းမဲ့သတ်ဖြတ်ခံရသည့် အပြစ်မဲ့ဒေသခံပြည်သူ ၁၁ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၈ ဦးနှင့် ဖမ်းဆီးခေါ်ဆောင်ခြင်းခံရသူ ၉ ဦး ရှိပြီဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

## လှိုင်ကော်နှင့် တောင်ကြီးမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ခဲယမ်းများ သိမ်းဆည်းရမိ



စိန်လှအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများ၊ ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် မေ ၃**

မူးယစ်တပ်ဖွဲ့စု ၂၀ လှိုင်ကော်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂ ရက် ညနေပိုင်းတွင် လှိုင်ကော်မြို့နယ် နွားလပိုးကျေးရွာအုပ်စု ဒေါ်ဆာဆီးကျေးရွာ မြေနီလမ်းတွင် စိန်လှမောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၂၀၀၊ ငွေကျပ် ၁၅၀၀၀၀၊ အမ်-၂၂ ကျည် ၂၅ တောင့်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ ညနေပိုင်းက မူးယစ်တပ်ဖွဲ့စု ၂၅ တောင်ကြီးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့နယ် ဇလဲကျေးရွာအနီး တောင်ကြီး-မိုင်းပျဉ်းကားလမ်းတွင် အာကာမြင့် မောင်းနှင်ပြီး တင်အောင်မျိုး (ခ) ကိုမျိုး လိုက်ပါလာသည့် Honda Insight အမျိုးအစားယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ၁၉၃၅ ပြားနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## သထုံမြို့နယ် ကော့သန်တံတားအနီး အမျိုးသားတစ်ဦး ဆိုင်ကယ်တိုက်မိ၍ သေဆုံး

**သထုံ မေ ၃**

သထုံမြို့ သိမ်ကုန်းရပ်ကွက် ကော့သန်တံတားအနီး ရန်ကုန်-မော်လမြိုင်ကားလမ်းမကြီး မိုင်တိုင်အမှတ် ၁၅၀/၀ နှင့် ၁၅၀/၁ ကြား၌ ဧပြီ ၃၀ ရက် ည ၇ နာရီခွဲခန့်က အမျိုးသားတစ်ဦး ဆိုင်ကယ်တိုက်မိ၍ သေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ သထုံမှ မော်လမြိုင်သို့ အမည်၊ နေရပ်လိပ်စာ စုံစမ်းဆဲအမျိုးသားတစ်ဦး မောင်းနှင်လာသော ဆိုင်ကယ်မှာ ကော့သန်တံတားထိပ်အနီး ဗိုလ်အောင်ဒင်ထမင်းဆိုင်ရှေ့အရောက်၌ လမ်း၏ယာဘက်မှ ဝဲဘက်သို့ လမ်းဖြတ်ကူးသူ ဦးကျော်သက်(ခ)လူပျိုကြီး သိမ်ကုန်းရပ်ကွက် သထုံမြို့နေထိုင်သူအား ဝင်ရောက်တိုက်မိခဲ့သည်။ ဆိုင်ကယ်မောင်းသူ ထွက်ပြေးသွားခဲ့ပြီး အတိုက်ခံရသူ ဦးကျော်သက်(ခ)လူပျိုကြီးမှာ ရရှိသောဒဏ်ရာဖြင့် အခင်းဖြစ်နေရာ၌ သေဆုံးခဲ့သည်။

သို့ဖြစ်ပါ၍ ဆိုင်ကယ်အား မဆင်မခြင်မောင်းသူ (အမည်မသိစုံစမ်းဆဲ)အား သထုံမြို့မရဲစခန်းက ဥပဒေနှင့်အညီ ဆက်လက်စုံစမ်း အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှိုင်ထွန်းအောင်(သထုံ)**



## ဇလွန်နှင့် မင်းလှတွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များပျက်စီး

**ဇလွန်**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ကူးတို့ဆိပ်ကျေးရွာအုပ်စု နှစ်အိမ်တန်းကျေးရွာတွင် မေ ၃ ရက် နံနက် ၅ နာရီခွဲက မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်တစ်လုံး ပြိုလဲပျက်စီးခဲ့ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။ **ဝေယံ-ဇလွန်(ပြန်/ဆက်)**

**မင်းလှ**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် လက်ဆက်အုပ်စု စိန်ကန့်လန့်ကျေးရွာ ရေစက်တန်းလမ်းတွင် မေ ၂ ရက် ညနေ ၄ နာရီခွဲခန့်က လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် နှစ်လုံး အမိုးလန်ပျက်စီးပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်ခံရသည့် နေအိမ်များအား ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ရွာသူ ရွာသားများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ပေါက်စ(မင်းလှ)**



## လေပြင်းတိုက်၍ ဝိုင်ယာရှော့ဖြစ်ကာ မီးလောင်မှုဖြစ်ပွား

**ကျောက်ကြီး မေ ၃**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် နတ်သံကွင်း(၆)ရပ်ကွက်တွင် မေ ၂ ရက် ညနေ ၆ နာရီခွဲက ဝိုင်ယာရှော့ဖြစ်ကာ နေအိမ်နှစ်လုံး မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လျှပ်စစ်မီးလာချိန်တွင် လေပြင်းတိုက်ခတ်မှုကြောင့် ဝိုင်ယာကြိုးအချင်းချင်း ရိုက်မိကာ မီးပွားများဖြစ်ပေါ်ပြီး နတ်သံကွင်း (၆)ရပ်ကွက်ရှိ ဦးကာကာ နေအိမ်ပေါ်သို့ကျရာမှ စတင်လောင်ကျွမ်းခဲ့သည်။ ၎င်းအိမ်နောက်ရှိ ဦးပန်းစံ၏နေအိမ်ပါ မီးကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

အဆိုပါမီးလောင်မှုအား နတ်သံကွင်းနယ်မြေမီးသတ်စခန်းမှ မီးသတ်ယာဉ်တစ်စီး၊ ကျောက်ကြီးမီးသတ်စခန်းမှ မီးသတ်ယာဉ်တစ်စီးဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ နတ်သံကွင်းနယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ရာ ညနေ ၆ နာရီ မိနစ် ၅၀ တွင် ငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုကြောင့် နေအိမ်နှစ်လုံး၊ နွားတင်းကုပ်နှင့် တွဲလျက် စပါးကျည်တစ်လုံးတို့ ဆုံးရှုံးကြောင်း သိရသည်။

**ကိုသားကြီး(ကျောက်ကြီး)**




# အာဆင်နယ်အသင်း၏ ယူရိုပါလိဂ်ဗိုလ်လုပွဲအခွင့်အရေး ၅၀-၅၀ မှာရှိနေဆဲဟု နည်းပြအမ်မရီပြောကြား

အာဆင်နယ်အသင်းရဲ့ ယူရိုပါလိဂ်နောက်ဆုံး ဗိုလ်လုပွဲရောက်ရှိရေးဟာ ၅၀-၅၀ မှာရှိနေဆဲဖြစ်တယ်လို့ အာဆင်နယ်အသင်းနည်းပြ အမ်မရီက ပြောခဲ့ပါတယ်။

အာဆင်နယ်အသင်းဟာ မေ ၃ ရက်က ယူရိုပါလိဂ်ပြိုင်ပွဲရဲ့ ဆီမီးဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ်အဖြစ် စပိန်လာလီဂါကလပ် ဗလင်စီယာအသင်းနဲ့ ကစားခဲ့ရာမှာ အာဆင်နယ်အသင်းက သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့လို့ နည်းပြအမ်မရီက အခုလိုပြောကြားခဲ့တာဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ အာဆင်နယ်အသင်းဟာ ပွဲကစားချိန် ၁၁ မိနစ်မှာ ဗလင်စီယာအသင်းရဲ့ ဦးဆောင်ဂိုးသွင်းယူခြင်းကို ခွင့်ပြုပေးခဲ့ရတာဖြစ်ပေမယ့် ပထမပိုင်းပွဲကစားချိန် ၁၈ မိနစ်နဲ့ ၂၅ မိနစ်တို့မှာ သွင်းယူခဲ့တဲ့ လာကာဇက်တီရဲ့သွင်းဂိုးနှစ်ဂိုးနဲ့ အိမ်ကွင်းအမ်းမရိတ်မှာ ဗလင်စီယာအသင်းကို ပြန်လည်ဦးဆောင်ကစားနိုင်ခဲ့ပါတယ်။

ဒုတိယပိုင်းမှာ နှစ်သင်းစလုံးဟာ နောက်တစ်ဆင့်တက်ရေးမျှော်လင့်ချက်နဲ့ အကြိတ်အနယ်ကစားခဲ့ကြပြီး ပွဲကစားချိန် မိနစ် ၉၀ အရောက်မှာ အာဆင်နယ်အသင်းက အူဘာမေယန်ရဲ့ သွင်းဂိုးတစ်ဂိုးထပ်မံရရှိခဲ့တာကြောင့် ဗလင်စီယာအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။အခုပွဲစဉ်မှာ တစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ အူဘာမေယန်ဟာ ပြိုင်ပွဲအရပ်ရပ် အိမ်ကွင်းအမ်းမရိတ်မှာ ကစားခဲ့တဲ့ ပွဲစဉ် ၂၃ ပွဲမှာ အာဆင်နယ်အသင်းရရှိခဲ့တဲ့ သွင်းဂိုးတွေထဲက ဂိုး ၃၀ အထိပါဝင်ပတ်သက်မှုရှိခဲ့တဲ့ကစားသမားတစ်ဦးဖြစ်ပြီး ၂၃ ဂိုးသွင်းယူထားကာ ခုနစ်ဂိုးဖန်တီးပေးထားနိုင်ခဲ့တာလည်းဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ ပရီမီယာလိဂ်ပြိုင်ပွဲမှာ နှစ်ပွဲကစားဖို့အလိုမှာ အဆင့် ၄ နေရာက ချယ်လ်ဆီးအသင်းနဲ့ နှစ်မှတ်ကွာအနေအထားမှာရှိနေတာမို့ လာမယ့်ဘောလုံးရာသီချန်ပီယံလိဂ်ဝင်ဖို့ မသေချာတဲ့အနေအထားမှာရှိနေတာဖြစ်ပြီး အခုယူရိုပါလိဂ်ဖလားရရှိခဲ့ရင် ချန်ပီယံလိဂ်ဝင်ခွင့်သေချာမှာဖြစ်တာကြောင့် နည်းပြအမ်မရီအတွက် အခွင့်အရေးကောင်းလည်းဖြစ်ပါတယ်။

အာဆင်နယ်ဟာ လာမယ့်ပွဲစဉ်အဖြစ် မေ ၅ ရက်မှာ ဘရိုက်တန်နဲ့ ပရီမီယာလိဂ်ပွဲစဉ်၊ ဗလင်စီယာကတော့ မေ ၆ ရက်မှာ ဟူစကာအသင်းနဲ့ လာလီဂါပွဲစဉ်ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်ပါတယ်။





# လီဗာပူးကွင်းလယ်လူကီတာ အနည်းဆုံးနှစ်လကြာ နားရမည်

လီဗာပူးအသင်းရဲ့ ကွင်းလယ်ကစားသမား နာဘီကီတာဟာ လီဗာပူးအသင်းနဲ့ ဘာစီလိုနာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်မှာ ပေါင်ဒဏ်ရာရရှိခဲ့တာကြောင့် အနည်းဆုံးနှစ်လကြာ အနားယူရမှာဖြစ်တယ်လို့ သိရပါတယ်။

ဂီနီယာကြယ်ပွင့် ကီတာဟာ အခုနှစ်ဘောလုံးရာသီရဲ့ လက်ကျန်ပွဲစဉ်တွေကို လွဲချော်မှာဖြစ်တဲ့အပြင် ဇွန် ၂၁ ရက်မှာ အီဂျစ်နိုင်ငံမှာ ကျင်းပမယ့် အာဖရိကနိုင်ငံများဖလားပွဲစဉ်မှာလည်း ပါဝင်လာဖို့မသေချာဖြစ်နေပါတယ်။ "စိတ်မကောင်းပါဘူး။ ပြင်းပြင်းထန်ထန်ဒဏ်ရာရရှိခဲ့တာပါ၊ သတင်းဆိုးတစ်ခုကတော့ လာမယ့်ဇွန်လမှာ ကျင်းပမယ့် အာဖရိကနိုင်ငံများဖလားမှာ ပါဝင်လာဖို့မသေချာတာပဲဖြစ်ပါတယ်"လို့လည်း လီဗာပူးအသင်းနည်းပြကလော့က ပြောခဲ့ပါတယ်။

ကွင်းလယ်ကစားသမားကီတာဟာ လီဗာပူးအသင်းက ဘာစီလိုနာအသင်းကို သုံးဂိုးပြတ်ရှုံးနိမ့်ခဲ့တဲ့ ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်ပထမအကျော့ပွဲစဉ်မှာ ပွဲကစားချိန် ၂၄ မိနစ်အရောက်မှာ ဒဏ်ရာရရှိခဲ့တာဖြစ်ပါတယ်။အခုရရှိခဲ့တဲ့ ဒဏ်ရာကြောင့် ကွင်းလယ်ကစားသမား ကီတာအနေနဲ့ လီဗာပူးအသင်း ကစားဖို့ ကျန်ရှိနေသေးတဲ့ ပရီမီယာလိဂ်ပွဲစဉ်နှစ်ပွဲဖြစ်တဲ့ နယူးကာဆယ်အသင်း၊ ဝုလ်ဗက်စ်အသင်းတို့နဲ့ ပွဲစဉ်တွေမှာ လွဲချော်မှာဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**

# မန်ယူအသင်းက မာတာအား တစ်နှစ်သက်တမ်းတိုးမည်

မန်ယူအသင်းဟာ ကွင်းလယ်ကစားသမား မာတာအား တစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုဖို့ စီစဉ်နေတယ်လို့ ဆိုပါတယ်။ မာတာရဲ့လက်ရှိစာချုပ်သက်တမ်းဟာ နောက်ဆုံးနှစ်လအတွင်းသို့ ရောက်ရှိလာခဲ့ပြီဖြစ်တာကြောင့် မာတာကို ချုပ်ဆိုခဲ့စဉ်က စာချုပ်ပါအချက်အလက်တွေအရ နောက်ထပ်တစ်နှစ်သက်တမ်းတိုးဖို့စီစဉ်ခဲ့တာလည်း ဖြစ်ပါတယ်။ မာတာအနေနဲ့ မန်ယူအသင်းမှာ ဆက်ကစားဖို့လည်း ဆန္ဒရှိနေတယ်လို့ ဆိုပါတယ်။ ကွင်းလယ်ကစားသမားမာတာဟာ ၂၀၁၄ ခုနှစ်က ချယ်လ်ဆီးအသင်းကနေ ရောက်ရှိလာတာဖြစ်ပြီး မန်ယူအသင်းနဲ့အတူ ပွဲပေါင်း ၁၆၀ ပါဝင်ကစားထားကာ သွင်းဂိုး ၃၃ ဂိုးအထိသွင်းယူထားနိုင်တဲ့ကွင်းလယ်ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။

# လူ ၉၀ ကျော် HIV ရောဂါ ကူးစက်ခံခဲ့ရပြီးနောက် ပါကစ္စတန်ဆရာဝန် အဖမ်းခံရ

**ကရာချိ (ပါကစ္စတန်) မေ ၃**

ပါကစ္စတန်နိုင်ငံတောင်ဘက် ဘာကာနာမြို့၌ ကလေး ၆၅ ယောက်အပါအဝင် လူ ၉၀ ကျော် HIV ရောဂါ ကူးစက်ခံခဲ့ရကြောင်း၊ ယင်းကဲ့သို့ ရောဂါကူးစက်ခံခဲ့ရခြင်းမှာ ဆရာဝန်တစ်ဦးက မသန့်ပြန့်သော ဆေးထိုးအပ်များ အသုံးပြုမှုကြောင့်ဖြစ်ဖွယ်ရှိကြောင်း ပါကစ္စတန် ဆေးဘက်ဆိုင်ရာ တာဝန်ရှိသူများက မေ ၃ ရက်တွင် ပြောကြားသည်။

ပါကစ္စတန်ကျန်းမာရေးအာဏာပိုင်များက တိုင်တန်းချက်များကို လက်ခံရရှိခဲ့ပြီးနောက် အဆိုပါ သံသယရှိသူ ဆရာဝန်ကို ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်းဖြစ်ပြီး ဆရာဝန်ကိုယ်တိုင်လည်း HIV ရောဂါ ခံစားနေရသူတစ်ဦးဖြစ်သည်ဟု ဒေသဆိုင်ရာ ရဲတပ်ဖွဲ့အကြီးအကဲ ကမ်ရန်နဝါဇ်က ပြောကြားသည်။

ပြီးခဲ့သည့်သီတင်းပတ်က ဘာကာနာမြို့၏ဆင်ခြေဖုံးဒေသမှ ကလေးသူငယ်များကို တာဝန်ရှိသူများက ကျန်းမာရေးဆိုင်ရာ စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ပြီး ၎င်းတို့အနက် ကလေး ၁၈ ယောက်မှာ HIV ရောဂါလက္ခဏာ ပြသခဲ့ပြီးနောက် ကျန်းမာရေး အာဏာပိုင်များက ရောဂါအသေးစိတ် ရှာဖွေစမ်းသပ်မှုများကို ဆက်လက်လုပ်ဆောင်ကာ ရောဂါကူးစက်ခံရသူ လူအများအပြားကို နောက်ထပ်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ယင်းစမ်းသပ်စစ်ဆေးချက်အရ လူ ၉၀ ကျော် ရောဂါကူးစက်ခံရပြီး ယင်းတို့အနက် ၆၅ ယောက်မှာ ကလေးများ ဖြစ်သည်ဟု လာကာနာခရိုင် တာဝန်ရှိဆရာဝန် ဒေါက်တာ အဗ္ဗဒုလ်ရီဟာမန်က အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။ ရောဂါဖြစ်ပွားရခြင်း၏ ဇာစ်မြစ်ကို လိုက်လံရှာဖွေရာတွင် ညစ်ပတ်သောဆေးထိုးအပ်များ သုံးစွဲဖွယ်ရှိသည့် ဆရာဝန်တစ်ဦးမှ ပေါ်ပေါက်လာကြောင်း လေ့လာသိရှိရသည်ဟု ကျန်းမာရေး အာဏာပိုင်များက ဆိုသည်။ အဆိုပါ ဆရာဝန်အား ဖမ်းဆီးထိန်းသိမ်းမှုကို ဆင့်ပြည်နယ် ကျန်းမာရေးဝန်ကြီး အဇရာပီ ကျူဟိုက အတည်ပြုခဲ့ခြင်းဖြစ်သည်။

"HIV ရောဂါကူးစက်ခံရသူတွေရဲ့မိဘများကိုလည်း စမ်းသပ်စစ်ဆေးခဲ့ပေမယ့် သူတို့မှာ ရောဂါလက္ခဏာ မပြပါဘူး"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ပါကစ္စတန်နိုင်ငံသည် HIV ရောဂါကူးစက်ပျံ့နှံ့မှုနည်းပါးသည့် နိုင်ငံအဖြစ် ယူဆရသော်လည်း ယခုအခါ ရောဂါ ကူးစက်မှုနှုန်း ပိုမိုကျယ်ပြန့်လာသည်။ ပါကစ္စတန်နိုင်ငံတွင် HIV ရောဂါကူးစက်မှုကို မူးယစ်ဆေးဝါးသုံးစွဲသူများ၊ လိင်လုပ်သားများနှင့် ပင်လယ်ကွေ့ဒေသများမှ ပြန်လာသည့် ရွှေ့ပြောင်းအလုပ်သမားများတွင် အများဆုံး တွေ့ရှိရကြောင်း သိရသည်။

ကိုးကား-အေအက်ဖ်ပီ

**ဘာသာပြန်-ဂျေတီ**

## အနုပညာ

# တတိယမြောက် ရင်သွေးလေးအကြောင်း ဖွင့်ဟလာတဲ့ ရှိုင်ယန်ရေးနော့ဇ်



ဟောလိဝုဒ်ကြယ်ပွင့် စုံတွဲတစ်တွဲဖြစ်တဲ့ မင်းသားရှိုင်ယန်ရေးနော့ဇ်နဲ့ ဇနီးဖြစ်သူ ဘလိတ်ခ်လိုက်ဗ်လီတို့ဟာ လတ်တလောမှာ ပြုလုပ်ခဲ့တဲ့ အနုပညာအခမ်းအနားတစ်ခုကို အတူတက်ရောက်ခဲ့ကြပါတယ်။ ဒီလို ကော်ဇောနီပေါ် လျှောက်လှမ်းခဲ့ရာမှာတော့ ဘလိတ်ခ်လိုက်ဗ်လီဟာ တတိယမြောက် ရင်သွေးလေးကို လွယ်ထားရတာ တွေ့ခဲ့ရကြောင်း ယူအက်စ်မဂ္ဂဇင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ မေ ၂ ရက်မှာတော့ နယူးယော့ခ်မှာ ရှိုင်ယန်ရေးနော့ဇ်ပါဝင်ထားတဲ့ ပိုကီမွန်ရုပ်ရှင်သစ်ကို အထူးပွဲ ပြသခဲ့တာ ဖြစ်ပါတယ်။ ဒီအခမ်းအနားကို သူ့ရဲ့ဇနီးဖြစ်သူ မင်းသမီးဘလိတ်ခ်လိုက်ဗ်လီလည်း အတူတက်ရောက်ခဲ့ပါတယ်။ ဗလိတ်ခ်ဟာ တတိယမြောက်ရင်သွေးလေး လွယ်ထားရတာကိုလည်း တွေ့ခဲ့ရပါတယ်။

ကြယ်ပွင့် နှစ်ဦးဟာ ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ်အတွင်း လက်ထပ်ခဲ့ကြတာဖြစ်ပြီး လက်ရှိမှာတော့ အသက် လေးနှစ်နဲ့ နှစ်နှစ်အရွယ် သမီးလေး နှစ်ဦး ရရှိထားပြီး ဖြစ်တယ်လို့လည်း သိရပါတယ်။

**အေးပြည့်-ရေးသားသည်**

# ဘေဘုတ်တေးဂီတဆုပေးပွဲအပြီး ခွဲစိတ်ကုသမှုခံယူခဲ့ရတဲ့ ကယ်လီကလာ့ခ်ဆန်

ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးဖြစ်သူ ကယ်လီကလာ့ခ်ဆန်ဟာ လတ်တလောမှာ ပြုလုပ်ခဲ့တဲ့ ဘေဘုတ် တေးဂီတဆုပေးပွဲမှာ အစီအစဉ်တင်ဆက်သူအဖြစ် ပါဝင်လုပ်ဆောင်ပေးခဲ့ပါတယ်။ ဒီလိုအခမ်းအနားမှာ တင်ဆက်ပေးခဲ့ပြီးနောက် ခွဲစိတ်ကုသမှုခံယူဖို့ရာ လော့စ်အန်ဂျလိစ်ကို ချက်ချင်း ပြန်ခဲ့ရတာဖြစ်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ကယ်လီကလာ့ခ်ဆန်ဟာ မေ ၁ ရက်က ပြုလုပ်ခဲ့တဲ့ ဘေဘုတ်တေးဂီတဆုပေးပွဲမှာ အစီအစဉ်တွေကို တင်ဆက်ပေးခဲ့ရာမှာတော့ နာကျင်နေပုံ မတွေ့ရပါဘူး။ ဒါပေမယ့် ဆုပေးပွဲညအပြီး နောက်နေ့နံနက်မှာတော့ သူဟာ အူအတက်ခွဲစိတ်ကုသမှုခံယူခဲ့ရကြောင်း သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့တာ ဖြစ်ပါတယ်။ သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့ရာမှာတော့ ဘေဘုတ်တေးဂီတဆုပေးပွဲအတွက် အကောင်းဆုံးဖြစ်အောင် ကြိုးစားခဲ့ကြတဲ့ အဖွဲ့တွေကို ကျေးဇူးတင်ကြောင်း ထည့်သွင်းရေးသားဖော်ပြခဲ့ကြတာလည်း တွေ့ရပါတယ်။



# စက်မှုဇုန်ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**ယမန်နေ့မှအဆက်**

**အခန်း(၃)**

**ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၄။ အစိုးရအဖွဲ့သည် -

(က) စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်ရန် စက်မှုလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် သင့်လျော်သော ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်တစ်ဦးကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အဖွဲ့အစည်းများမှ သင့်လျော်သော ပုဂ္ဂိုလ်များကို အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်စေလျက် ၁၅ ဦးထက်မပိုသော ဗဟိုကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် အဖွဲ့ဝင်များအနက်မှ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်တာဝန်ပေးရမည်။

(ဂ) လိုအပ်ပါက ကော်မတီ၏အဖွဲ့ဝင်များ အစားထိုးခန့်ထားခြင်းနှင့် ပြင်ဆင်ဖွဲ့စည်းခြင်းကို ဆောင်ရွက်နိုင်သည်။

၅။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စက်မှုဇုန်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် မူဝါဒချမှတ်ခြင်းနှင့် လမ်းညွှန်ခြင်း၊

(ခ) စက်မှုဇုန်တည်ထောင်ရေးအတွက် တင်ပြလာသော အဆိုပြုချက်၊ သင့်လျော်သည့် နေရာ၊ လိုအပ်သည့်နယ်မြေ ဧရိယာ၊ အကျယ်အဝန်းနှင့်နယ်နိမိတ် ပိုင်းခြားသတ်မှတ်ချက်၊ စီးပွားရေးဆောင်ရွက်ရန် အခြေခံလိုအပ်ချက်များ ရရှိနိုင်မှုအခြေအနေနှင့် စီးပွားရေးတိုးတက်နိုင်မှု အလားအလာတို့ကို စိစစ်သုံးသပ်လျက် သဘောထားမှတ်ချက်များနှင့်တကွ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ သဘောတူညီချက်ရယူခြင်း၊

(ဂ) ဒေသဆိုင်ရာကော်မတီများ ဖွဲ့စည်းခြင်း၊

(ဃ) ဒေသဆိုင်ရာကော်မတီမှ တင်ပြလာသော စက်မှုဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှုများ၊ ရင်းနှီးတည်ဆောက်သူများအား စည်းကြပ်ကောက်ခံရမည့်အခွန်အခများ၊ မြေငှားရမ်းခနှင့် မြေအသုံးပြုခများကို အတည်ပြုသတ်မှတ်ခြင်း၊

(င) ဒေသဆိုင်ရာကော်မတီမှ တင်ပြလာသည့် စက်မှုဇုန် တည်ဆောက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆိုင်ရာ အဆိုပြုချက်များ၊ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်များ၊ မူဝါဒဆိုင်ရာနှင့် အခြားကိစ္စများကို ညှိနှိုင်းဆောင်ရွက်ပေးခြင်းနှင့် လမ်းညွှန်ခြင်း၊

(စ) စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံများနှင့် လိုအပ်သောအထောက်အပံ့များ စီစဉ်ဆောင်ရွက်ခြင်း။

**အခန်း(၄)**

**ဒေသဆိုင်ရာကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၆။ ဗဟိုကော်မတီသည် -

(က) ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဒေသအလိုက် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဒေသဆိုင်ရာကော်မတီကိုဖွဲ့စည်း၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒေသအလိုက် အစိုးရအဖွဲ့ဝန်ကြီးချုပ်အား ကော်မတီ၏ နာယကအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ နေပြည်တော်ကောင်စီဝင်၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌများအနက်မှ အများဆုံးငါးဦးအား အဖွဲ့ဝင်များအဖြစ်လည်းကောင်း ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

(ခ) ဒေသဆိုင်ရာကော်မတီ၏ အတွင်းရေးမှူးအဖြစ် ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သူအားလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူးအဖြစ် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ ဦးစီးဌာနမှူးအားလည်းကောင်း တာဝန်ပေးအပ်ရမည်။

(ဂ) ဒေသဆိုင်ရာကော်မတီအား ဥက္ကဋ္ဌအပါအဝင် ၁၅ ဦးအထိ ဖွဲ့စည်းနိုင်သည်။ ကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၇။ ဒေသဆိုင်ရာကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကဖြစ်စေ၊ ရင်းနှီးတည်ဆောက်သူကဖြစ်စေ စက်မှုဇုန်အသစ်တည်ထောင်ရေးအတွက် အဆိုပြုချက်နှင့်စပ်လျဉ်း၍ သင့်လျော်သည့်နေရာ၊ လိုအပ်သည့်နယ်မြေဧရိယာ၊ အကျယ်အဝန်းနှင့် နယ်နိမိတ်ပိုင်းခြားသတ်မှတ်ချက်၊ စီးပွားရေးဆောင်ရွက်ရန် အခြေခံလိုအပ်ချက်များ ရရှိနိုင်မှုအခြေအနေနှင့် စီးပွားရေးတိုးတက်နိုင်မှု အလားအလာတို့ကို စိစစ်သုံးသပ်လျက် သဘောထားမှတ်ချက်များနှင့်တကွ ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ခ) စက်မှုဇုန်များ၏ အခြေခံအဆောက်အအုံများ ပြည့်စုံမှုနှင့် လိုအပ်မှု၊ မြေ၊ ရေနှင့် စွမ်းအင် အကျိုးရှိစွာအသုံးချမှု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားတာဝန်ယူနိုင်မှုတို့အပေါ် သုံးသပ်၍ လိုအပ်သောမူဝါဒများ ချမှတ်နိုင်ရန်အတွက် ဗဟိုကော်မတီသို့တင်ပြခြင်း၊

(ဂ) စက်မှုဇုန်ပြင်ပ၌ လုပ်ကိုင်နေသောလုပ်ငန်းများအား စက်မှုဇုန်သို့ ပြောင်းရွှေ့လုပ်ကိုင်ရန် ကြပ်မတ်ဆောင်ရွက်ခြင်း၊ စက်မှုဇုန်အတွင်း လုပ်ကိုင်သူများအား အခွင့်အရေးနှင့် သက်သာခွင့်များရရှိစေရန်အတွက် မူဝါဒတောင်းခံရန် လိုအပ်ပါက ဗဟိုကော်မတီသို့ တင်ပြဆောင်ရွက်ခြင်း၊

(ဃ) စက်မှုဇုန်သစ်များတည်ထောင်ခြင်းနှင့် လက်ရှိဖော်ထုတ်ပြီး စက်မှုဇုန်များတွင် ဆောင်ရွက်လျက်ရှိသော ဖွံ့ဖြိုးရေးအစီအစဉ်များအား အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း၊

(င) တည်ထောင်ပြီး စက်မှုဇုန်များနှင့် စက်မှုဇုန်အသစ်များအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောအစီအမံများ ရေးဆွဲတင်ပြခြင်း၊ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်းနှင့် ဗဟိုကော်မတီ၏ အတည်ပြုချက်ရယူခြင်း၊

(စ) တည်ထောင်ပြီး စက်မှုဇုန်များအတွင်း ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသစ်များအတွက် နေရာချထားပေးနိုင်သော အဆောက်အဦများဆောက်လုပ်ရန် နေရာသတ်မှတ်ခြင်း၊ စိစစ်ခြင်းနှင့် အတည်ပြုခြင်း၊

(ဆ) ပုဒ်မ ၂၆ အရ စက်မှုဇုန်တွင် ရင်းနှီးမြှုပ်နှံသူများ၏ လုပ်ကိုင်ခွင့်လျှောက်ထားလာမှုအပေါ် သတ်မှတ်ချက်နှင့်အညီ စိစစ်ခွင့်ပြုပေးခြင်း၊

(ဇ) စည်းကြပ်ကောက်ခံရမည့် အခွန်အခများ၊ မြေငှားရမ်းခနှင့် မြေအသုံးပြုခများကို သတ်မှတ်ထုတ်ပြန်ကြေညာနိုင်ရန် အတွက် ဗဟိုကော်မတီသို့ အဆိုပြုတင်ပြ၍ ခွင့်ပြုချက်နှင့်အညီ ကောက်ခံခြင်း၊

(ဈ) ပုဒ်မ ၂၄၊ ပုဒ်မခွဲ(ဆ) အရ ရရှိသည့် ရငွေများအနက် ဗဟိုကော်မတီက သတ်မှတ်သည့် ရာခိုင်နှုန်းကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် ပေးသွင်းပြီး ကျန်ငွေများကို ရန်ပုံငွေအဖြစ်သတ်မှတ်၍ ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

(ည) စီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းနိုင်ရန် အစီအမံများချမှတ်ပေးခြင်းနှင့် ယင်းကော်မတီတွင် တာဝန်ထမ်းဆောင်ရန် အရွေးချယ်ခံမည့် ရင်းနှီးမြှုပ်နှံသူများ၏ အရည်အချင်းကို သတ်မှတ်ပေးခြင်း၊

(ဋ) စီမံခန့်ခွဲရေးကော်မတီများ ဖွဲ့စည်းမှုကို အတည်ပြုခြင်း၊ လုပ်ငန်းများကို အခါအားလျော်စွာ စစ်ဆေးခြင်းနှင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းပေးခြင်း၊

(ဌ) စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံခန့်ခွဲရေးကော်မတီက တင်ပြလာသည့် စီမံကိန်းများကို စိစစ်၍ အတည်ပြုခြင်း၊ စီမံချက်များအား စိစစ်၍ခွင့်ပြုခြင်း၊

(ဍ) စက်မှုဇုန်အတွင်း အဆောက်အဦ ဆောက်လုပ်ခြင်း၊ လမ်းဖောက်ပြုပြင်ခြင်းကို စီမံခန့်ခွဲရေးကော်မတီ၏ တင်ပြချက်အပေါ် စိစစ်ခွင့်ပြုပေးခြင်း၊

(ဎ) စီမံခန့်ခွဲရေးကော်မတီမှ တင်ပြလာသည့် စက်မှုဇုန်အတွင်း ရင်းနှီးမြှုပ်နှံနိုင်မည့် လုပ်ငန်းအမျိုးအစားများ သတ်မှတ်ပေးခြင်း၊

(ဏ) စက်မှုဇုန်နှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေကို ဗဟိုကော်မတီသို့ ခြောက်လတစ်ကြိမ် အစီရင်ခံတင်ပြခြင်း၊

(တ) စက်မှုဇုန်အတွင်း ကျူးကျော်ခြင်း၊ ခွင့်ပြုချက်မရှိဘဲ အဆောက်အဦဆောက်လုပ်ခြင်း၊ လမ်းဖောက်ခြင်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်း၍ တည်ဆဲဥပဒေအရ အရေးယူခြင်း။

**အခန်း (၅)**

**စီမံခန့်ခွဲရေးကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၈။ ဒေသဆိုင်ရာကော်မတီသည် -

(က) ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ စက်မှုဇုန်အလိုက် စီမံခန့်ခွဲရေးကော်မတီတစ်ရပ်စီကို စက်မှုဇုန်လုပ်ငန်းရှင်များမှ ရွေးချယ်တင်မြှောက်သည့် ရင်းနှီးမြှုပ်နှံသူ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ အစိုးရဌာန အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။

(ခ) သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ၏ ရွေးချယ်တင်မြှောက်ခံအဖွဲ့ဝင်များအနက်မှ သင့်လျော်သည့်အဖွဲ့ဝင်တစ်ဦးအား အများဆန္ဒဖြင့် ရွေးချယ်လျက် ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို အများဆန္ဒအရ ရွေးချယ်သတ်မှတ်တာဝန်ပေးရမည်။

(ဃ) စီမံခန့်ခွဲရေးကော်မတီအား ဥက္ကဋ္ဌအပါအဝင် အနည်းဆုံး ၁၅ ဦးမှ အများဆုံး ၂၁ ဦးအထိ ဖွဲ့စည်းရမည်။ လစ်လပ်သွားသော ကော်မတီဝင်များအား အစားထိုးခန့်ထားခြင်းကို ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်နိုင်သည်။

၉။ စီမံခန့်ခွဲရေးကော်မတီ၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်ရက်မှစ၍ ၅ နှစ်ဖြစ်သည်။ ရွေးကောက်ခံကော်မတီဝင်များ၏ သက်တမ်းသည် တစ်ဆက်တည်း နှစ်ကြိမ်အထိသာ ကော်မတီဝင်အဖြစ် ဆောင်ရွက်နိုင်သည်။

၁၀။ စီမံခန့်ခွဲရေးကော်မတီသည် ဒေသဆိုင်ရာကော်မတီအား တာဝန်ခံရမည်။

၁၁။ စီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သက်ဆိုင်ရာ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်းသော စီမံကိန်းရေးဆွဲခြင်း၊ နှစ်စဉ်လုပ်ငန်းစီမံချက် ရေးဆွဲခြင်းတို့ကို ဒေသဆိုင်ရာကော်မတီသို့တင်ပြပြီး အတည်ပြုချက်ရယူခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) တည်ထောင်ပြီးစက်မှုဇုန်များတွင် အသုံးမပြုရသေးသော မြေနေရာများအား အသေးစား၊ အငယ်စား၊ အလတ်စား စက်မှုလုပ်ငန်းများကို နေရာချထားနိုင်ရေးအတွက် စိစစ်တင်ပြခြင်း၊

(ဂ) စက်မှုဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ လုပ်ကိုင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခြင်း၊ ရင်းနှီးမြှုပ်နှံနိုင်မည့် လုပ်ငန်းအမျိုးအစားများ သတ်မှတ်ရန် တင်ပြခြင်းနှင့် ဒေသဆိုင်ရာကော်မတီ၏ ခွင့်ပြုချက်ဖြင့် အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာခြင်း၊

(ဃ) ရင်းနှီးမြှုပ်နှံမှုနှင့်ရင်းနှီးတည်ဆောက်မှုဆိုင်ရာ စီမံကိန်းများ အကောင်အထည်ဖော်ရေး၊ မြေအသုံးပြုရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပညာရေး၊ ကျန်းမာရေး၊ ငွေရေးကြေးရေး၊ အခွန်အခ၊ စည်ပင်သာယာရေး၊ လမ်းပန်းဆျောမွေ့စေရေး၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ လုံခြုံရေးနှင့် မီးဘေးလုံခြုံရေး၊ လျှပ်စစ်စွမ်းအင်နှင့် ရေရရှိရေးစသည့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ကြီးကြပ်ကွပ်ကဲခြင်း၊ စစ်ဆေးခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) စက်မှုဇုန်အတွင်း နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများ၊ ကျွမ်းကျင်အလုပ်သမားများနှင့် ပညာရှင်များအား အလုပ်ခန့်ထားရေး၊ ယင်းတို့၏ မိသားစုဝင်များ နေထိုင်ခွင့်ရရှိရေးနှင့် ပြည်တွင်းခရီးသွားလာရေးတို့အတွက် လိုအပ်သည်များကို ထောက်ခံတင်ပြခြင်း၊

(စ) စက်မှုဇုန်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် တည်ဆဲဥပဒေများနှင့်အညီ ကြီးကြပ်ကွပ်ကဲခြင်း၊ စက်ရုံမှ စွန့်ထုတ်ပစ္စည်း စွန့်ပစ်ရေးစနစ်ကို စိစစ်ခြင်း၊ ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူအား သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်စေခြင်း၊

(ဆ) ဗဟိုကော်မတီနှင့် ဒေသဆိုင်ရာကော်မတီတို့မှ ထုတ်ပြန်သော မူဝါဒများ၊ ညွှန်ကြားချက်များနှင့်အညီ စည်းကမ်းများ ထုတ်ပြန်ခြင်းနှင့် စက်မှုဇုန်အတွင်း စီမံခန့်ခွဲခြင်း၊

(ဇ) တည်ထောင်ပြီး စက်မှုဇုန်အတွင်းလိုအပ်သော စားသောက်ဆိုင်၊ လူနေဆိုင်ခန်း (Shophouse)၊ လူမှုဖူလုံရေးရုံး၊ လူမှုဖူလုံရေးဆေးခန်း၊ သင်တန်းကျောင်းများနှင့် လူနေတိုက်တာ အဆောက်အဦးများအတွက် လိုအပ်သောမြေနေရာကို ဒေသဆိုင်ရာကော်မတီ၏ သဘောတူချက်ဖြင့် သတ်မှတ်ဆောင်ရွက်နိုင်ခြင်း၊

(ဈ) စက်မှုဇုန်စီမံခန့်ခွဲမှုရုံးကို ဖွဲ့စည်းပြီး အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ ခန့်အပ်ခြင်း၊

**(ဆက်လက်ဖော်ပြပါမည်)**

# နေရပ်စွန့်ခွာသွားသူများအား ပြန်လည်စိစစ်လက်ခံရေး မြန်မာ-ဘင်္ဂလားဒေ့ရှ် ပူးတွဲလုပ်ငန်းအဖွဲ့၏ စတုတ္ထအကြိမ် အစည်းအဝေးကို မြန်မာနိုင်ငံတွင် လက်ခံကျင်းပ

**နေပြည်တော် မေ ၃**

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား နေရပ်စွန့်ခွာသွားသူများ ပြန်လည်စိစစ်လက်ခံရေး ပူးတွဲလုပ်ငန်းအဖွဲ့၏ စတုတ္ထအကြိမ် အစည်းအဝေးကို နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ယနေ့နံနက်ပိုင်းတွင် လက်ခံကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် (အာရှနှင့်ပစိဖိတ်) မစ္စတာ မာဘု အူဇမန် (Mr. Mahbub Uz Zaman, Secretary – Bilateral, Asia and the Pacific) တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

အဆိုပါအစည်းအဝေးတွင် နေရပ်စွန့်ခွာသွားသူများအား ပြန်လည်လက်ခံရေးအတွက် အစီအမံများ စီစဉ်ဆောင်ရွက်မှု၊ ရခိုင်ပြည်နယ်တွင် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာ စီမံဆောင်ရွက်ထားရှိမှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာသင်ကြားရေးတို့အတွက် လိုအပ်သည့်အစီအမံများ ဆောင်ရွက်ထားရှိမှု၊ နေရပ်စွန့်ခွာသွားသူများအား ပြန်လည်လက်ခံရေးအတွက် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စိစစ်ဆောင်ရွက်ပြီးစီးမှုတို့ကို ဆွေးနွေးခဲ့သည်။ ထို့အပြင် ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေးနှင့် လူမှုဝန်းကျင်တွင် ပြန်လည်ပေါင်းစည်းရေးဆိုင်ရာ လုပ်ငန်းစဉ်များတွင် ကုလသမဂ္ဂ၊ အာဆီယံနှင့် အခြားမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ နေရပ်စွန့်ခွာသွားသူများအနေဖြင့် ၎င်းတို့ဆန္ဒအလျောက် နေရပ်ပြန်လာရာတွင် စနစ်တကျ စိစစ်လက်ခံရေးနှင့် အကြမ်းဖက်မှုနှင့် အစွန်းရောက်မှုများအား ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များကို နှစ်ဖက်အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**အဖြေရှာဆောင်ရွက်**

အဆိုပါအစည်းအဝေးတွင် မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်မှုနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများအပါအဝင် နယ်စပ်ဖြတ်ကျော်မှုခင်းများကို နှစ်နိုင်ငံအကြား လက်ရှိထူထောင်ထားသော ယန္တရားများမှတစ်ဆင့် အရှိန်အဟုန်မြှင့်ပူးပေါင်းဆောင်ရွက်ရေး၊ နေရပ်စွန့်ခွာသွားသူများအား ပြန်လည်စိစစ်လက်ခံရာတွင် ဖြစ်ပေါ်လာနိုင်သည့်ကိစ္စရပ်များကို နှစ်ဖက်အဖွဲ့ငယ်များဖွဲ့စည်းလျက် အဖြေရှာဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့က နေရပ်စွန့်ခွာသွားသူများကို ပြန်လည်စိစစ်လက်ခံရာတွင် နှစ်နိုင်ငံအကြား သဘောတူလက်မှတ်ရေးထိုးထားသည့် "Arrangement on Return of the Displaced Persons from Rakhine State" နှင့် "Physical Arrangement for Repatriation of Displaced Myanmar Residents from Bangladesh under the Arrangement on Return of the Displaced Persons from Rakhine State" တို့ကို အခြေခံ၍ စနစ်တကျ ပြန်လည်စိစစ်လက်ခံသွားမည်ဖြစ်ကြောင်း ထပ်လောင်းအသိပေးပြောကြားခဲ့သည်။



မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား နေရပ်စွန့်ခွာသွားသူများ ပြန်လည်စိစစ်လက်ခံရေး ပူးတွဲလုပ်ငန်းအဖွဲ့၏ စတုတ္ထအကြိမ် အစည်းအဝေး ကျင်းပစဉ်။

**အစီအမံများအတိုင်း ညှိနှိုင်း**

မြန်မာကိုယ်စားလှယ်အဖွဲ့က နှစ်နိုင်ငံအကြား ဖြစ်ပွားလေ့ရှိသည့်ကိစ္စရပ်များကို နှစ်နိုင်ငံဆွေးနွေးညှိနှိုင်းအဖြေရှာဆောင်ရွက်ခြင်းဖြင့်သာ အဖြေရှာဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်းနှင့် နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေး ဆောင်ရွက်ရာတွင်လည်း နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် အစီအမံများအတိုင်း ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အတည်ပြုပြောကြားသည်။

ထို့အပြင် မြန်မာကိုယ်စားလှယ်အဖွဲ့က ရခိုင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသော အစီအစဉ်များ မြန်မာနိုင်ငံမှ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံ လူသားချင်းစာနာမှုနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဗဟိုဌာနတို့နှင့် ပူးပေါင်းလျက် ရခိုင်ပြည်နယ်အတွင်း အာဆီယံမှ ပံ့ပိုးဆောင်ရွက်သွားနိုင်မည့် ကဏ္ဍများနှင့် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အား အထောက်အကူဖြစ်စေမည့် အစီအစဉ်များကိုလည်း အသိပေးပြောကြားခဲ့သည်။

**ညှိနှိုင်းဆောင်ရွက်သွားမည်**

နေရပ်စွန့်ခွာသွားသူများအား ပြန်လည်စိစစ်လက်ခံရေး၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် ပူးတွဲလုပ်ငန်းအဖွဲ့၏ ငါးကြိမ်မြောက်အစည်းအဝေး ကျင်းပမည့်နေ့ရက်နှင့် နေရာတို့ကို သံတမန်လမ်းကြောင်းမှတစ်ဆင့် နှစ်ဖက်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှပြန်လည်ထွက်ခွာ

**နေပြည်တော် မေ ၃**

မြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. David Hale ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ည ၇ နာရီ ၃၅ မိနစ်တွင် Bangkok Airways ဖြင့် နေပြည်တော်မှ ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး H.E. Mr. Scot Marciel ၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းထွေးနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**သတင်းစဉ်**



# ငွေဆောင်ကမ်းခြေတွင် ပုံမှန်ထက်လှိုင်းအနည်းငယ်ပိုကြီးနေ



**ငွေဆောင် မေ ၃**

ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းအရှိန်ကြောင့် ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်ကမ်းခြေတွင်လည်း ရေလှိုင်းကြီးမြင့်မှုများ ဖြစ်ပေါ်လျက်ရှိသည်။ ဒေသ တာဝန်ရှိသူများက ပင်လယ်ကမ်းခြေတွင် ရေမချိုးကြရန် ခရီးသွားဧည့်သည်များကို နှိုးဆော်ထားကြောင်း သိရသည်။

ထို့အပြင် ငါးဖမ်းလှေများကို ပင်လယ်ပြင်တွင် ငါးဖမ်းမထွက်ရန် ယာယီရပ်ဆိုင်းထားကြောင်း သိရသည်။ မြန်မာကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်း ကျရောက်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ကြေညာထားသည်။

**မောင်မောင်မြင့်(iprd)**

# (၇၃)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြု မြောင်းမြပြည်သူ့ဆေးရုံ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်၊ သွေးလှူဒါန်း

**မြောင်းမြ မေ ၃**

(၇၃) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မြောင်းမြခရိုင်နှင့်မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မြောင်းမြမြို့ ခုတင်(၂၀၀) ပြည်သူ့ဆေးရုံကြီး၌ ယနေ့ နံနက် ၇နာရီက ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် စုပေါင်းသန့်ရှင်းရေးလုပ်ခြင်းနှင့် သွေးလှူဒါန်းခြင်းတို့ ဆောင်ရွက်ကြသည်။

"မေ ၅ ရက် မှာကျရောက်တဲ့ မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုတဲ့အနေနဲ့ မြောင်းမြခရိုင် မြို့နယ် မီးသတ်တပ်ဖွဲ့ မိသားစုဝင်အင်အား ၆၀ နဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် ဆေးရုံကြီးမှာ သန့်ရှင်းရေးပြုလုပ်ခြင်းနဲ့ စုပေါင်းသွေးလှူဒါန်းခြင်းဖြစ်ပါတယ်" ဟု မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန့်ဇင်မင်းက ပြောသည်။

ခရိုင်မီးသတ်ဦးစီးမှူး ဦးအေးလွင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန့်ဇင်မင်းဦးဆောင်၍ သန္ဓေ၊ အရန် မီးသတ်တပ်ဖွဲ့ဝင် ၆၀ တို့က ဆေးရုံကြီးဝန်းအတွင်း ချုံနွယ်၊ မြက်၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေမြောင်းများ ရေစီးရေလာကောင်းစေရန် ဆောင်ရွက်ခြင်းတို့ လုပ်ဆောင်ခဲ့သည်။ ထို့အပြင် သွေးလိုအပ်သောလူနာများအတွက် သွေးလှူဘဏ်တွင် စုပေါင်းသွေးလှူဒါန်းခဲ့ရာ မြောင်းမြမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျ၊ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာသန်းမင်းထွဋ်တို့က လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**အောင်မင်း(မြောင်းမြ)**

# ပွင့်ဖြူမြို့နယ်၌ ရေဝတီမြစ်ကမ်းပါးပြိုကျမှုကြောင့် လူနေအိမ် ၁၈ လုံး ဘေးလွတ်ရာသို့ပြောင်းရွှေ့



**ပွင့်ဖြူ မေ ၃**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် သိမ်ကုန်းကျေးရွာတွင် မေ ၃ ရက် နံနက်ပိုင်းက ရေဝတီမြစ်ကမ်းပါးပြိုကျနေမှုကြောင့် လူနေအိမ် ၁၈ လုံး ဘေးလွတ်ရာသို့ ကြိုတင်ပြောင်းရွှေ့နေရကြောင်း ပွင့်ဖြူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ သိရသည်။

ပွင့်ဖြူမြို့နယ် သိမ်ကုန်းကျေးရွာသည် ရေဝတီမြစ်ကမ်းဘေးတွင်တည်ရှိသည့် ကျေးရွာတစ်ရွာဖြစ်ပြီး ဒေသခံပြည်သူများအနေဖြင့် ရေဝတီမြစ်ကမ်းပါးပြိုကျမှုဒဏ်ကို နှစ်စဉ်ရင်ဆိုင်ကြုံတွေ့နေရကြောင်း အဆိုပါကျေးရွာရှိ ဒေသခံပြည်သူများထံမှ သိရသည်။

ယင်းနေ့နံနက်ပိုင်းက ရေဝတီမြစ်ကမ်းပါး ထပ်မံပြိုကျနေသဖြင့် လူနေအိမ် ၁၈ လုံးအား ကျေးရွာရှိ လူမှုကူညီရေးအသင်းသားများနှင့် ဒေသခံရပ်မိရပ်ဖများက ဝိုင်းဝန်းပူးပေါင်းပြီး ကြိုတင်၍ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခြင်းများဆောင်ရွက်ပေးရာသို့ ပွင့်ဖြူမြို့နယ်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆန်းနှင့် တာဝန်ရှိသူများက သွားရောက်၍ လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်ပေးသည်။

ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းဆောင် ရေဝတီမြစ်ကမ်းပါးပြိုကျမှုကြောင့် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ ဆောက်လုပ်နေမှုကို ယခုနှစ် ကျောင်းဖွင့်ရာသီအမီ ဆောက်လုပ်ပြီးစီးနိုင်ရေးအတွက် ကျေးရွာကျောင်းအကျိုးတော်ဆောင်ကော်မတီဝင်များနှင့် တွေ့ဆုံ၍ ကြိုးပမ်းဆောက်လုပ်သွားနိုင်ရေး ရှင်းလင်းဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **ရဲဝင်းနိုင် (ညောင်ဦး)**

## ဆိုင်ကလုန်းမုန်တိုင်း ဖန်နီ၏ အခြေအနေ

**နေပြည်တော် မေ ၃**
ယနေ့မြန်မာစံတော်ချိန် ၁၈း၃၀ နာရီအချိန် တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေကို ပူရီမြို့အနီးမှ ဖြတ်ကျော်နေသော အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း “ဖန်နီ”သည် မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားကာ အိန္ဒိယနိုင်ငံ ဘူဘန်နီဆွာမြို့၏ အရှေ့မြောက်ဘက် ၁၅ မိုင်ခန့်၊ ဘာရီပဒမြို့၏ တောင်-အနောက်တောင်ဘက် ၉၅ မိုင်ခန့်အကွာတွင် ဆက်လက်တည်ရှိနေသည်။ အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း “ဖန်နီ”သည် မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားလျက်ရှိသည်။

**နောက် ၁၂ နာရီအတွင်း ခန့်မှန်းချက်**

အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း “ဖန်နီ”သည် နောက် ၆ နာရီအတွင်း အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း “ဖန်နီ”အဖြစ်သို့ အားလျော့သွားပြီး နောက် ၁၂ နာရီအတွင်း မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားကာ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်သို့ ရောက်ရှိနိုင်မည်ဟု ခန့်မှန်းရပါသည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း “ဖန်နီ”၏အရှိန်ကြောင့် မေ ၃ ရက်မှ ၅ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ **မိုး/ဇလ**

## M-POP Music Challenge TV Show အတွက် လူငယ်အဆိုရှင် ၂၃ ဦး ရွေးချယ်ပြီးစီး

**ရန်ကုန် မေ ၃**
M-POP Music Challenge TV Show ( အထက်မြန်မာပြည်) အတွက် Technical Audition လူတွေ့စစ်ဆေးမှုအောင်မြင်ထားသည့် Public Audition အဆင့်ဝင် ၃၀ ကို တစ်ဦးချင်းစစ်ဆေးရာ ၂၃ ဦး ဆန်ခါတင်ရွေးချယ်နိုင်ခဲ့ကြောင်း အိပ်မက်တစ်ထောင် ကုမ္ပဏီ၏ CEO ဖြစ်သူ ကိုရဲထံမှ သိရသည်။

“ဒီသီချင်းဆိုပြိုင်ပွဲမှာ အကကိုပါ တွဲဖက်ယှဉ်ပြိုင်စေတာက အဓိကအနေနဲ့ပါပဲ။ K Pop ဆိုတာက အဆိုနဲ့အက ပိုတွဲဖက်ထားတာပေါ့။ အခုပြိုင်ပွဲဝင်တွေထဲက ပမာဏစိစစ်ရွေးချယ်ပွဲကြီးပြီးသွားရင် ရုပ်သံ Channel နှစ်ခု၊ သုံးခုနဲ့ စကားပြောထားတာရှိပါတယ်။

“အောက်မြန်မာပြည် ပြိုင်ပွဲဝင်များလူရွေးချယ်ပွဲကိုမေလထဲမှာရွေးချယ်မှာပါ။ လဆန်းရက်ထဲက Technical Audition အနေနဲ့ လူ ၃၀၀ ကျော်ထဲက ၁၁၉ ယောက်ရွေးထားပြီးပြီ။ ရန်ကုန်၊ ပြင်ဦးလွင် နှစ်ခုစလုံးပေါင်းပြီး ပြန်ရွေးမှာဖြစ်ပါတယ်။ ပြိုင်ပွဲမှာ Winner ဆုရမယ့်သုံးယောက်ကို ဆုကြေးငွေကျပ် သိန်း ၃၀၀ ချီးမြှင့်မှာဖြစ်တဲ့အပြင် မီနီအယ်လ်ဘမ်ထုတ်ပေးမယ်၊ နိုင်ငံခြားခရီးစဉ်တွေ ကိုရီးယားအဖွဲ့အစည်းနဲ့ပေါင်းစပ်ပြီး လုပ်တဲ့လုပ်ငန်းတွေမှာလည်းနေရာ ပေးသွားဖို့ရှိတယ်” ဟု ကိုရဲကပြောသည်။

ရွေးချယ်ပွဲ၌ အိပ်မက်တစ်ထောင်ကုမ္ပဏီ ၏ CEO ကိုရဲ၊ တေးသံရှင် မေခလာ၊ တေးသံရှင် ခေမီကိုနှင့် တေးသံရှင်ဟဲလေးတို့က အကဲဖြတ်ဒိုင်များအဖြစ် ပြုလုပ်ခဲ့ကြောင်း သိရသည်။

“ကိုယ်တိုင်ရေးစပ်ထားတဲ့ မန္တလေးသူလို့အမည်ပေးထားတဲ့ သီချင်းကို ကိုယ်ဂစ်တာတီးပြီးပြိုင်တာ အရွေးခံရပါတယ်၊ ကပြခိုင်းတော့လည်း ကပြတာ သူတို့သဘော ကျကြတယ်လေ” ဟု မန္တလေးမြို့မှလာရောက်ယှဉ်ပြိုင်သူ



ကိုရှိုင်းကိုကိုက ပြောသည်။

ယင်းပြိုင်ပွဲတွင် SMS Voting အတွက် အော်ပရေတာ လေးခုစလုံးဖြင့် ချိတ်ဆက်ထားကြောင်း၊ အော်ပရေတာ လေးခုစီကနေပြီး SMS Voting စနစ်ဖြင့် ကျင့်သုံးရန်လည်းရှိကြောင်း၊ ၎င်းတို့၏ ပရိုဂရမ်တွင် ထူးခြားချက်အနေဖြင့် SMS Voting Only မဟုတ်ဘဲ ဒိုင်များ၏ဆုံးဖြတ်ပိုင်ခွင့်လည်းရှိကြောင်း၊ ပရိသတ်၏ဆုံးဖြတ်ပိုင်ခွင့်လည်းရှိကြောင်း၊ ပွင့်လင်းမြင်သာမှုနှင့် ပရိသတ်ကြား အငြင်းမပွားရအောင် SMS Voting စနစ်၊ ဒိုင်များ၏ အဆုံးအဖြတ်၊ ပြိုင်ပွဲ၌ လာကြည့်သည့် ပရိသတ်များ၏ Ratio ရလဒ်များကို မူတည်ပေါင်းစပ်ဆုံးဖြတ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မျိုးမင်းသိန်း(မရမ်းကုန်း)၊ ဓာတ်ပုံ-မျိုးကြီး**

## သောက်သုံးရေရှားပါးသည့်ဒေသများသို့ သောက်သုံးရေများ သွားရောက်လှူဒါန်း



**ဘားအံ**
ကရင်ပြည်နယ် ဘားအံမြို့နယ် မြိုင်ကလေးရဲကင်းစခန်းမှူး ရဲအုပ်ဇော်လင်းနှင့် မြိုင်ကလေးနယ်မြေမီးသတ်စခန်းမှူး လက်ထောက်ဦးစီးမှူး ဦးသိန်းဇော်မိုးတို့ဦးဆောင်ပြီး ဘားအံမြို့နယ် ရွှေဝါထွန်းကွက်သစ်ရှိ အိမ်ခြေ ၆၂ အိမ်နှင့် နောင်ကျန်ကျေးရွာအုပ်စုရှိ အိမ်ခြေ ၆၅ အိမ်တို့အတွက် စုစုပေါင်း သောက်ရေသန့်ဘူးကြီး ၁၂၀ နှင့် သုံးရေဂါလန် ၄၈၀၀ တို့ကို မေ ၂ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ထို့အတူ မေ ၁ ရက်ကလည်း ဂျိုင်းနယ်မြေရဲစခန်းမှူးနှင့် အဖွဲ့ကလည်း ကျုံစောက်ကျေးရွာသို့ သုံးရေဂါလန် ၁၀၀၀ ကျော် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မင်းသူ (ဘားအံ)**

**နွားထိုးကြီး**
နွားထိုးကြီးမြို့ အမှတ်(၁)ရပ်ကွက်နေ ဦးတင်အေး+ဒေါ်ညိုညို မိသားစုက မေ ၁ ရက် ညနေ ၄ နာရီက ကြေးကြီးကျေးရွာ အများသုံးသောက်ရေကန်တွင် ဂါလန် ၃၀၀၀ ကို လှူဒါန်းခဲ့သည်။

ကြေးကြီးကျေးရွာတွင် လူဦးရေ ၁၁၅ ဦးခန့်နေထိုင်လျက်ရှိသည်။ **သန်းအောင်ဇော်**

**ပခုက္ကူ**
မြိုင်မြို့နယ် ဝါးရင်းချိုင်ကျေးရွာ သောက်သုံးရေ ရှားပါးလျက်ရှိနေသည့်အတွက် ပခုက္ကူခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးနေဝင်းနှင့် မြို့နယ်တာဝန်ရှိသူများသည် မေ ၁ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ရေဂါလန်ပေါင်း ၁၄၀၀၀ ကို လှူဒါန်းခဲ့ကြသည်။

ဝါးရင်းချိုင်ကျေးရွာတွင် အိမ်ခြေပေါင်း ၃၈၀၊ လူဦးရေ ၁၅၀၀ ခန့် ရှိသည်။ **ကိုဇော်(ခတု)**

**ဘော်လခဲ**
ကယားပြည်နယ် ဘော်လခဲမြို့နယ် ဘူးခူကျေးရွာနှင့် ထားလဲကျေးရွာသို့ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဇော်မင်းထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနိုင်ဝင်းနှင့် ရဲတပ်ဖွဲ့ဝင်များသည် မေ ၁ ရက် နံနက်က သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဘူးခူကျေးရွာရှိ လူဦးရေ ၁၂၀ အတွက် ၂၀ လီတာဆံ့ သောက်ရေသန့်ဘူးကြီး ၄၀၊ ဂါလန် ၁၆၀၀ ဆံ့ မီးသတ်ရေယာဉ်နှစ်စီးနှင့် ထားလဲကျေးရွာတွင် ၂၀ လီတာဆံ့ သောက်ရေသန့်ဘူးကြီး ၆၀ တို့ကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

**အထက်မင်းလှ**
မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ပျဉ်းပင်စမ်းကျေးရွာ၌ မေ ၁ ရက် နံနက်ပိုင်းက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းထွန်းနှင့် မြို့နယ်တာဝန်ရှိသူများ ပူးပေါင်း၍ သောက်သုံးရေလှူဒါန်းပေးခဲ့သည်။

ပျဉ်းပင်စမ်းကျေးရွာတွင် အိမ်ခြေ ၄၆ အိမ်၊ လူဦးရေ ၁၇၈ ဦးရှိပြီး မင်းလှမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှိုင်မြင့်သန်းက ရေဂါလန် ၁၅၅၀၊ မြို့နယ်ရဲတပ်ဖွဲ့က ရေသန့်ဘူးကြီး ၁၀၀၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေဂါလန် ၅၀၀၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ရေဂါလန် ၆၀၀၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များက ရေသန့်ဘူးကြီး ၅၀၊ လက်ခုတ်ပင်ကျေးရွာနေ ဦးချစ်နေအောင် (ရပ်/ကျေးစာရေး) က ရေဂါလန် ၁၃၀၀ တို့ကို ဖြန့်ဝေလှူဒါန်းပေးခဲ့ခြင်းဖြစ်သည်။ **ဇာဇာ(အထက်မင်းလှ)**

**ကွန်ဒိုတိုက်ခန်းသစ်များ (ရောင်း/ငှား) မည်**

၁။ စမ်းချောင်း၊ နေရာကောင်း ပေ (၁၂၅၀) sqft, 6.F ကျွန်းပါကေးပြည့် MBR(1), BR(1), A/C(2) ခါတ်လှေကားပါ ပြင်ဆင်ပြီး ကွန်ဒိုတိုက်ခန်းသစ်။ (အငှားခန်း)

၂။ စမ်းချောင်း၊ ဗဟိုလမ်းမနီး၊ ပေ (2000) sqft၊ 2.F၊ ကျွန်းပါကေးပြည့် MBR(1), BR(2) (ဓာတ်လှေကား/ကားပါကင်)ပါ ပြင်ဆင်ပြီး ကွန်ဒိုတိုက်ခန်းကျယ် (သစ်)။ (အရောင်းခန်း)၊ **ဆက်သွယ်ရန်ဖုန်း 09-5185350, 09-5661127**

**တရုတ်**

Sayar.Yang

စကားပြောရုံပဲဆိုရင် (တရုတ်)စာမတတ်လည်းပြောလို့ရတယ်။

**ENGLISH**
**Conversation Practice**

ပြောလို့ပြီးပြောမတတ်သူ ပြောတတ်ပြီးပြောမထွက်သူအတွက် စကားပြောလေ့ကျင့်သင်တန်း

Great Wall
စကားပြော ၊ စကားပြန်

TAMWE - 540714, 09 5183636
09 420230133

**ဖခင်အမည်မှန်**

ရောဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ အထက ယိုးဒယားတက် အဌမတန်းနေ မောင်အောင်မျိုးဟန်၏ ဖခင်အမည်မှန်မှာ ဦးဇင်မင်းထွန်း [၁၄/ရကန(နိုင်)၁၁၀၇၂၉] ဖြစ်ပါကြောင်း။

ဦးဇင်မင်းထွန်း

**T.KATE**
**Dip in Eng (UFL)**

English 4 Skills
(Special Class)

အိမ်လိုက်သင်သည်။

**Ph:-09-765050167, 09-5155324**

**"ရွှေစည်"**

အိမ်ပြောင်း၊ အိမ်ရွှေ့နှင့် ကုန်စည်ဝန်ဆောင်မှု

09-73122029
09-795669534









၂ - ၅ - ၂၀၁၉ (ကြာသပတေး)နေ့ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြပြီ --



ROYAL ACADEMIC INSTITUTE

နိုင်ငံတကာအဆင့် အသိအမှတ်ပြု

DIPLOMA IN EDUCATION AND TRAINING

Ofqual | Learning Resource Network AUTHORISED CENTRE

ပြည်တွင်းမှ နိုင်ငံတကာသင်ကြားမှုစနစ်သို့ ချိတ်ဆက်မြှင့်တင်ပေးမည့်ဘာသာရပ်

အင်္ဂလန်နိုင်ငံ အရည်အသွေး ကြီးကြပ်ရေး အဖွဲ့အစည်း Ofqual နှင့် Learning Resource Network တို့ မှ ချီးမြှင့်မည့် Diploma in Education & Training Program တက်ရောက် ပြီးစီးပါက -

- နိုင်ငံတကာအဆင့် ကျောင်းများနှင့် ကောလိပ်များတွင် ဆရာ အဖြစ် သင်ကြားနိုင်ခြင်း။
- SET (Society of Education and Training) အဖွဲ့ဝင် အဖြစ် မှတ်ပုံတင်နိုင်ခြင်း။
- QTS (Qualified Teacher Status) နှင့် အဆင့်တူညီသော QTLS (Qualified Teacher Learning Skills) အဆင့် ရရှိနိုင်ခြင်း။
- QTLS ရရှိပါက အင်္ဂလန်နိုင်ငံ အစိုးရကျောင်းများတွင် အဆင့်မြင့် ပညာရပ်များကို သင်ကြားခွင့် ရရှိနိုင်မည့် အရည်အချင်းသတ်မှတ်ချက်ဖြင့် တူညီသည့်အတွက် ဘာသာရပ်သင်ကြားမှုဆိုင်ရာ ဆရာ/ မ များ အဖြစ် ပိုမို အရည်အသွေး ပြည့်ဝစွာ ရပ်တည်နိုင်ခြင်း။

CROWN EDUCATION

YGN: KBZ Tower, No. 275, 3rd Floor, Pyay Road, Sanchaung, Yangon. Tel: 01 527 838

MDY: Hotel Mandalay, Room No. 119, 652, 78th Road, Bet: 37th x 38th St, Mandalay Tel: 09 450 200 080

NPT: SCIBN | School of IT and Business 5325, Sagaint St, Ottarathiri, Naypyitaw Tel: 09 40 3000 280

ဝေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၏ ဝေါအဆင့်မြင့်ဈေးသစ်နှင့်ယှဉ်ရပ်နားစခန်း

ဝေါအဆင့်မြင့်ဈေးသစ်

ဆက်သွယ်ရန် - 09 260 442 288, 09 420 227 808, 09 444 042 498


ရန်ကုန်၊ ကျိုက်ထီးရိုး မြဲတီလမ်းမကြီးပေါ်ရှိ တစ်ခုတည်းသောအဆင့်မြင့်ဈေးကြီးတွင် စေတ်မီဆိုင်ခန်းများ စတင်ဖွင့်လှစ်ရောင်းချနေပါပြီ။



၁၀ပေပတ်လည် ဒီလိုဆိုင်ခန်းမျိုးကို သိန်း(၅၀)ကျော်နဲ့ တစ်လတစ်ကြိမ် ၆လ အရစ်ကျ မိမိအမည်ပေါက်ရမှာနော်

တစ်ဖက်မျက်နှာစာ - ၅၄ သိန်း ၃ သောင်း
နှစ်ဖက်မျက်နှာစာ - ၆၇ သိန်း
အပြင်မျက်နှာစာ - ၇၆ သိန်း





စိန်နန်းတော် Diamonds & Fine Jewelry

May Promotion

1st to 31st May 2019

စိန်နန်းတော် ဆိုင်ခွဲတိုင်းတွင်

5% to 30% off

အထူးလက်ဆောင်

ရွှေလက်စွပ် ၊ ရွှေဆွဲသီး ၊ မြန်မာပွဲတက်ချိတ် ၊ လက်ကိုင်အိတ် ၊ Revlon Powder ၊ မှုလဲဆွဲကြိုး ၊ ပုလဲနားကပ် ၊ ခရီးဆောင်အိတ် နှင့် အခြားအပိုးတန်လက်ဆောင်များ

2019 Grand Lucky Draw

Grand Prize Mazda Brand New Car - ၁ စီး



စိန်နန်းတော် ဆိုင်ခွဲ - လသာ ၊ ၁၉လမ်း လသာ ၊ ကမ္ဘာအေးဂမုန်းပွင့် ၊ မြန်မာပလာဇာ ၊ Junction Square ၊ Junction City ၊ တော်ဝင်စင်တာ ၊ City Mall (စိန်ဂျွန်း)

ဖုန်း - ၀၉ ၄၂၅၀၁၈၄၇၅ ၊ ၀၉ ၇၆၃၇၇၄၂၅

# ဦးအောင်ချို (မိုးကုတ်)

## အသက် (၉၇) နှစ်

မိုးကုတ်မြို့ ဈေးသစ်ရပ်နေ (ဦးအေးကျော်-ဒေါ်ပု)တို့၏သား၊ (ဦးကြီးမောင်-ဒေါ်သွယ်)တို့၏သားသမက်၊ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ အမှတ်(၂၈၇-ဘီ)နေ [ဒေါ်လှညွန့်(မိုးကုတ်)]၊ [ဒေါ်အေးအေးမြိုင် (မြင်းခြံ)]တို့၏ခင်ပွန်း၊ ဒေါ်သောင်းသောင်း-စဝ်ကိုင်ဖ၊ ဒေါ်မြင့်မြင့်-ဦးကိုကိုကြီး၊ ဒေါ်မြမာလာ-ဒေါက်တာခင်မောင်အေး(UK)၊ ဒေါ်ခင်နှင်းဆီ-Mr.Richard Liu (Taiwan)၊ ဦးမျိုးညွန့်(ခ)ဦးကိုကြီး၊ ဦးမင်းလှိုင်တို့၏ကျေးဇူးရှင်မွေးသဖခင်၊ Capt -စဝ်မြတ်ဦး-ဆွေဖြူပြာမင်း၊ စဝ်ခွန်ထီး၊ စဝ်ခွန်မြတ်-မြင့်မြင့်သန်း၊ စဝ်ကျော်ဖ-ဝင့်ခင်သန်း၊ ဦးစောညွန့်- Jim၊ ဦးနအောင်-IEW၊ နီလာကိုကြီး၊ သီတာကိုကြီး- Capt.သက်နိုင်ဦး၊ နေကြာ-Jason Brook၊ နာတာလီ-Richard Wilkinson၊ နှင်းသီတာထွေး-(Kittisak Kittiwut)တို့၏ ချစ်လှစွာသောအဘိုး၊ စဝ်စုစန္ဒီ၊ စဝ်သုမြတ်ပြည်တန်၊ စဝ်ချိုခမ်း(ခ)JOSHUA၊ စဝ်သိမ့်ကြာဖြူ၊ TEDDY၊ TERRY၊ ဟန်နီဦး၊ Lilly Brooks၊ Thomas Brooks၊ Otto Wilkinsonတို့၏ချစ်လှစွာသောဘိုးဘိုးကြီး ဦးအောင်ချိုသည် ၃၀-၄-၂၀၁၉ ရက် ည ၁၁း၄၅ နာရီတွင် ရန်ကုန်မြို့ ပါရမီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၉ (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၆-၅-၂၀၁၉ (တနင်္လာနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

### ဦးလှဝေ (ခ) ဝေါ်ယုံမိ (ရုံးသပြေကန်)

### အသက် (၈၆) နှစ်

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်း၊ အမှတ်(၁၆၂)၊ ခြောက်လွှာ(A)နေ (ဦးဘွန်တုံ-ဒေါ်ရှုဝါ)တို့၏သားကြီး၊ ဒေါ်ခင်သန်းနွဲ့၏ချစ်လှစွာသောခင်ပွန်း၊ (ဒေါ်ကျော့ကျော့ဝေ)၊ ဒေါ်မျိုးမျိုးသန့်-ဦးထွန်းထွန်းဦး၊ ဒေါ်မင်းမင်းညို၊ ဒေါ်နီလာဝေ-ဦးသက်နောင်ထွန်း၊ ဦးသူရဟိန်း-ဒေါ်နီနီလွင်၊ ဦးအောင်ကိုလင်းတို့၏ ချစ်လှစွာသော ဖခင်ကြီး၊ မောင်အောင်မြတ်ပိုင်၊ မဆုမြတ်မင်းစိုး၊ မမေမြတ်မွန်၊ မသန့်ဟေသီထွန်း၊ မောင်သြဘာဟိန်း၊ မအိမ့်နေခြည်ခင်တို့၏ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၃-၅-၂၀၁၉ (သောကြာနေ့) နံနက် ဝ၀း၃၀ နာရီတွင် စမ်းချောင်းမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် စမ်းချောင်းမြို့နယ်နေအိမ်နှင့် ဗိုလ်ဆွန်ပက်လမ်းနေအိမ်တို့မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၉-၅-၂၀၁၉ (ကြာသပ တေးနေ့)တွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်း၊ အမှတ်(၁၆၂)၊ ခြောက်လွှာ (A) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်ဒါယိကာမကြီး

### ဒေါ်ခင်ဆွေမြင့် (အကြီးမ)

### အသက် (၅၃) နှစ်

ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ အမှတ်(၂၀၉)၊ အလယ်ရွှေဂုံတိုင်နေ ဦးလှမြင့်-ဒေါ်စန်းမြတို့၏ ချစ်လှစွာသော သမီးကြီး၊ (ဦးအောင်မြင့်ကို)-ဒေါ်နီလာချစ်၊ ဦးဝင်းအောင်- ဒေါ်ချိုချိုသက်တို့၏ညီမ၊ ဦးဝင်းကိုဦး-ဒေါ်နွယ်နွယ်မြင့်တို့၏ချစ်လှစွာသောအစ်မ၊ (ဦးကံမြင့်-ဒေါ်ခင်ဝင်းကြည်)၊ (ဒေါ်လှိုင်ကြည်)၊ (ဦးလှရွှေ-ဒေါ်မြသန်း)၊ (ဦးလှမြင့်)-ဒေါ်နန်းခမ်းဖုန်း၊ (ဦးပေါ်မြင့်ဦး)-ဒေါ်သန်းသန်းလွင်၊ ဦးဝင်းမြင့်-ဒေါ်ဘေဘီထွန်းတို့၏ချစ်လှစွာသောတူမ၊ ကိုချမ်းမြေ့-မထွန်းနန္ဒာအောင်၊ ကိုကျော်ဇေယျာအောင်-မအေးသီရိမွန်၊ မမေသူချစ်ကို၊ မစန္ဒီဝင်းအောင်(နောက်ဆုံးနှစ်-ဥပဒေ)၊ မမြင့်မြတ်ဝင်းအောင်(ဒုတိယနှစ်-ဥပဒေ)၊ မောင်ဟိန်းထက်စိုးစန် (Grade-9, MLA International School)တို့၏ချစ်လှစွာသောကြီးကြီး၊ ဝတ်ရည်မိုးအောင်(လန်းလန်း)၊ ထင်အောင်ဝင်း၊ သြမြတ်သဒ္ဒါမွန်(မီးမီးချစ်သဲတုန်)၊ ဟေသာနှင်းစက်(ဖေါင်းဖေါင်း)တို့၏ချစ်လှစွာသော ဘွားဘွားကြီးသည် ၃-၅-၂၀၁၉ (သောကြာနေ့) နံနက် ၁၂း၁၅ နာရီတွင် SSC ရွှေဂုံတိုင်ဆေးရုံ အထူးကြပ်မတ်ဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၉ ရက် ညနေ ၄း၃၀ နာရီတွင် ၎င်း၏ဆန္ဒအရ ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေး ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ [ကွယ်လွန်သူအား ရည်းစူး၍ ၉-၅-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ အမှတ်(၂၀၉)၊ ရွှေဂုံတိုင်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**သစ်ပင်စိုက်ပါ**
**ဒို့ကမ္ဘာ**
**သာယာလှပ**
**စိမ်းမြမြ**

---

အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးခင်သိန်း (စစ်တွေ/ရန်ကုန်)

ညွှန်ကြားရေးမှူး (ငြိမ်း)၊ သစ်တောဦးစီးဌာန

အသက် (၈၀)

ရခိုင်ပြည်နယ်ဓမ္မာရုံ၏နာယကကြီး ဦးခင်သိန်းသည် ၂၈-၄-၂၀၁၉ ရက် ညနေ ၄း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲ ရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ရခိုင်ပြည်နယ်ဓမ္မာရုံဂေါပက (ရန်ကုန်)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

# ဦးအောင်ချို (မိုးကုတ်)

## အသက်(၉၇)နှစ်

ရန်ကုန်မြို့ အမှတ်(၂၈၇-B)၊ ပြည်လမ်းနေ ဦးကိုကြီး (ဦးမျိုးညွန့်)၏ ကျေးဇူးရှင်ဖခင်ကြီး ဦးအောင်ချိုသည် ၃၀-၄-၂၀၁၉ (အင်္ဂါနေ့) ည ၁၁း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သီဂီလွင်**
**ကူးကူး၊ ပူးပူး၊ ကော်နီကာ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒုတိယဗိုလ်မှူးကြီးသန်းအေး(ငြိမ်း) (ခ) Tommy Than Aye**

**စစ်ဦးစီးမှူး(ပထမတန်း)တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး ကာကွယ်ရေးဝန်ကြီးဌာန ကြည်း-၁၃၉၁၁၊ စစ်တက္ကသိုလ်အပါတ်စဉ်(၁၇)**

**အသက်(၆၆)နှစ်**

ဒုတိယဗိုလ်မှူးကြီးသန်းအေး(ငြိမ်း) (ခ) Tommy Than Aye သည် ၂-၅-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁း၄၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်မြဦး**

---

ဝမ်းနည်းကြေကွဲခြင်း

### ဒုတိယဗိုလ်မှူးကြီးသန်းအေး (ငြိမ်း)

**စစ်ဦးစီးမှူး (ပထမတန်း)၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး ကာကွယ်ရေးဝန်ကြီးဌာန**

**အသက် (၆၆) နှစ်**

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီးသန်းအေး(ငြိမ်း)၊ ကြည်း-၁၃၉၁၁၊ စစ်တက္ကသိုလ် အပတ်စဉ်(၁၇) သည် ၂-၅-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁း၄၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်ဇော်ဝင်း(ငြိမ်း)၊ ဒေါ်ခင်လေးမြင့်**
**စစ်တက္ကသိုလ် အပတ်စဉ်(၁၇)**

---

အထူးဝမ်းနည်းကြေကွဲခြင်း

**ဒုတိယဗိုလ်မှူးကြီးသန်းအေး (ငြိမ်း) (ခ)Tommy Than Aye**

**စစ်တက္ကသိုလ် အမှတ်စဉ်(၁၇)**

**အသက် (၆၆) နှစ်**

**စစ်ဦးစီးမှူး (ပထမတန်း)**

**တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန**

တပည့်အပေါ်သံယောဇဉ်ကြီးစွာ စေတနာအပြည့်ဖြင့် နိုင်ငံခြားသို့ ကိုယ်တိုင်လိုက်ပါ၍ ဆေးကုသပေးပါသော ကျေးဇူးရှင်ဆရာ ကွယ်လွန်သွားပါသဖြင့် အစ်မကြီး ဒေါက်တာအေးငယ်ငယ်နှင့်တကွ မိသားစုဝင်အားလုံးနှင့်အတူ ထပ်တူထပ်မျှ အထူးပင်ဝမ်းနည်းကြေကွဲမိပါသည်။

**(တပည့်)မောင်မောင်သန်း (D.S.A 26th Intake)**
**ဝါးခယ်မမြို့**

---

ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်အေးကျင် (စွန်းလွန်းယောဂီ)

**အသက် (၉၆) နှစ်**

သူငယ်ချင်း ဦးကျော်စိန်ဝင်း (Grey)၏မိခင်ဖြစ်သူ ဒေါ်အေးကျင် အသက် (၉၆) နှစ်သည် ၃၀-၄-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် သူငယ်ချင်း မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၁ ခုနှစ်၊ ဥပဒေဘွဲ့ရသူငယ်ချင်းများ**

---

အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးသန်းထွဋ်

**ကထိက၊ ရှေးဟောင်းသုတေသနပညာဌာန**

**အသက်(၄၉) နှစ်**

ဦးသန်းထွဋ် (ကထိက၊ ရှေးဟောင်းသုတေသနပညာဌာန၊ ဒဂုံတက္ကသိုလ်)သည် ၃-၅-၂၀၁၉ (သောကြာနေ့) နံနက် ၉း၂၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ/ဌာနမှူးနှင့်**
**ဆရာ/ဆရာမများ**
**ရှေးဟောင်းသုတေသနပညာဌာန**
**ရတနာပုံတက္ကသိုလ်**

---

ဘုရား၊ ရဟန်း၊ ကျောင်း၊ နတ်လမ်းဒါယိကာမကြီး

### ဒေါ်ခင်ထွေး (ခ) ဒေါ်ခင်မေကြည် (ဖျာပုံ)

လယ်/စိုက်/ရှင်း (ငြိမ်း)

### အသက် (၈၄) နှစ်

ဖျာပုံမြို့နေ (ဦးစံညွန့်-ဒေါ်ကြေးမုံ)တို့၏သမီး၊ ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ ရွှေဂုံလမ်း(လင့်လမ်း)၊ GOLDEN LINK CONDO၊ တိုက်အမှတ်(A-2)၊ အခန်း(၄၀၈)နေ ဦးဟန်ဝင်း (Jဟန်ဝင်း-ကုန်သွယ်/လယ်ယာ-ငြိမ်း)၏ဇနီး၊ ဦးဇော်လွင်ဦး၊ ဒေါ်ခင်သူဇာဝင်း(အထက-၁၊ လသာ)၊ ဗိုလ်မှူးချုပ်ဝင်းကိုကို-ဒေါ်ရီရီအေး (ခေတ္တ-ကမ္ဘောဒီးယား)၊ ဒေါ်ခင်သီတာဝင်း(Global Greatness Co.,Ltd)တို့၏ကျေးဇူးရှင်မွေးသမိခင်၊ မဆုဝင်းနန္ဒာဖြူ၊ မဝင်းသီရိဖြူတို့၏ အဘွားသည် ၂-၅-၂၀၁၉ (ကြာသပတေးနေ့) ည ၁၁း၂၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၉ (စနေနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ ညနေ ၃း၁၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌ အိပ်ပျော်ခြင်း

### Mr.Anthony Joseph Nicholas @ ဦးထွန်းလှိုင်

ကုန်သွယ်/လယ်ယာ (ရန်ကုန်တိုင်း)(ငြိမ်း)

### အသက်(၈၁)နှစ်

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ မဟာဗောဓိလမ်း၊ အမှတ်(၃/က)နေ (Mr.F.D. Arokiaswamy - Mrs. Theresa)တို့၏ သားကြီး၊ (ဦးမှန်-ဒေါ်ခင်မြကြည်)တို့၏ သားသမက်၊ Ms. Blasie Josephine @ ဒေါ်ခင်ငွေ၏ မောင်၊ (Mr. Joachim Joseph)၊ Mr.Benjamin Joseph-Mrs. Rita @ ဒေါ်ခင်နုရီတို့၏ အစ်ကို၊ Mrs.Veronica @ ဒေါ်ခင်မြရွှေ[အင်းလျားကန်ဟိုတယ်(ငြိမ်း)]၏ ခင်ပွန်း၊ Caroline Nicholas @ မသန္တာလှိုင်၊ Bro.John Paul Nicholas @ Dr.သန့်ဇင်လှိုင်တို့၏ ဖခင်၊ Mar Ann @ရီရီမြင့်၏ ဦးလေး၊ Mr.A.J.Nicholas @ ဦးထွန်းလှိုင်သည် ၁-၅-၂၀၁၉ ရက် ညနေ ၃း၂၀ နာရီတွင် နေအိမ်၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၆-၅-၂၀၁၉ (တနင်္လာနေ့) နံနက် ၈ နာရီတွင် ရန်ကင်း၊ ကျောက်ကုန်း၊ သမာဓိလမ်း၊ အမှတ်(၇/၉/၁၁)ရှိ စိန့်ဂျူဒ်ကက်သလစ်ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်း ပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၇း၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန်၊ လမ်း၊ မုခ်ဦး အလှူဒါယကာကြီး

### ဦးတင်မောင်အေး (မြန်မာမျက်မှန်)

ဆေးနှင့်ဆေးကိရိယာ ရောင်းဝယ်ရေး(ကုန်သွယ်ရေး)

လ/ထညွှန်မှူး (ငြိမ်း)

### အသက် (၇၆) နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်၊ တွင်းကြီးကျေးရွာနေ (ဦးထွန်းတင့်-ဒေါ်သိုင်း)တို့၏သားကြီး၊ (ဦးကြွယ်-ဒေါ်အေး)၊ (ဦးတင်ရှိန်-ဒေါ်ပန်းရီ)တို့၏သားသမက်၊ ဦးခင်မောင်မြင့်-ဒေါ်ဝင်းကြည်၊ (ဦးသန်းဌေး)-ဒေါ်ဝင်းစီတို့၏အစ်ကိုကြီး၊ ဦးညိုမြင့်-ဒေါ်ခင်သန်းဝင်း၊ (ဦးစိန်ဝင်းမောင်-ဒေါ်သန်းသန်းနွဲ့)၊ (ဦးခင်အောင်)-ဒေါ်နုနုဝင်း၊ ဦးသန်းလွင်-(ဒေါ်လှလှဝင်း)-ဒေါ်ချိုချိုလွင်၊ ဦးကံသောင်း-ဒေါ်သင်းသင်းဆွေ၊ ဦးလှမျိုး-(ဒေါ်ရီရီကြိုင်)၊ ဦးတင်လှိုင်-(ဒေါ်စောရီ)၊ ဦးအောင်ရီ-ဒေါ်ညွန့်ညွန့်သန်း၊ ဦးအောင်ကြည်-ဒေါ်အေးအေးမြင့်၊ ဦးဝင်းမြင့်-ဒေါ်စန်းစန်းဌေး၊ ဦးမောင်နီ-ဒေါ်မြင့်မြင့်ခင်တို့၏ အစ်ကို၊ (ဒေါ်မြမြဝင်း)၊ ဒေါ်စန်းစန်း (အထပြ-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ Capt. ဦးဇော်မင်းထွန်း (CSS Shipping၊ ဒုဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရာတေးဆပ်ကော်မတီ)-ဒေါ်ခင်မြတ်မြတ်လင်း၊ ဦးအောင်တင်ဝင်း (STRENGTH Business Group Co., Ltd)-ဒေါ်ဇင်မာထွန်းသူ၊ ဦးအောင်မြင့်ဌေး (STRENGTH Business Group Co., Ltd)-ဒေါ်မေဇင်နိုင်၊ ဦးသန်းဇော်ဝင်း-ဒေါ်ခင်သန္တာစိုးတို့၏ ချစ်လှစွာသောမွေးသဖခင်ကျေးဇူး ရှင်၊ မြေး ၁၀ ယောက်တို့၏အဘိုးသည် ၃၀-၄-၂၀၁၉ (အင်္ဂါနေ့) ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၉ (စနေနေ့) ညနေ ၄ နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ရန်ကုန်မြို့ သာကေတမြို့နယ်၊ ၅-ရပ်ကွက်၊ သိင်္ဂီ ၂-လမ်းမြောက်၊ အမှတ်- ၇၅/A နေအိမ်မှ ကားများ မွန်းလွဲ ၂း၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဆရာမ ဒေါ်ညွန့်ညွန့်သန်း (၆၅)နှစ်

### (အလပြ-ငြိမ်း)

ရန်ကုန်မြို့နေ (ဦးလှသောင်း)-ဒေါ်ခင်သန်းမေတို့၏ ဒုတိယသမီး၊ (ဦးသက်ခိုင်) ဗဟိုတရားရုံးချုပ် ရှေ့နေ၏ ဇနီး၊ (မဇာလီခိုင်)-ဦးစိုးဝေမင်း၊ ဦးဝေဠုခိုင်-မကြူကြူချို၊ ဦးသော်ထက်အောင်-မဝေသီဖူးအောင်တို့၏ မိခင်၊ မြေးနှစ်ယောက်တို့၏ အဘွားသည် ၃-၅-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၉ ရက်တွင် ထိန်ပင် သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (အမှတ်-၂၉၊ ရတနာပုံလမ်းအောက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးရပ်ကွက်၊ နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးစိန်သောင်း

**ဦးစီးအရာရှိ(ငြိမ်း)၊ လဝက**

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ (၉)ရပ်ကွက်၊ သထုံလမ်းသွယ်၊ တိုက်(၂/၂)နေ (ဦးသာဇံ-ဒေါ်လှချို)တို့၏ သား၊ (ဦးဘသိန်း-ဒေါ်ခင်ညွန့်)တို့၏ သားသမက်၊ ဒေါ်တင်တင်ရီ (ရုံးအုပ်-ငြိမ်း၊ စည်ပင်ဦးစီးဌာန၊ နယ်စပ်/စည်ပင်)၏ ခင်ပွန်း၊ ဦးနန်းစိုးဦး-(ဒေါ်ငွေငွေဝင်း)၊ ဒုတိယဗိုလ်မှူးကြီးယုခိုင်(ငြိမ်း) (ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန)-ဒေါ်မူမူအေး၊ ဒေါ်လဲ့လဲ့သောင်း (ညွှန်ကြားရေးမှူး၊ အဆည)၊ ဒေါ်သဇင်သောင်း (Translator, Myanmar Koei Co.)၊ ဦးမြတ်သူ-ဒေါ်စံပါယ်၊ ဦးကျော်ထင်(UMFCCI)-ဒေါ်ကြေးမုံထိုက် တို့၏ ကျေးဇူးရှင်ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုးသည် ၃-၅-၂၀၁၉ (သောကြာနေ့) နံနက် ၇း၃၀ နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၅-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ရဟန်းအမ**

## ဒေါ်ခင်သန်းလွင် (သုဝဏ္ဏ)

**အသက် (၇၄) နှစ်**

ရန်ကုန်မြို့ သုဝဏ္ဏ၊ (၂၅)ရပ်ကွက်၊ စိန်ပန်းမြိုင်လမ်း၊ တိုက်(၂၃၉)၊ အခန်း(၃)နေ (ဦးသောင်းရွှေ-ဒေါ်မိုးအေး)တို့၏သမီး၊ (ဦးကြည်)၏ဇနီး၊ ဦးကျင်ဆန်း-ဒေါ်နိုင်နိုင်ဝင်း၊ ဒေါ်သီတာအေး၊ ဦးအောင်နေဦး-ဒေါ်နီလာထွေး၊ ဦးစောအေဘယ်-ဒေါ်သင်းသင်းစန်း၊ ဦးစိုးမိုးလွင်-ဒေါ်ချိုမာလွင်၊ ဦးရဲဇေယျာလွင်-ဒေါ်ကြည်ကြည်မြင့်တို့၏မွေးသမိခင်၊ မြေး လေးယောက်တို့၏အဘွား ဒေါ်ခင်သန်းလွင်သည် ၃-၅-၂၀၁၉ (သောကြာနေ့) နံနက် ၅း၂၀ နာရီတွင် ကွယ်လွန်သွား ပါသဖြင့် ၅-၅-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ကျိုက်လတ်မြို့နယ်အသင်း (ရန်ကုန်)**

**ဘုရား၊ ရဟန်း၊ ကျောင်း၊ ကန်ဒါယိကာမကြီး**

## ဆရာမဒေါ်မြင့်မြင့်ကြည်

**(၉)လမ်း အ.မ.က၊ ပန်းဘဲစု အ.မ.က (ကျိုက်လတ်)**

**အ.မ.က(၄၅)၊ သာကေတ**

**အသက် (၇၁) နှစ်**

ရန်ကုန်မြို့ သာကေတမြို့နယ်၊ (၁/ထူပါရုံ)ရပ်ကွက်၊ (၂)လမ်းအရှေ့ အမှတ်(၅)၊ (ပြည်ခိုင်ဖြိုး)နေ (ဦးအုန်း-ဒေါ်နီ)တို့၏သမီး၊ (ဦးအောင်-ဒေါ်ကြွားမေ)တို့၏ သမီးချွေးမ၊ ဦးသန်းဝင်း(မူလတန်းကျောင်းအုပ်ဆရာ ကြီး-ငြိမ်း၊ ကျိုက်လတ်မြို့နယ်အသင်း-ရန်ကုန်၊ အလုပ်အမှုဆောင်)၏ချစ်လှစွာသောဇနီးသည် ၂-၅-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁း၅၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၉ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် အထက်ပါနေအိမ်မှ ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

**ကျိုက်လတ်မြို့နယ်အသင်း (ရန်ကုန်)**
**အမှုဆောင်အဖွဲ့**

---

## ဒုရဲမှူးထွန်းချစ်ကျော် (ငြိမ်း)

**အသက် (၆၉) နှစ်**

ရန်ကုန်မြို့နေ (ဗိုလ်မှူးကျော်ဒင်-ဒေါ်ညွန့်ရီ)တို့၏သား၊ (ဦးထွန်း-ဒေါ်သိန်း)တို့၏သားသမက်၊ (ဦးကိုကိုနိုင်)-ဒေါ်အုန်းချစ်ကျော်၊ (ဗိုလ်မှူးကြီးသန်းအောင်-ဒေါ်အေးချစ်ကျော်)တို့၏မောင်/ညီ၊ ထောင်ပိုင်(ဦးဝင်းဆန်း)-ဒေါ်သီဂီချစ်ကျော်၊ (ဦးရဲချစ်ကျော်)-ဒေါ်မာမာချိုတို့၏အစ်ကိုကြီး၊ ဒေါ်ခမ်းမျိုးသိမ့်(MTRI-ငြိမ်း) ၏ ခင်ပွန်း၊ ဦးစွမ်းရည်ရ(ညွှန်ကြားရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန)-ဒေါ်ဖြိုးသုနန္ဒာအောင် (National Officer, UN Woman)၊ ဦးထူးဝေယံ-ဒေါ်မာ လာကို(စင်ကာပူ)၊ ဗိုလ်ကြီးစိုးကျော်ညွန့် (အမတ-၃၅၅)-ဒေါ်နန်းသီရိစံ၊ ၊ ဒေါ်ဆန်းလဲ့နိုင်(Sales Executive, Destination Asia)တို့၏ ချစ်လှစွာ သောဖခင်သည် ၃-၅-၂၀၁၉ (သောကြာနေ့) နံနက် ၈း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၅-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ဓမ္မပါလလမ်း၊ အမှတ်(၂၀၉)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး**

## ဒေါ်အေးအေးမြင့် (Cherry)

**အသက် (၆၅) နှစ်**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းမြောက်ရပ်ကွက်၊ ပန်းခြံလမ်း၊ အမှတ်(၁၉)နေ (ဦးထွန်းကို-ဒေါ်ညွန့်)တို့၏သမီး၊ (ဦးယောဒ-ဒေါ်ခင်ပု)တို့၏သမီးချွေးမ၊ ဦးမြင့်သိန်း(စကေးဗိသုကာအဖွဲ့)၏ဇနီး၊ ဒေါ်နွယ်နွယ်အေး၊ ဒေါ်စိုးစိုးတို့၏ညီမ၊ ဦးသိန်းဇာနည်-ဒေါ်နှင်းဝေဦး၊ ဦးသူရိန်လင်းမောင်-ဒေါ်ဖြိုးနေခြည်၊ Dr.ရန်နိုင်စိုး(ဆေး-၂)-ဒေါ်ထူးဝင့်ရည်တို့၏မိခင်၊ မအိမ့်ထူးရန်နိုင်၊ မသန့်သဒ္ဒါဦးတို့၏အဘွားသည် ၃-၅-၂၀၁၉ (သောကြာနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၅-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

## ဒုတိယဗိုလ်မှူးကြီးသန်းအေး (ငြိမ်း)

**အသက် (၆၆) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့ ဒဂုံမြို့နယ်၊ ပန်တျာလမ်းနေ ဒေါက်တာ အေးငယ်ငယ် (ခွဲစိတ်မှန်ဆရာဝန်ကြီး-ငြိမ်း)၏ ချစ်လှစွာသော ခင်ပွန်း ဒုတိယဗိုလ်မှူးကြီးသန်းအေး(ငြိမ်း) (စာရေးဆရာ သန်းအေး) သည် ၂-၅-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁း၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါရဂူဆေးရုံမိသားစု**

---

## ဒုတိယဗိုလ်မှူးကြီးသန်းအေး (ငြိမ်း)(ခ)Tommy Than Aye

**စစ်ဦးစီးမှူး (ပထမတန်း)၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး**

**ကာကွယ်ရေးဝန်ကြီးဌာန**

**ကြည်း-၁၃၉၁၁၊ စစ်တက္ကသိုလ် အပတ်စဉ်(၁၇)**

**အသက် (၆၆) နှစ်**

ရန်ကုန်မြို့ အမှတ်(၄၂-အီး)၊ အခန်းအမှတ် (၃-ဘီ နှင့် ၄-ဘီ)၊ ပန်တျာလမ်း၊ ဒဂုံမြို့နယ်နေ (ဦးဖေသန်းညွှန့်-ဒေါ်လှရင်)တို့၏ သား၊ ဒေါက်တာအေးငယ်ငယ် [ခွဲစိတ်မှန်ဆရာဝန်ကြီး(ငြိမ်း)]၏ ချစ်လှသောခင်ပွန်း၊ ကိုသန့်ဇော်ဆွေ-ဒေါက်တာမေမီသက်၊ ဒေါက်တာအေးငြိမ်းသဉ္ဇာ၊ ဒေါက်တာအေးချမ်းမောင်တို့၏ ဖခင်ကြီး၊ မရွှေဝတ်မှုန်၏ ချစ်လှစွာသောအဘိုး ဒုတိယဗိုလ်မှူးကြီးသန်းအေး(ငြိမ်း) (ခ) Tommy Than Aye သည် ၂-၅-၂၀၁၉ ရက် မွန်းလွဲ ၁း၄၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့်၄-၅-၂၀၁၉ (စနေနေ့) ညနေ ၃ နာရီတွင် မင်္ဂလာဒုံစစ်ဆေးရုံ (ခုတင်-၁၀၀၀) ငြိမ်းအေးဇရပ်မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင် ဂူသွင်းမြှုပ်နှံပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၅-၂၀၁၉ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

## ဦးသောင်း

**အသက် (၈၈) နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်၊ ကျောက်ဖြူကျေးရွာနေ (ဦးဖိုးညက်-ဒေါ်အေးတင်)တို့၏သား၊ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ၅/၇ ဖြဟ္မစိုရ်လမ်း၊ အမှတ်(၇၈၆-ခ)နေ(ဒေါ်စိန်ဖွမ်)၏ချစ်လှစွာသောခင်ပွန်း၊ ဦးဆန်းငွေ-ဒေါ်ဆောင်းရင် (ခ) ဒေါ်ကျင်လွမ် (ဦးဆန်းငွေ စက်ဆီ/ချောဆီ ရောင်းဝယ်ရေး-ရန်ကင်း)၊ ဦးအောင်ဝင်း (Aung Say Minn Construction)-ဒေါ်လဲ့လဲ့သိန်း၊ (ဦးအောင်စိုး)၊ ဒုတိယရဲမှူးကြီးမြင့်ကျော်(ကျောက်မဲခရိုင် ရဲတပ်ဖွဲ့မှူး၊ ရှမ်းပြည်နယ်မြောက်ပိုင်း)-ဒေါ်ဝေဝေစိုး၊ ဦးသက်တင်-ဒေါ်တင်တင်စိုး(သီရိရတနာရွှေဆိုင်)တို့၏ ဖခင်၊ မြေး ရှစ်ယောက်၊ မြစ် သုံးယောက်တို့၏အဘိုးသည် ၃-၅-၂၀၁၉ (သောကြာနေ့) နံနက် ၈း၃၀ နာရီတွင် ARYU ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၅-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ရဟန်းဒါယိကာမကြီး**

## ဒေါ်မြဝင်း (၆၆)နှစ်

ရန်ကုန်မြို့ သာကေတမြို့နယ်၊ (၁)ထူပါရုံရပ်ကွက်၊ ထူပါရုံ(၁)လမ်း၊ အမှတ်(၁၁၅၂)နေ (ဦးတင်အေး-ဒေါ်သန်းကြည်)တို့၏ သမီး၊ (ဦးရီစိန်-ဒေါ်ကျင်မှီ)တို့၏ သမီးချွေးမ၊ (ဦးထွန်းမြတ်)၏ ဇနီး၊ ဦးအောင်နိုင်-ဒေါ်ရီရီမွန် (သိမ်ကြီးဈေး B-ရုံ)၊ ဦးနေထွဋ် (အမှတ်-၃၊ အကြီးစား စက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန)-ဒေါ်ယုယုမွန် [ဆေးဝါးစက်ရုံ(အင်းစိန်)(ပုံနှိပ်ဌာန)]၊ (ဦးစန်းယု)၊ ဦးသန်းလွင် (အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး-၁၊ ပြည်တွင်းအခွန်များဦးစီးဌာန)-ဒေါ်သက်သက်မွန် [(မြို့နယ်ဦးစီးမှူး၊ ဝေါမြို့နယ်) ပြည်တွင်းအခွန်များဦးစီးဌာန]တို့၏ ချစ်လှစွာသော မွေးသမိခင်၊ မောင်ရဲလင်းအောင်၊ မောင်မင်းဆက်ကောင်း၊ မောင်စံလင်းထက်၊ မောင်မင်းသုဝေ တို့၏ ချစ်လှစွာသောအဘွား ဒေါ်မြဝင်း သည် ၂-၅-၂၀၁၉ ရက် ည ၇း၄၀ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၉ (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုး၊ မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၈-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးသန်းထွဋ်

**ကထိက၊ ရှေးဟောင်းသုတေသနပညာဌာန၊ ဒဂုံတက္ကသိုလ်**

**အသက် (၄၉) နှစ်**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတောင်ရပ်ကွက်၊ ဗိုလ်မိုးလမ်း၊ အမှတ်(၃၃)နေ (ဦးမောင်ငွေ-ဒေါ်ခင်ရီ)တို့၏သား၊ ဒေါ်မို့မို့(အမက-၁၆၊ စမ်းချောင်း-ငြိမ်း)၊ ဗိုလ်မှူးအောင်ကြည်(ငြိမ်း)-ဒေါ်စန္ဒာအေး(Sacred စိန်ရတနာဆိုင်)၊ ဦးကိုကိုခိုင်(ပြည်တွင်းရေကြောင်း)-ဒေါ်စန်းစန်းမော် (ပြည်တွင်းရေကြောင်း)၊ ဒေါ်စိုးစိုးဝင်း၊ ဦးထွန်းထွန်း-ဒေါ်ညိုညိုစိမ့်တို့၏ ညီ/မောင်၊ ဦးမျိုးဟန်(Max Myanmar)၏အစ်ကို၊ တူ/တူမ ရှစ်ယောက်တို့၏ဦးလေး ဦးသန်းထွဋ်သည် ၃-၅-၂၀၁၉ (သောကြာနေ့) နံနက် ၉း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၃-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ကိုဖြိုးဝေဝင်း

**2nd Engineer, Lizstar Shipping Co.,Ltd**

**အသက် (၃၉) နှစ်**

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်၊ ပုရွက်ဆိတ်ကုန်းရပ်ကွက်၊ ဦးတေလမ်း၊ အမှတ်(၂၁)နေ (ဦးကြည်ဝင်း)-ဒေါ်နွယ်နီမြင့်တို့၏သား၊ မိတ္ထီလာမြို့နေ ဦးသန်းစိန်-ဒေါ်လှလှမြင့်တို့၏သားသမက်၊ ဦးခင်မောင်ဦး(ဒုတိယညွှန်ကြားရေးမှူး၊ ပြည်သူ့လွှတ်တော်ရုံး)-ဒေါ်လဲ့ရည်သင်း၊ ဦးဟိန်းဇော်-ဒေါ်ဝတ်ရည်ထွေးတို့၏ညီ/မောင်၊ ကိုမျိုးဝေဝင်း၊ ကိုဟိန်းထက်တို့၏အစ်ကို၊ မောင်ကောင်းခန့်နိုင်၏ဦးလေး၊ မအိမ့်အေးအေးအောင်၏ မွေးသဖခင်ကျေးဇူးရှင်၊ ဒေါက်တာပြုံးမြတ်မွန် (ရန်ကင်းကလေးဆေးရုံ)၏ခင်ပွန်း ကိုဖြိုးဝေဝင်းသည် ၂-၅-၂၀၁၉ (ကြာသပတေးနေ့) ည ၁၁း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၉ (စနေနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက်တွင် မြောက်ဥက္ကလာပမြို့နယ်၊ ပုရွက်ဆိတ်ကုန်းရပ်ကွက်၊ ဦးတေလမ်း၊ အမှတ်(၂၁)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**အနိစ္စ**

## ဦးအောင်မြင့်

**(ဒလ/အုံ့ကြီး)**

**အသက် (၇၄) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ အမှတ်(၁၀၆)၊ ဖိုးရာဇာလမ်း၊ အုံ့ကြီးအရှေ့ရပ်ကွက်နေ (ဦးထွန်း-ဒေါ်ချစ်တင်)တို့၏သား၊ (ဦးဘကြည်-ဒေါ်မြင့်)တို့၏သားသမက်၊ ဦးနိုင်မင်း-ဒေါ်မြသွေး၊ ဦးနိုင်ဝင်း-ဒေါ်ကြူကြူဝင်း (ခ) မညိုဦး၊ ဦးအုန်းကျော်-ဒေါ်ခင်သီတာမြင့်၊ ဦးမျိုးချစ်-ဒေါ်ကျော့သူဇာလှိုင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ခုနစ်ယောက်တို့၏ ချစ်လှစွာသောအဘိုး၊ (ဒေါ်တင်အေး)၏ခင်ပွန်းသည် ၃-၅-၂၀၁၉ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (ဗိုလ်အောင်ကျော် သင်္ချိုင်းဆိပ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၅-၂၀၁၉ (ကြာသပတေးနေ့)နံနက်တွင် ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၈၀)၊ အခန်း(၅၀၅)၊ (၄၈)လမ်းနေ ဦးအုန်းကျော်-ဒေါ်ခင်သီတာမြင့်တို့၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ရဟန်းဒါယိကာမကြီး**

## ဒေါ်နုဝင်းလှိုင်(ခ) ဒေါ်ဝင်းဝင်းမြင့်

**အသက်(၇၀)**

**အထက-၁၊ ဗိုလ်တထောင်၊ အလက-၃၊ သဃ်န်းကျွန်း၊**

**အထက်တန်းပြဆရာမ(ငြိမ်း)**

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၃၆)၊ လေးလွှာ၊ ဗိုလ်ချုပ်လမ်း၊ (၁၀)ရပ်ကွက်နေ (ဦးသိန်းရင်-ဒေါ်ဖွားသင်)တို့၏ သမီး၊ ဒေါ်ရင်ရင်မြင့် (အထက်တန်းကျောင်းအုပ်-ငြိမ်း)၏ ညီမ၊ ဦးမျိုးမင်းဝင်း-ဒေါ်နီလာကျော်၊ ဦးကျော်ဇင်ဦး-ဒေါ်မေမြတ်မွန် တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မောင်ဝင်းထိုက်သိန်း၊ မောင်ဝေယံမျိုးမင်း၊ မဝေနှင်းပွင့်သူ တို့၏ အဘွားသည် ၃-၅-၂၀၁၉ (သောကြာနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၅-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးထွန်းဝင်း (မြောက်ဦး)

**B.E (Electrical Power)**

**ဘူမိရူပဗေဒ အရာရှိကြီး**

**M.O.G.E**

**(သာကေတရေနံမြေ)**

**အသက်(၆၀)**

ရန်ကုန်မြို့ မြောက်ဒဂုံမြို့နယ်၊ လှိုင်ထိပ်ခေါင်တင်လမ်း၊ (၃၇)ရပ်ကွက်၊ အမှတ်(၆၂၂)နေ (ဦးချမ်းသာအောင်-ဒေါ်အောင်သာဖြူ)တို့၏ သားကြီး၊ ဒေါ်မိုးမိုးခင် [အထက-၃၊ မြောက်ဒဂုံ]၏ ချစ်လှစွာသောခင်ပွန်း၊ မြောက်ဦးမြို့နေ ဒေါ်ဦးသိန်းနု၊ ဒေါ်မခင်နု တို့၏မောင်၊ ဒေါ်ခင်ဖြူ၊ ဒေါ်နုအေးသိန်း၊ ဒေါ်ဖြူဖြူဝင်း၊ ဦးထွန်းနိုင် တို့၏ အစ်ကို၊ မရွှေရည်ဦး (Mizzima TV)၊ မဝတ်ရည်ဖူးတို့၏ ချစ်လှစွာသောဖခင် ဦးထွန်းဝင်းသည် ၂-၅-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၄း၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၉ (စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြား အပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တသူရိယ

**မန္တလေးတိုင်းဒေသကြီး ဩဝါဒစရိယ**

**သိက္ခာတော်(၆၁)ဝါ၊ သက်တော် (၈၁)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အရှေ့ငယ်တိုးစံပြကျေးရွာ၊ ဒက္ခိဏာရာမတောင်ကျောင်း၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တသူရိယ (မန္တလေးတိုင်းဒေသကြီး ဩဝါဒစရိယ)သည် (၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်)၊ ၂-၅-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၈း၃၅ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ/ဒါယိကာမများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ဆရာတော်၏ တပည့်ဒါယကာ/ဒါယိကာမများ**

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဗီသိန်းရင် (ခ) ဒေါ်နန်းသိန်းရင်

**ဗဟိုတရားရုံး (ငြိမ်း)**

**အသက် (၉၆) နှစ်**

အလုံမြို့နယ်၊ ကရင်ခြံရပ်ကွက်၊ အမှတ်(၁၂၁)၊ မင်းရဲကျော်စွာလမ်း (ပိုးကရင်သာသနာဝင်း)နေ (မန်းချစ်စိန်)၏ဇနီး၊ နန့်ညိုမီချစ်-(စောသေတာမူး)၊ နန့်ဂျူလီအဲနာချစ်-မန်းဒေါစန်၊ မန်းအော်လန်းဒိုချစ်-နန့်ဇင်မာဦး၊ နန့်ဂျဲနဗီးချစ်-ဆရာတော်မန်းရဲလွင်ထူး၊ နန့်စေးလ်ဗီယာချစ်-ဦးမျိုးသန့်တို့၏မိခင်၊ မြေး ၁၁ ယောက်တို့၏ အဘွား ဗီသိန်းရင်(ခ)ဒေါ်နန်းသိန်းရင်သည် ၃-၅-၂၀၁၉ (သောကြာနေ့) နံနက် ၂း၁၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၅-၅-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ဘရေတန်ပိုးကရင်ဘုရားရှိခိုးကျောင်း (၁၂၁၊ မင်းရဲကျော်စွာလမ်း၊ အလုံ)၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဒေါ်ခင်မြမြ (Gertie Cardozo)

**အသက်(၉၀)**

ရန်ကုန်မြို့ အမှတ်(၇၅၃)၊ သခင်ခင်ဇော်(၅)လမ်း၊ (၁)ရပ်ကွက်၊ အရှေ့ဒဂုံမြို့နယ်နေ (ဦးJames Lears-ဒေါ်တင်ပု)တို့၏ သမီး၊ (ဒေါ်တင်တင်မြင့်)၊ (ဒေါ်စီစီမြင့်)တို့၏ ညီမ၊ (ဦး John Lears)၊ ဒေါ် Terry Lears၊ ဒေါ်ငွေငွေမြင့်၊ ဦး Tommy ကျော်စိုးဦး တို့၏ အစ်မ၊ (ဦးတီကာဒိုးဇိုး)၏ ဇနီး၊ ဦးမင်းသူ-ဒေါ်မိုးနှင်းအောင်၊ (ဦးတင်ကျော်စိုး)-ဒေါ်ရှယ်လီ၊ Gloria Di Marco - Ennio Di Marco၊ (ဦးတင်ညွှန့်-ဒေါ်မာရီ)၊ Sally Henriques-Errol Henriques၊ ဒေါ်စန်းစန်းဝင်း-ဦးသန့်စင်၊ (ဦးမိုးကျော်စွာ)-ဒေါ်ဥမ္မာတင်အေး၊ ဦးမိုးကျော်အောင်၊ ဒေါ်စူဇန်တို့၏ မိခင်၊ မြေး ၁၈ ယောက်တို့၏ အဘွားသည် ၃-၅-၂၀၁၉ (သောကြာနေ့) နံနက် ၈း၃၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၄-၅-၂၀၁၉ (စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးတင်အေး

**အသက်(၈၂)နှစ်**

**တိုင်းအုပ်ချုပ်ရေးမှူး(ငြိမ်း)၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နေ (ဦးဘသန်း-ဒေါ်စိန်ခင်)တို့၏ သား၊ ရွှေဘိုမြို့နေ (ဦးသန်း-ဒေါ်ချစ်မေ)တို့၏ သားသမက်၊ ရန်ကုန်မြို့ အင်းစိန်မြို့နယ်၊ ဧော်ဘွားကြီးကုန်းရပ်ကွက်၊ မြကန်သာလမ်း၊ အမှတ်(၁၀၀)နေ ဒေါ်ညွန့်ညွန့်တင် ၏ ခင်ပွန်း၊ မောင်စွမ်းရည်ထက်-မအိရွှေစင်တို့၏ အဘိုးသည် ၃-၅-၂၀၁၉ ရက် မွန်းလွဲ ၁၂း၁၅ နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၉ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၉-၅-၂၀၁၉ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ အင်းစိန်မြို့နယ်၊ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ကျင်ဝင်း (သုံးခွ)

**အသက်(၇၇)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့ (၁၁)ရပ်ကွက်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ်(၄)နေ ဦးတင်ရွှေ၏ ဇနီး၊ ကိုထွန်းထွန်းဦး-မဉမ္မာဦး၊ မမိုးမိုးခိုင်၊ ကိုထွန်းထွန်းငြိမ်း-မမေနှင်းအောင်၊ ကိုကျော်ကျော်ထွန်း၊ မပြုံးပြုံးခိုင်တို့၏ ကျေးဇူးရှင် မွေးသမိခင်၊ မခိုင်ဇင်သက်(စင်ကာပူ)၊ မဖြိုးအိအိခိုင်၊ မောင်လင်းထက်နိုင်။ မောင်ညီညီထွန်း၊ မောင်အောင်ကောင်းဆင့်၊ မကေသွယ်ထွန်းတို့၏ ချစ်လှစွာသော အဘွားသည် ၂-၅-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၁း၄၀ နာရီတွင် ရန်ကုန်မြို့ အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၉ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် သုံးခွဥက္ကံသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌ အိပ်ပျော်ခြင်း**

## ဦးတင်အောင် (ဂုဏ်ရည်ဆေးတိုက်)

**အသက်(၇၆)နှစ်**

ရန်ကုန်မြို့ အင်းစိန်မြို့နယ်၊ အမှတ်(ဈ/၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်နေ (ဦးဘိုကြီး-ဒေါ်ရေသွယ်)တို့၏ သား၊ ဒေါ်ချောချော ၏ ခင်ပွန်း၊ ဒေါ်သင်းသီတာအောင်-ဦးသန်းအောင်၊ ဦးသန်းထိုက်အောင်-ဒေါ်ဟန်ဂျီဟီ၊ မသက်သက်အောင်တို့၏ ဖခင်၊ မမြတ်ချယ်ရီအောင်၊ မိုင်သက်လင်းလက်အောင်၊ မိုင်သက်ရေဗက္ကာအောင်တို့၏ အဘိုး ဦးတင်အောင် သည် ၂-၅-၂၀၁၉ (ကြာသပတေးနေ့) ည ၈း၀၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၄-၅-၂၀၁၉ (စနေနေ့) နံနက် ၉ နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံ ခရစ်ယာန်ဘုရားကျောင်း၌ ဝတ်ပြုကိုးကွယ်၍ သဂြိုဟ်မည်ဖြစ်ပါကြောင်း။ [အောက်မေ့ဖွယ် ဝတ်ပြုခြင်း အစီအစဉ်ကို ၈-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် မိသားစုနေအိမ်၌ ပြုလုပ်သွားမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# တရုတ်ပြည်သူ့သမ္မတနိုင်ငံက ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင်သို့ မော်တော်ယာဉ် ငါးစီး လှူဒါန်း



**ရန်ကုန် မေ ၃**

မြန်မာနိုင်ငံငြိမ်းချမ်းရေးကော်မရှင်၏ စွမ်းဆောင်ရည်မြှင့်တင်လာနိုင်စေရန်၊ ငြိမ်းချမ်းရေးကို အထောက်အကူပြုစေပြီး ပြီးမြောက်သည့် ငြိမ်းချမ်းရေးတာဝန်များကို ပိုမိုကောင်းမွန်စွာထမ်းဆောင်နိုင်စေရန်အတွက် ရည်ရွယ်၍ Volvo မော်တော်ယာဉ် ငါးစီးကို ငြိမ်းချမ်းရေးကော်မရှင်သို့ ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နိုင်ရေးအတွက် အပြုသဘောဆောင်သည့်အခန်းကဏ္ဍမှ ပါဝင်နေပြီး ဆက်လက်ကူညီထောက်ခံအားပေးရန် ဆန္ဒရှိသည်ဟု မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာဟုန်လျန်က ပြောကြားသည်။

**အမေရိကန်ဒေါ်လာသုံးသိန်းတန်ဖိုးရှိ**

ယနေ့မွန်းလွဲ ၃ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) တွင် ပြုလုပ်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင်သို့ အမေရိကန်ဒေါ်လာသုံးသိန်းတန်ဖိုးရှိ မော်တော်ယာဉ်ငါးစီး ပေးအပ်လှူဒါန်းသည့် အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့**

**တရုတ်ပြည်သူ့သမ္မတနိုင်ငံက ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင်သို့ ပေးအပ်လှူဒါန်းသည့် မော်တော်ယာဉ်ငါးစီးကို တွေ့ရစဉ်။**

# မြန်မာ့လက်ရွေးစင် ဘိလိယက်ကစားသမား နေသွေးဦး အာရှဘိလိယက်ပြိုင်ပွဲတွင် ချန်ပီယံဆုရရှိ

ရန်ကုန် မေ ၃

**၂၀၁၉ အာရှဘိလိယက်ပြိုင်ပွဲနှင့် အာရှ ယူ-၂၁ စနူကာပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့နံနက်ပိုင်းက အိန္ဒိယနိုင်ငံ၌ ကျင်းပရာ မြန်မာ့လက်ရွေးစင် ဘိလိယက်ကစားသမား နေသွေးဦးက ထိုင်းကစားသမား ပရာပွတ်ကို အနိုင်ယူပြီး ချန်ပီယံဆုရရှိခဲ့သည်။**



**နေသွေးဦး လေ့ကျင့်နေမှုကို တွေ့ရစဉ်။**

နေသွေးဦးသည် ထိုင်းကစားသမား ပရာပွတ်ကို ၆-၂ ပွဲဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ နေသွေးဦးသည် ယခုပြိုင်ပွဲတွင် ပရာပွတ်နှင့် ဒုတိယအကြိမ် တွေ့ဆုံခြင်းဖြစ်ပြီး အုပ်စုပွဲတွေ့ဆုံစဉ်က အနိုင်ရခဲ့သလို ယခုဗိုလ်လုပွဲတွင်လည်း ထပ်မံအနိုင်ယူပြီး ချန်ပီယံဖြစ်ခဲ့ခြင်းဖြစ်သည်။

**ပွဲတိုင်းအနိုင်ရ**

နေသွေးဦးသည် ယခုပြိုင်ပွဲတွင် ပြိုင်ပွဲတစ်လျှောက် ပွဲတိုင်းအနိုင်ရပြီး ချန်ပီယံဆုရခဲ့ခြင်းဖြစ်သည်။ နေသွေးဦးသည် ပရာပွတ်ကို ၁၀၁- ၆၈ မှတ်၊ ၉၄-၁၀၁ မှတ်၊ ၁၀၁-၅ မှတ်၊ ၁၀၂-၅၀ မှတ်၊ ၁၀-၁၀၁ မှတ်၊ ၁၀၀-၀ မှတ်၊ ၁၀၀-၈၇ မှတ်၊ ၁၀၀-၂၅ မှတ်တို့ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့**

# MNL ပြိုင်ပွဲ ဆက်လက်ကျင်းပမည်

ရန်ကုန် မေ ၃

**၂၀၁၉ ဘောလုံးရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၀)ကို မေ ၄ ရက်နှင့် ၅ ရက်တို့တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပထမအကျော့ ပြီးဆုံးတော့မည်ဖြစ်သောကြောင့် ရာသီဝက်ချန်ပီယံဆုအတွက် အသင်းများ၏ ပြိုင်ဆိုင်မှုများကို ထပ်မံတွေ့မြင်ရမည်ဖြစ်သည်။**

ယခုတစ်ပတ်တွင် အသင်းကြီးများ ထိပ်တိုက်တွေ့ဆုံမှုမရှိသော်လည်း အသင်းကြီးများ အဝေးကွင်းကစားရမည့်အပြင် ထိပ်ဆုံးနေရာအတွက် အမှားမခံသောကြောင့် ယခုတစ်ပတ်ပွဲများမှာလည်း စိတ်ဝင်စားဖွယ်ကောင်းနေသည်။

ပွဲစဉ် (၁၀) အဖြစ် မေ ၄ ရက်တွင် YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် စစ်ကိုင်းအသင်း၊ ပဲခူး Grand Royal ကွင်း၌ ဟံသာဝတီအသင်းနှင့် ဒဂုံအသင်း၊ သုဝဏ္ဏကွင်း၌ Chinland အသင်းနှင့် မကွေးအသင်း၊ မေ ၅ ရက်တွင် ဝေသာလီကွင်း၌ ရခိုင်အသင်းနှင့် ရတနာပုံအသင်း၊ မော်လမြိုင်ကွင်း၌ Southern အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ သုဝဏ္ဏကွင်း၌ ဇွဲကပင်အသင်းနှင့် ဧရာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့**



**ထိပ်ဆုံးမှ ဦးဆောင်နေသည့် ရတနာပုံအသင်း။**

ကြေးမုံ ယနေ့ ဖတ်စရာ

## လူ ၉၀ ကျော် HIV ရောဂါ ကူးစက်ခံခဲ့ရပြီးနောက် ပါကစ္စတန်ဆရာဝန် အဖမ်းခံရ

စာမျက်နှာ » ၁၅



ကြေးမုံ
အထူးကဏ္ဍ
မေ ၄၊ ၂၀၁၉ (စနေနေ့)
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် တတိယ (၁) နှစ်တာ

# အစိုးရနှင့် ပြည်သူကြား ဆက်သွယ်ပေါင်းကူးပေးနေသည့် ပြန်ကြားရေးဝန်ကြီးဌာန

တွေ့ဆုံမေးမြန်း - ခင်ရတနာ၊ သိမ့်သိမ့်မိုး

ပြည်သူအတွက် ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်ဟူသည့် ဆောင်ပုဒ်နှင့်အညီ ပြည်သူများအတွက် သတင်းအချက်အလက်များ ပေးအပ်ခြင်း၊ အသိပညာများ ဖြန့်ဝေခြင်းနှင့် ပြည်သူများစိတ်အပန်းပြေစေရေးရည်ရွယ်၍ ဦးတည်ဆောင်ရွက်လျက်ရှိသည့် ပြန်ကြားရေးဝန်ကြီးဌာန၏ အစိုးရသက်တမ်း တတိယ(၁)နှစ်တာအတွင်း ဆောင်ရွက်ချက်များကို သိရှိနိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းတို့အား တွေ့ဆုံမေးမြန်းထားပါသည်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ရှေ့မှောက်၌ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ ကတိသစ္စာပြုကြစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်

**ဒေါက်တာဖေမြင့် (ပြည်ထောင်စုဝန်ကြီး)**
**ပြန်ကြားရေးဝန်ကြီးဌာန**

**မေး။ အများပြည်သူနဲ့ မဏ္ဍိုင်ကြီးသုံးရပ်အကြား ဆက်ဆံပေါင်းကူးလျက်ရှိတဲ့ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ဦးတည်ချက်၊ ရည်မှန်းချက်များနဲ့ ဝန်ကြီးဌာနအကြောင်း မိတ်ဆက်ပြောကြားပေးစေလိုပါတယ်ရှင့်။**

ဖြေ။ ပြန်ကြားရေးဝန်ကြီးဌာန ဆိုတာကတော့ အစိုးရနဲ့ ပြည်သူကြားမှာ ဆက်သွယ်ပေါင်းကူးပေးနေတဲ့ ဌာနဖြစ်ပါတယ်။ အဓိက ဆောင်ရွက်တဲ့ လုပ်ငန်းတာဝန်တွေက အများပြည်သူကို သတင်းအချက် အလက်တွေပေးတယ်။ အများပြည်သူ အသိပညာဖွံ့ဖြိုးတိုးတက်ဖို့အတွက် အထောက်အကူပြုတဲ့အလုပ်တွေကို လုပ်ပေးတယ်။ အများပြည်သူအတွက် ဖျော်ဖြေမှုတွေ တင်ဆက်ပေးတယ်။ အထူးသဖြင့် နိုင်ငံရဲ့ မဏ္ဍိုင်အသီးသီးမှာ တာဝန်ယူဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်တွေနဲ့ အများပြည်သူကြားမှာ ထိတွေ့မှုရှိဖို့နဲ့ အများပြည်သူအချင်းချင်းလည်း ထိတွေ့ပြီးတော့ အတွေးအမြင် အယူအဆတွေ ဖလှယ်နိုင်ဖို့၊ စိတ်ကူးစိတ်သန်းတွေ မျှဝေနိုင်ဖို့ စီစဉ်ဆောင်ရွက်ပေးရတာဖြစ်ပါတယ်။

ဒီလိုလုပ်ငန်းတာဝန်တွေကို ဆောင်ရွက်နိုင်ဖို့အတွက် ဝန်ကြီးဌာနရဲ့အောက်မှာ ဌာနကြီးလေးခုရှိပါတယ်။ ဌာနကြီးလေးခုနဲ့ ဝန်ကြီးရုံးဌာနပေါင်းစပ်ပြီး တာဝန်တွေကို ထမ်းဆောင်ပါတယ်။ ဌာနလေးခုကတော့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနနဲ့ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတို့ဖြစ်ပါတယ်။

**မေး။ ။မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရဲ့သမိုင်းကြောင်းနဲ့ လက်ရှိဆောင်ရွက်နေတဲ့ တတိယ(၁)နှစ်တာအတွင်းက တိုးတက်မှုတွေကိုလည်း ရှင်းပြပေးပါရှင့်။**

ဖြေ။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို အရင်တုန်းကတော့ မြန်မာ့အသံဆိုပြီး လူသိများပါတယ်။ မြန်မာ့အသံအနေနဲ့ နဂိုမူလက ရေဒီယိုထုတ်လွှင့်တဲ့ အလုပ်တစ်ခုအနေနဲ့ စတင်ခဲ့တာဖြစ်ပါတယ်။ နောက်ပိုင်းမှာ ရုပ်မြင်သံကြားပေါ်လာတော့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဖြစ်လာပါတယ်။ ပြန်ကြည့်မယ်ဆိုရင် ဒီဌာနရဲ့အလုပ်သည် နည်းပညာတွေ ပြောင်းလဲလာတာနဲ့အမျှ ပြောင်းလဲနေတယ်ဆိုတဲ့အနေအထားကို တွေ့ရပါတယ်။ နည်းပညာတွေ တိုးတက်ပြောင်းလဲလာတာနဲ့အမျှ လိုက်ပါပြီး ပြောင်းလဲနိုင်ဖို့လိုတယ်ဆိုတာကိုလည်း တွေ့ရတယ်။

နိုင်ငံတကာမှာက ရုပ်သံထုတ်လွှင့်တဲ့ အလုပ်မှာ နည်းပညာအသစ်တွေ အများကြီး ပေါ်ထွက်နေပြီး ဆောင်ရွက်နေတာတွေရှိပါတယ်။ ရိုက်ကူးထုတ်လွှင့်လိုက်တာကို ပြန်ဖမ်းယူကြည့်ရှုတဲ့နေရာမှာလည်း ပစ္စည်းအသစ်တွေ၊ နည်းစနစ်အသစ်တွေ ပေါ်လာနေပါတယ်။ ဒါကို ကျွန်တော်တို့လည်းပဲ ဆက်လက်ပြုပြင်ပြောင်းလဲပြီး ဆောင်ရွက်နေဖို့ လိုအပ်သလို ပြောင်းလဲဖို့ဆောင်ရွက်တဲ့အခါမှာ နည်းပညာအသစ်တွေရယူဖို့ လိုပါတယ်။ စက်ပစ္စည်းကိရိယာအသစ်တွေလည်း ရဖို့လိုတယ်။ ဒါတွေက ငွေကြေးအကုန်အကျများတဲ့ ကိစ္စတွေဖြစ်ပါတယ်။

သို့သော် ကျွန်တော်တို့အနေနဲ့ ဘဏ္ဍာငွေကြေးပိုင်းမှာ အကန့်အသတ်တွေရှိနေတော့ ရှိတဲ့အခြေအနေကြားကနေ တိုးတက်အောင် ဆောင်ရွက်ရပါတယ်။ ဆောင်ရွက်တဲ့အခါမှာ ကိုယ်တိုင်စွမ်းအားနဲ့ ဆောင်ရွက်တာတွေရှိတယ်။ အခြားမိတ်ဖက်အဖွဲ့အစည်းတွေရဲ့ ကူညီမှုတွေနဲ့ ပူးပေါင်းပြီးတော့ လုပ်ရတာတွေလည်း ရှိပါတယ်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှာ အစိုးရရဲ့ တတိယ(၁)နှစ်တာအတွင်း အခြေခံအဆောက်အအုံပိုင်းနဲ့ပတ်သက်တဲ့ စက်ပစ္စည်းကိရိယာတွေ၊ နည်းပညာသုံးပစ္စည်းတွေ တိုးတက်အောင် ဆောင်ရွက်ထားရတဲ့အထဲက ဥပမာနှစ်ခုလောက် ပြောချင်ပါတယ်။

**အဆင့်မြှင့်တင်**

တစ်ခုကတော့ ရန်ကုန်မြို့ ပြည်လမ်းမှာရှိတဲ့ မြန်မာအသံနှင့် ရုပ်မြင်သံကြားမှာ စတူဒီယို (၁)ဆိုတာ ရှိပါတယ်။ ဒါက နဂိုမူလတုန်းက အလုပ်တွေအများကြီးလုပ်ခဲ့တဲ့ နေရာတစ်ခုဖြစ်ပါတယ်။ ဒီစတူဒီယို(၁)ဟာ ယခုအခါမှာတော့ ဟောင်းနွမ်းပြီး အလုပ်မလုပ်နိုင်တဲ့ နေရာတစ်ခုဖြစ်နေတာ အတော်ကြာခဲ့ပါပြီ။ အဲဒီခန်းမကြီးကို ခေတ်မီအောင် ပြန်လည်ပြင်ဆင်တာတွေကို လုပ်ဆောင်ခဲ့ပါတယ်။ မကြာခင်မှာ ပြီးစီးတော့မှာဖြစ်ပါတယ်။ ပြုပြင်တဲ့အခါ ရိုက်ကူးရေးနည်းစနစ်တွေ၊ ကင်မရာတွေကအစ၊ မီးအလင်းအမှောင်၊ အရောင်စနစ်တွေ၊ အသံစနစ်စတာတွေအားလုံး စက်ပစ္စည်းကိရိယာအသစ်တွေအားလုံး ထည့်သွင်းပြီး ရိုက်ကူးမယ့်နည်းစနစ်အသစ်တွေနဲ့ လုပ်ကိုင်ဆောင်ရွက်ဖို့ ပြင်ဆင်ထားတာဖြစ်ပါတယ်။

ပြီးစီးသွားခဲ့ရင်တော့ သွားလာရလွယ်ကူတဲ့အတွက်ကြောင့် ရန်ကုန်မှာ အခြေစိုက်နေထိုင်ကြတဲ့အနုပညာရှင်၊ အတတ်ပညာရှင်တွေနဲ့ အစီအစဉ်အသစ်တွေ များများစားစား ရိုက်ကူးထုတ်လုပ်လာနိုင်တော့မှာ ဖြစ်ပါတယ်။

ဒါက အခြေခံအဆောက်အအုံပိုင်းမှာ ဖွံ့ဖြိုးတိုးတက်အောင်လုပ်ရင်းနဲ့ အစီအစဉ်ထုတ်လုပ်မှုအပိုင်းမှာ ပိုပြီးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်တဲ့အနေအထားတစ်ခု ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်မှာ တိုက်ရိုက်ထုတ်လွှင့်တဲ့အစီအစဉ်တွေလည်း အတော်များများ တိုးတက်ပြီးတော့ လုပ်ခဲ့တာရှိပါတယ်။ အများပြည်သူစိတ်ဝင်စားတဲ့ အခမ်းအနားတွေ၊ အဖြစ်အပျက်တွေကို ထုတ်လွှင့်ပေးခဲ့ပြီး ဥပမာပြောရရင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ လူငယ်များ စကားဝိုင်းကျင်းပတာရှိပါတယ်။ ပြည်နယ်နေ့အခမ်းအနားတွေ ကျင်းပတာရှိပါတယ်။ (၂၁)ရာစုပင်လုံနဲ့ပတ်သက်တဲ့ အစည်းအဝေးတွေ၊ အရေးကြီးတဲ့ကိစ္စတွေကို တိုက်ရိုက်ထုတ်လွှင့်ပေးတာရှိပါတယ်။ လူအများစိတ်ဝင်စားတဲ့ ဘောလုံးပွဲတွေ၊ အားကစားပွဲတွေ၊ ဂီတဆိုင်ရာဖျော်ဖြေပွဲတွေစသည်ဖြင့် တိုက်ရိုက်ထုတ်လွှင့်တာလည်း ရှိပါတယ်။ အခုနှစ်မှာ အရင်နှစ်ကထက်စာရင် အရေအတွက်အားဖြင့် ပိုတိုးလာတယ်။ လူတွေကလည်း တိုက်ရိုက်ထုတ်လွှင့်မှုတွေကို ပိုစိတ်ဝင်စားလာတယ်။ ဒါကို တိုးတက်ဆောင်ရွက်မယ်ဆိုရင်လည်း လူအင်အားရော၊ ပစ္စည်းအင်အားရော ပိုပြီးလိုအပ်ပါတယ်။

အဲဒီလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ဖို့၊ နယ်တွေနဲ့ ဝေးလံခေါင်ဖျားတဲ့ ဒေသများအထိ သွားရောက်ပြီး တိုက်ရိုက်ထုတ်လွှင့်တဲ့အစီအစဉ်တွေ လုပ်ကိုင်နိုင်မယ့်၊ လုပ်ကိုင်တဲ့နေရာမှာ အသုံးပြုနိုင်မယ့် DSNG ရိုက်ကူးထုတ်လွှင့်ရေး

အထူးကဏ္ဍ [ ခ ] သို့ »»

»» အထူးကဏ္ဍ [ က ] မှ

ယာဉ်သုံးစီး မကြာမီကဖြည့်တင်းခဲ့ပါတယ်။ ဒါကြောင့် လာမယ့်နှစ်မှာဆိုရင် တိုက်ရိုက်ထုတ်လွှင့်မယ့်အစီအစဉ်တွေ ဒီထက်မကတိုးတက်ပြီး လုပ်ကိုင်လာနိုင်ဖို့ ရှိပါတယ်။

**မေး။ ပြည်တွင်း ပုဂ္ဂလိကရုပ်သံလုပ်ငန်းတွေ ဖွံ့ဖြိုးစေဖို့ ဆောင်ရွက်ချက်တွေကို လည်း သိပါရစေရှင့်။**

ဖြေ။ ဌာနရဲ့လုပ်ငန်းများ တိုးတက်ဖို့အတွက် ဆောင်ရွက်ရတာရှိသလို တစ်ချိန်တည်းမှာ နိုင်ငံအတွင်း ရုပ်သံလုပ်ငန်းတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ဖို့ကလည်း ပြန်ကြားရေးဝန်ကြီးဌာနရဲ့တာဝန်ဖြစ်ပါတယ်။ ပုဂ္ဂလိကရုပ်သံလုပ်ငန်းများ လုပ်ကိုင်ခွင့်ရရေးနဲ့ ဖွံ့ဖြိုးတိုးတက်လာရေး ဆောင်ရွက်ရာမှာ ပြီးခဲ့တဲ့ နှစ်နှစ်နီးပါးကတည်းက ပုဂ္ဂလိက ရုပ်သံလိုင်းအသစ်တွေ ဖန်တီးပေးနိုင်ဖို့ စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။ ရုပ်သံလိုင်းငါးလိုင်းကို မြန်မာ့အသံရဲ့ ထုတ်လွှင့်ရေးစနစ်ထဲကနေ ထုတ်လွှင့်နိုင်ဖို့ စီစဉ်ပေးတာဖြစ်ပါတယ်။

ရုပ်သံလိုင်းငါးခုအတွက် ဆောင်ရွက်မယ့် လုပ်ငန်းငါးခုကို စိစစ်ရွေးချယ်ပေးခဲ့ပြီး ဒီငါးခုသည် ပြီးခဲ့တဲ့နှစ်အတွင်း တစ်ခုပြီးတစ်ခုလုပ်ငန်းလည်ပတ်ပြီး ရုပ်သံထုတ်လွှင့်တဲ့ အလုပ်တွေ လုပ်ကိုင်နေပြီဖြစ်ပါတယ်။

**မေး။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရဲ့ အောင်မြင်တဲ့ပွဲတော်ဖြစ်တဲ့ ကလေးစာပေပွဲတော်တွေနဲ့ အခြားဆက်စပ်ပွဲတော်တွေ၊ အခမ်းအနားတွေ ကျင်းပနေခြင်း အကြောင်းကိုလည်း သိရှိလိုပါတယ်။**

ဖြေ။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနဲ့ပတ်သက်ရင် ကလေးစာပေပွဲတော်တွေ ကျင်းပတာ လူအများသိကြပါတယ်။ ကလေးစာပေပွဲတော်တွေကို ပြီးခဲ့တဲ့ နှစ်နှစ်ကျော်ကစပြီး ကျင်းပခဲ့ပါတယ်။ အခုနှစ်အတွင်းမှာ အရှိန်အဟုန်နဲ့ ဆက်လက်ကျင်းပခဲ့ပါတယ်။ ပွဲတော်ကြီးတွေ ကျင်းပတာရှိတယ်။ ဒေသအလိုက် ဆောင်ရွက်နိုင်တဲ့၊ အတိုင်းအတာပေါ်မူတည်ပြီး ကျင်းပတဲ့ ကလေးစာပေပွဲတော်တွေလည်း ရှိပါတယ်။ နိုင်ငံတော်အဆင့်၊ ခရိုင်အဆင့်နဲ့ မြို့နယ်အဆင့် စသည်ဖြင့် သတ်မှတ်ပြုလုပ်ပါတယ်။

နိုင်ငံတော်အဆင့် ကလေးစာပေပွဲတော်ပေါင်း ကိုးပွဲကျင်းပခဲ့ပြီးဖြစ်ပါတယ်။ ခရိုင်အဆင့် ၅၇ ပွဲ ကျင်းပနိုင်ခဲ့ပါတယ်။ နောက်ထပ်လည်း မြို့နယ်အဆင့် ကလေးစာပေပွဲတော်တွေ ဆက်လက်ကျင်းပပေးဖို့ ရှိပါတယ်။ ကလေးစာပေပွဲတော်တွေ ကျင်းပရာမှာ ပူးပေါင်းပါဝင်ရင်းနဲ့ ကျွန်တော်တို့နည်းတူ စိတ်အားထက်သန်လာတဲ့ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့မှ ပုဂ္ဂိုလ်များက သူတို့နေရာတွေမှာ ပိုကျယ်ပြန့်အောင် တိုးချဲ့ဆောင်ရွက်နိုင်ဖို့ လုပ်ပေးကြတာ ရှိပါတယ်။ စေတနာရှင်တွေက ပံ့ပိုးကူညီတာတွေလည်း ရှိပါတယ်။ ဧရာဝတီတိုင်းဒေသကြီးမှာ တိုင်းဒေသကြီးအစိုးရကနေ တိုင်းဒေသကြီးအတွင်းက မြို့နယ် ၂၆ မြို့နယ်မှာ တစ်မြို့နယ်ကို သိန်း ၃၀ ရန်ပုံငွေချထားသတ်မှတ်ပေးပြီး ကလေးစာပေပွဲတော်တွေ ကျင်းပဖို့ရှိတာသိရပါတယ်။ ဆိုချင်တာက ကလေးစာပေပွဲတော်တွေကို တဖြည်းဖြည်းစိတ်ဝင်စားမှုများပြီးတော့ အောင်မြင်နေတယ်ဆိုတာကို ပြောချင်တာဖြစ်ပါတယ်။

**ဝန်ကြီးဌာနပေါင်းစုံလက်တွဲပါဝင်လာ**

ပြီးခဲ့တဲ့နှစ် နိုင်ငံတော်အဆင့်ပွဲကြီးများအဖြစ် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်တက္ကသိုလ်၊ ကချင်ပြည်နယ် မြစ်ကြီးနားတက္ကသိုလ်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးတက္ကသိုလ်တို့မှာ ကျင်းပခဲ့ပါတယ်။ နိုင်ငံတော်အဆင့်ပွဲတွေမှာ ပြန်ကြားရေးဝန်ကြီးဌာနအပြင် အခြားဝန်ကြီးဌာနတွေလည်း ပူးပေါင်းပါဝင်ပါတယ်။ ကလေးစာပေပွဲတော် ကျင်းပကတည်းက ကျွန်တော်တို့နဲ့ တောက်လျှောက်လက်တွဲလာတာကတော့ ပညာရေးဝန်ကြီးဌာနဖြစ်ပါတယ်။ အဲဒီနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတွေ ပါဝင်လာခဲ့ပါတယ်။ ဒီ့အပြင် ကျင်းပတဲ့မြို့ ရွာ၊ တိုင်းဒေသကြီး၊ ပြည်နယ်များက တောက်လျှောက် ပါဝင်ပါတယ်။ အဲဒီလိုပါဝင်တဲ့အတွက်ကြောင့် စည်စည်ကားကား အောင်အောင်မြင်မြင် ဖြစ်ပါတယ်။

ကလေးစာပေပွဲတော်နဲ့ ဆင်တူယိုးမှား ဒါကိုပဲ တိုးချဲ့ပြီး လုပ်နေတာအချို့ရှိပါတယ်။ ပြီးခဲ့တဲ့နှစ်က မန္တလေးမှာ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ကျင်းပခဲ့ပါတယ်။ တက္ကသိုလ်ကျောင်းသားလူငယ်များအဆင့် စာပေအပါအဝင် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ပါတယ်။ အားကစားပြိုင်ပွဲတွေလုပ်တယ်။ စာပေပွဲတော်တွေ လုပ်လာရင်း အရှိန်ရလာတော့ လူအများစာဖတ်လာကြဖို့ လှုံ့ဆော်လိုတဲ့ရည်ရွယ်ချက်နဲ့ စာတတ်သူတိုင်း စာဖတ်ရေးလှုပ်ရှားမှု အခမ်းအနားတစ်ခုကို ပြီးခဲ့တဲ့နှစ်ထဲမှာပဲ နေပြည်တော်မှာ ကျင်းပနိုင်ခဲ့ပါတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ဦးဆောင်တက်ရောက်ခဲ့ပြီး အောင်မြင်စွာနဲ့ ကျင်းပနိုင်ခဲ့ပါတယ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသည့် စာတတ်သူတိုင်း စာဖတ်ရေးလှုပ်ရှားမှုအထိမ်းအမှတ်ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုအားပေးစဉ်။

**မေး။ ကလေးစာပေပွဲတော်အပြင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးစီးဆောင်ရွက်ပေးနေတဲ့ စာဖတ်ဝိုင်းတွေနဲ့ ဆွေးနွေးပွဲတွေအကြောင်းကိုလည်း ရှင်းပြပေးပါရှင့်။**

ဖြေ။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေနဲ့ စာပေပွဲတော်တွေအပြင် တွင်တွင်ကျယ်ကျယ် ဆောင်ရွက်နေတာတစ်ခု ရှိပါတယ်။ အဲဒါကတော့ ဒီဌာနအနေနဲ့ မြို့နယ်တိုင်း၊ ခရိုင်တိုင်းမှာ စာကြည့်တိုက်များ၊ ရုံးများ ဖွင့်ထားတာရှိတယ်။ နဂိုမူလကတော့ ပြည်သူ့စာကြည့်တိုက်တွေဆိုပြီး ဖွင့်ထားတယ်။ သို့သော် ပြည်သူ့စာကြည့်တိုက်ဆိုတဲ့ သဘောတရားနဲ့ ရပ်တည်ခဲ့တယ်။ ပြည်သူ့စာကြည့်တိုက်ဆိုတာ အများပြည်သူအသုံးပြုနိုင်မယ့် စာကြည့်တိုက်ပဲဖြစ်ပါတယ်။ စာကြည့်တိုက်ဖွင့်ထားပြီး စာအုပ်တွေရှိတယ်။ စာလာဖတ်ချင်တဲ့သူဖတ်လို့ရတယ်။ စာအုပ်ငှားချင်တဲ့သူကို ငှားပေးတယ်။ စာကြည့်တိုက်မှူးအနေနဲ့ စာအုပ်ငှားတဲ့အလုပ်၊ စာအုပ်တွေ ခင်းကျင်းထားတဲ့အလုပ်ကို အဓိကထားဆောင်ရွက်ပါတယ်။

ဒါပေမယ့် အဲဒီအနေအထားကနေ တိုးမြှင့်ပြီးတော့ စာဖတ်တဲ့အလုပ်ကို လူတွေစိတ်ဝင်စားလာအောင်၊ စာကြည့်တိုက် ဗီရိုထဲမှာထားတဲ့ စာအုပ်တွေကို တောင်းဆိုလာသူရှိရင် ဖွင့်ပေးတဲ့အဆင့်မျိုးကနေ စာအုပ်တွေကို စာဖတ်သူတွေဆီရောက်အောင် သယ်ပို့ပေးတဲ့စနစ်တွေ ကျင့်သုံးတယ်။ အဲဒီစာကြည့်တိုက်တွေမှာ စာများများဖတ်ဖို့ စိတ်ဝင်စားတဲ့သူတွေ စုပြီးတော့ စာဖတ်ဝိုင်းတွေ ဖွဲ့စည်းပေးတယ်။ စာအုပ်နဲ့ပတ်သက်တဲ့ဆွေးနွေးပွဲတွေ ပုံမှန်လုပ်ဖို့ စီစဉ်ပေးတယ်။ စာရေးတဲ့ပုဂ္ဂိုလ်တွေနဲ့ စာဖတ်တဲ့သူတွေ ထိတွေ့ပြီးတော့ ဆွေးနွေးပွဲတွေ လုပ်ပေးတယ်။ စာအုပ်တစ်အုပ်ထွက်လာရင် အဲဒီစာအုပ်ရေးသားတဲ့ပုဂ္ဂိုလ်နဲ့ စာဖတ်ဝိုင်းကလူတွေနဲ့ တွေ့ဆုံဆွေးနွေးတဲ့ အစီအစဉ်မျိုး လုပ်ပေးတာရှိတယ်။

ဒါတွေအပြင် ပြည်သူများအနေနဲ့ စာအုပ်စာပေကိစ္စသာမက မိမိတို့အချင်းချင်း တွေ့ဆုံဆွေးနွေးပွဲတွေ၊ သာမန်ရပ်ရေးရွာရေးအပြင် ပိုမိုကြီးကျယ်တဲ့ နိုင်ငံ့အရေးကိစ္စတွေ၊ မြို့ရွာအရေးကိစ္စတွေဆွေးနွေးဖို့၊ တိုင်ပင်ဖို့ဖြစ်ဖြစ် တွေ့ဆုံချင်ရင် တွေ့ဆုံနိုင်အောင်ဆိုပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွေက နေရာထိုင်ခင်းစီစဉ်ပေးတယ်။ တွေ့ဆုံဆွေးနွေးတာတွေ လုပ်ချင်တယ်ဆိုတဲ့ အသင်းအဖွဲ့တွေ၊ အစုအဖွဲ့တွေ၊ ပုဂ္ဂိုလ်တွေကိုလည်း ဒီနေရာဌာနကိုသုံးကြဖို့ ဖိတ်ခေါ်တယ်။ ဒါက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးတွေကို ဒေသကလူများရဲ့တွေ့ဆုံရာနေရာဌာန(Community Centre)တစ်ခုဖြစ်အောင် အသွင်ကူးပြောင်းတဲ့အလုပ်ဖြစ်ပါတယ်။

Community Centre မှာ စာဖတ်ဝိုင်းတွေ လုပ်သလို ပြည်သူ့စကားဝိုင်းတွေ စီစဉ်ပေးတယ်။ ဒီစကားဝိုင်းတွေက ဘာရည်ရွယ်သလဲဆိုရင် ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ရည်ရွယ်ချက်နဲ့ လုပ်ငန်းတာဝန်ထဲမှာပါတဲ့ နိုင်ငံရဲ့မဏ္ဍိုင်အသီးသီးမှာ တာဝန်ယူဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်တွေနဲ့ အများပြည်သူထဲက တစ်ဦးချင်းစီသောသူတွေ ထိတွေ့ပြီး အပြန်အလှန်စကားပြောတာ၊ မေးမြန်းဖြေကြားတာ၊ သူတို့ရဲ့ စိတ်ကူးစိတ်သန်းတွေကို ဖော်ထုတ်၊ အကြံပေး၊ ဝေဖန်၊ ထောက်ပြတာတွေလုပ်နိုင်ဖို့အတွက် စီစဉ်ပေးတာဖြစ်ပါတယ်။ ပြည်သူ့စကားဝိုင်းများမှာ ပါလေ့ရှိတဲ့သူတွေက သက်ဆိုင်ရာဌာနတစ်ခုမှာ တာဝန်ယူဆောင်ရွက်တဲ့ ပုဂ္ဂိုလ်တွေပါမယ်။ ကျင်းပရာဒေသက လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးပါမယ်။ သို့မဟုတ် ဒီဒေသမှာ လှုပ်ရှားဆောင်ရွက်နေတဲ့ လူမှုအဖွဲ့အစည်းတွေထဲက တာဝန်ယူဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်မျိုးတွေပါမယ်။ အဲဒီနေ့ဆွေးနွေးမယ့် အကြောင်းအရာခေါင်းစဉ်နဲ့ ပတ်သက်ပြီး ကျွမ်းကျင်တဲ့ပညာရှင်တစ်ဦးဦး ပါလိမ့်မယ်။ သူတို့က ပင်တိုင်ဆွေးနွေးသူများအဖြစ်နဲ့ ထိုင်ပြီးတော့ ကျန်တဲ့ပြည်သူထဲက စိတ်ဝင်စားတဲ့သူတွေက ဝင်ဆွေးနွေးတဲ့စကားဝိုင်းတွေ ဖြစ်ပါတယ်။

**ပြည်သူ့စကားဝိုင်းတွေ သက်ဝင်လှုပ်ရှား**

ပြည်သူ့စကားဝိုင်းတွေက သက်ဆိုင်ရာ ရပ်ရွာဒေသမှာ အရေးကြီးနေတဲ့ ကိစ္စတွေ၊ အကြောင်းအရာတွေ၊ ခေါင်းစဉ်တွေကို အဓိကထားပြီးဆွေးနွေးတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ နယ်မြေဒေသတွေက ကျေးလက်ဒေသ၊ စိုက်ပျိုးရေးဒေသတွေများပါတယ်။ ဒီနေရာတွေမှာ မိမိတို့ရဲ့ဒေသဖွံ့ဖြိုးတိုးတက်ဖို့ ဘယ်လိုဆောင်ရွက်မလဲ ဆိုတာကိုဆွေးနွေးတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးစကားဝိုင်းတွေကိုလည်း ဖန်တီးပေးပါတယ်။ စကားဝိုင်းများသည် အမြို့မြို့အနယ်နယ်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများနဲ့ သူတို့နဲ့ ဆက်စပ်တဲ့၊ ဆီလျော်တဲ့၊ အဆင်ပြေ တဲ့ နေရာတွေမှာ ကျင်းပတာဖြစ်ပြီး အခုဆိုရင် ကျင်းပတဲ့အကြိမ်အရေအတွက်ဟာ တစ်နိုင်ငံလုံးအနေနဲ့ ထောင်ဂဏန်းလောက် ရှိနေပါပြီ။

နိုင်ငံထဲမှာရှိတဲ့ ပြည်သူများကြားမှာရှိတဲ့ စိတ်ကူးစိတ်သန်းတွေ အယူအဆတူတာ၊ မတူတာတွေကို ပွင့်ပွင့်လင်းလင်းပြောဆိုဖို့၊ ဖလှယ်ဖို့၊ မိမိတို့အယူအဆကို အများသိအောင် ပြောဖို့ သက်ဆိုင်ရာတာဝန်ရှိသူတွေသိအောင် ပြောဖို့၊ သက်ဆိုင်ရာကဏ္ဍများမှာ လုပ်ကိုင်ဆောင်ရွက်တဲ့သူတွေကိုလည်း ၎င်းတို့ရဲ့လုပ်ကိုင်ဆောင်ရွက်ချက်တွေနဲ့ပတ်သက်ပြီး မိမိတို့လက်မခံနိုင်တာရှိရင်၊ လွဲမှားတာလို့ထင်ရင်၊ မပြည့်စုံဘူးထင်တာရှိရင် ဝေဖန်ထောက်ပြဖို့၊ ဖြည့်စွက်ဖို့ စသည်ဖြင့် ဒါတွေကို လုပ်ကိုင်ဆောင်ရွက်နိုင်အောင် ပြုလုပ်ပေးတာဖြစ်ပါတယ်။ တစ်နည်းပြောရရင် နိုင်ငံထဲမှာ ဒီမိုကရေစီအလေ့အကျင့်တွေ၊ လွတ်လပ်စွာပြောဆိုမှု၊ ဆွေးနွေးဖလှယ်မှုဆိုတဲ့ ယဉ်ကျေးမှုတွေထွန်းကားအောင် ဆောင်ရွက်ပေးခြင်း ဖြစ်ပါတယ်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေနဲ့ ပြီးခဲ့တဲ့ တစ်နှစ်တာကာလပတ်လုံး ဒီကိစ္စတွေကို တက်တက်ကြွကြွနဲ့ ဆောင်ရွက်ပေးခဲ့ပါတယ်။

**မေး။ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲအနေနဲ့ ရုပ်ရှင်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့အတွက် တစ်တပ်တစ်အား ပါဝင်အားဖြည့်ပေးခဲ့တဲ့ အပိုင်းတွေကိုလည်း သိပါရစေ။**

ဖြေ။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မြန်မာနိုင်ငံမှာ ရုပ်ရှင်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဆောင်ရွက်ရန် တာဝန်ရှိတဲ့ဌာနတစ်ခုလည်း ဖြစ်ပါတယ်။ ရုပ်ရှင်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့ကတော့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအပါအဝင် ရုပ်ရှင်လောကသားတွေက အဓိကဆောင်ရွက်ရမယ့် ကိစ္စဖြစ်ပါတယ်။ သူတို့က ဖွံ့ဖြိုးအောင် တကယ်ထိထိရောက်ရောက်ဆောင်ရွက်နေကြပါတယ်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရဲ့ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲအနေနဲ့ကတော့ ဒါကို ပံ့ပိုးကူညီတဲ့ အလုပ်လုပ်ကိုင်ရပါတယ်။ ပြီးခဲ့တဲ့နှစ်ထဲမှာ အရင်နှစ်တွေထက်ပိုပြီး တက်ကြွစွာဆောင်ရွက်ခဲ့ပါတယ်။ ဒါက သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ပိုပြီးပူးပေါင်းဆောင်ရွက်လာခြင်း ဖြစ်ပါတယ်။

ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ရုပ်ရှင်ရိုက်ကူးရေး စတူဒီယိုတွေ၊ ရုပ်ရှင်နဲ့ပတ်သက်တဲ့ သင်တန်းကျောင်းတွေရှိဖို့ လိုအပ်ပါတယ်။ ရုပ်ရှင်ရုံတွေ တိုးပွားလာဖို့၊ တိုးတက်ကောင်းမွန်ဖို့ စသည်ဖြင့် လိုအပ်ပါတယ်။ ရုပ်ရှင်ကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ ထိရောက်အောင် လုပ်နိုင်ဖို့လည်း လိုအပ်ပါတယ်။

အဲဒီအတွက် ကူညီပေးနိုင်မယ့်ကဏ္ဍတွေမှာ ကူညီပေးပါတယ်။ ရန်ကုန်မှာ ရုပ်ရှင်မြှင့်တင်ရေးခြံရှိပါတယ်။ ယခင်က အဲဒီမှာလုပ်ငန်းတွေလည်ပတ်ဖို့ နေးကွေးပြီး သဘာဝဘေးတွေကြောင့် အဆောက်အအုံတွေ ယိုယွင်းပျက်စီးနေပါတယ်။ ဒါတွေကို တတ်နိုင်သမျှ ရှိတဲ့ရန်ပုံငွေအကန့်အသတ်ထဲကနေ မနှစ်ကစပြီး ပြုပြင်ခဲ့ပါတယ်။ လက်ရှိမှာ ရုပ်ရှင်မြှင့်တင်ရေးစင်တာခြံဝင်းထဲမှာ အရင်ကရှိပေမယ့် အသုံးမပြုနိုင်တဲ့ စတူဒီယိုသုံးခုကို ပြန်လည်အသုံးပြုနိုင်အောင် ဆောင်ရွက်ပေးထားတယ်။ အခုတော့ရိုက်ကူးရေးလုပ်ငန်းတွေ စတင်နေပြီဖြစ်ပါတယ်။ ဒါ့အပြင် ရုပ်ရှင်အနုပညာရှင်တွေ စုဝေးရာ၊ ဆုံတွေ့ရာအဖြစ် အစည်းအဝေး၊ ဆွေးနွေးပွဲ၊ မိတ်ဆက်ပွဲစသည်ဖြင့် ကျင်းပနိုင်ဖို့ နေရာထိုင်ခင်းတွေ ပြင်ဆင်ပေးထားပါတယ်။

ဒီနေရာမှာ ရုပ်ရှင်အနုပညာရှင်တွေ၊ ပညာရှင်တွေ၊ ဝါသနာရှင်တွေရဲ့ ရုပ်ရှင်သုံးသပ်ဆွေးနွေးပွဲတွေ၊ အတွေ့အကြုံမျှဝေခြင်းတွေကို ပုံမှန်ကျင်းပနေပါတယ်။ ရုပ်ရှင်နဲ့ပတ်သက်ပြီးတော့ နိုင်ငံတကာကနေ လာရောက်ရိုက်ကူးတာတွေလည်း ကူညီဆောင်ရွက်ပေးပါတယ်။ ယခင်က ရိုက်ကူးရေးလုပ်မယ်ဆိုရင် အကန့်အသတ်တွေ များပါတယ်။ ဒါတွေကို သက်ဆိုင်တဲ့ ဌာနအသီးသီးကို ဆက်သွယ်ပြီး အကန့်အသတ်တွေ လျော့ပါးအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ရိုက်ကူးနိုင်ဖို့အတွက် ပေးသွင်းရတဲ့ အခကြေးငွေတွေ အရင်ထက်ပိုလျော့နည်းလာဖို့အပြင် သွားလာဖို့ ဝင်ရောက်ရိုက်ကူးရန် လွယ်ကူဖို့လည်း ဖြေလျှော့ပေးနေပါတယ်။

**မေး။ ရန်ကုန်မြို့မှာ ထူးထူးခြားခြားလာရောက်ရိုက်ကူးခဲ့တဲ့ နိုင်ငံခြားရုပ်ရှင်ဇာတ်ကားကြောင့် ရုပ်ရှင်လုပ်ငန်းအတွက် ဘယ်လောက်ရိုက်ခတ်လာနိုင်ပါသလဲရှင့်။**

ဖြေ။ ထူးထူးခြားခြားအနေနဲ့ ပြီးခဲ့တဲ့နှစ်မှာ ရန်ကုန်မြို့လယ် ဆူးလေဘုရားလမ်းမှာ ရိုက်ကူးခဲ့တဲ့ ဟောင်ကောင်ကုမ္ပဏီတစ်ခုရဲ့ Line Walker 2 ဇာတ်ဝင်ခန်းရှိပါတယ်။ ရိုက်ကူးခွင့်ရသွားခြင်းသည် မြန်မာနိုင်ငံမှာ ဒီလိုဇာတ်ကားမျိုးရိုက်ကူးရေးလုပ်နိုင်ပြီ၊ လုပ်ခွင့်ရှိသွားပြီဆိုတာကို အများသိသွားတာကြောင့် ကျွန်တော်တို့အတွက် အကျိုးကျေးဇူးရှိပါတယ်။ ပြည်သူတွေအနေနဲ့ ရုပ်ရှင်ဇာတ်ကားတွေကို ဘယ်လိုပုံစံနဲ့ရိုက်ကူးသလဲဆိုတာ သိရှိရတဲ့အတွက် ဝါသနာရှင်တွေအတွက် အများကြီးဗဟုသုတရပါတယ်။ နိုင်ငံရဲ့ ပုံရိပ်ကိုလည်း တက်စေပါတယ်။

ကျွန်တော်တို့နိုင်ငံကို အကန့်အသတ်တွေ များတဲ့ တိုင်းပြည်၊ လွတ်လပ်မှုနည်းတဲ့ဒေသလို့ အခြားက ရှုမြင်ထားခဲ့ရာကနေ ဒီလိုအတိုင်းအတာအထိ ရိုက်ကူးလို့ရတယ်၊ လုပ်ကိုင်ဝင်ထွက်လို့ ရတယ်ဆိုတာကို သိလာတဲ့အခါ နိုင်ငံအတွက် အကျိုးများစေမှာ ဖြစ်ပါတယ်။ နိုင်ငံမှာ အခြား

အထူးကဏ္ဍ [ ဂ ] သို့ »»

»»» အထူးကဏ္ဍ [ ခ ] မှ

လုပတဲ့ ရေမြေတောတောင်တွေ၊ သဘာဝရှုခင်းတွေကို ရိုက်ကူးပြီး နိုင်ငံတကာကို ဖြန့်ချိမယ်ဆိုရင် နိုင်ငံတကာကသိရှိပြီး တိုင်းပြည်နဲ့ပတ်သက်တဲ့ အသိအမှတ်ပြုမှုတွေပိုပြီး တိုးတက်မှုရှိမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ လက်ရှိနိုင်ငံအနှံ့အပြားက နေရာဒေသတွေကို ပြည်ပအဖွဲ့များ သွားရောက်ရိုက်ကူးတာတွေ များလာပါတယ်။ ပြည်တွင်းကုမ္ပဏီတွေနဲ့ လက်တွဲပြီး ရုပ်ရှင် တွေ၊ ဇာတ်လမ်းတွဲတွေ ရိုက်ကူးမယ့်သူတွေလည်း ရှိလာပါတယ်။ နေပြည်တော်မှာလည်း ရုပ်ရှင်စတူဒီယိုကြီး ထူထောင်ဖို့ ကမ်းလှမ်းတာ ရှိပါတယ်။ ဒါက ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တတိယ(၁)နှစ်တာရဲ့ဆောင်ရွက်ချက်တွေထဲက ရလဒ်ကောင်းတွေပဲ ဖြစ်ပါတယ်။

**မေး။ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနရဲ့ ဆောင်ရွက်ချက်တွေနဲ့ တစ်နှစ်တာအတွင်း ဖြတ်သန်းမှုကိုလည်း သိရှိလိုပါတယ်ရှင့်။**

ဖြေ။ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနကတော့ ပုံနှိပ်ခြင်းနဲ့ ထုတ်ဝေခြင်းကိုလုပ်ပါတယ်။ ပုံနှိပ်ရေးအပိုင်းမှာ ပြင်ပကအပ်နှံတဲ့ ပုံနှိပ်ရန်ကိစ္စတွေကို ဌာနပိုင်ပုံနှိပ်စက်နဲ့ ရိုက်နှိပ်ပေးပါတယ်။ ယခင်က အစိုးရစာရွက် စာတမ်းတွေကို အဓိကရိုက်နှိပ်ပါတယ်။ နိုင်ငံတော်ပြန်တမ်းအပါအဝင် အစိုးရရဲ့စာရွက်စာတမ်းများ၊ ရွေးကောက်ပွဲကာလ မဲစာရင်းများ ရိုက်နှိပ်ခြင်းတို့ရှိပါတယ်။ လက်ရှိမှာ အဓိကပုံနှိပ်တဲ့ ထုထည်အကြီးမားဆုံးလုပ်ငန်းက ကျောင်းသုံးစာအုပ်များ ပုံနှိပ်ခြင်းဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနက အပ်နှံတာဖြစ်ပြီး ပြီးခဲ့တဲ့နှစ်အတွင်း အုပ်ရေ ၃၅ သန်းအထိ ရိုက်နှိပ်ခဲ့ရပါတယ်။ လာမယ့်နှစ် ကျောင်းသုံးအတွက် အရေအတွက် ၃၉ သန်းကျော်ကို ပုံနှိပ်နေပြီဖြစ်ပါတယ်။

ဒီအရေအတွက်ဟာ လက်ရှိမြန်မာနိုင်ငံရဲ့ ပုံနှိပ်လုပ်ငန်းတွေ၊ စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွေအားလုံးက ရိုက်နှိပ်ထုတ်ဝေနေတဲ့ စာအုပ်အရေအတွက်ထက် များစွာပိုပါတယ်။ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးလုပ်ငန်းတစ်ခုတည်းကတော့ ကျောင်းသုံးဖတ်စာအုပ်အားလုံးကို ရိုက်နှိပ်ရတာမဟုတ်ပါဘူး။ အချို့ပုဂ္ဂလိကလုပ်ငန်းတွေကလည်း ရိုက်နှိပ်ခွင့်ရတာရှိပါတယ်။ ကျောင်းသုံးစာအုပ်တွေ ဝယ်ယူကြတဲ့အခါ အရည်အသွေးညံ့ဖျင်းတယ်ဆိုပြီး ယခင်ကပြောကြတာတွေ ရှိခဲ့ပါတယ်။ ကျောင်းသုံးစာအုပ်ရဲ့ စက္ကူသားကအစ၊ စာအုပ်ချုပ်တဲ့အပိုင်းအထိ အားနည်းချက်များကို ဝေဖန်တာလည်း ရှိခဲ့ပါတယ်။ ဥပမာအားဖြင့် စာအုပ် ၃၅ သန်းဟာ မူလတန်းကနေ အထက်တန်းအထိ ကျောင်းသား ကျောင်းသူတွေနဲ့ သူတို့ရဲ့အိမ်တွေဆီအထိ အသီးသီးရောက်ရှိသွားကြတာဖြစ်လို့ အရည်အသွေးညံ့တဲ့ စာအုပ်တစ်အုပ်တလေပါသွားရင်တောင် ထောက်ပြပြောဆိုစရာဖြစ်နိုင်တဲ့အတွက် အရည်အသွေးကောင်းမွန်ဖို့ ကြိုးစားဆောင်ရွက်ရပါတယ်။

အခုအချိန်မှာ ဝေဖန်မှုတွေ နည်းပါးလာခဲ့ပါပြီ။ အရည်အသွေးကောင်းအောင် ကြိုးစားခဲ့တဲ့အတွက် လက်ခံနိုင်တဲ့ အနေအထားကိုရောက်အောင် ဆောင်ရွက်နိုင်ပြီလို့ ဆိုနိုင်ပါတယ်။

**မေး။ စာအုပ်ထုတ်ဝေရေးအပိုင်းနဲ့ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ဖို့အတွက် တတိယ(၁)နှစ်တာအတွင်း ထူးခြားတဲ့လုပ်ဆောင်ချက်တွေကိုလည်း သိပါရစေ။**

ဖြေ။ ထုတ်ဝေရေးအပိုင်းကိုလည်း ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက ဆောင်ရွက်ရပါတယ်။ အဓိကအားဖြင့်တော့ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက်ကို စာပေဗိမာန်အနေနဲ့ ဆောင်ရွက်ပေးပါတယ်။ အရင်ကတည်းက ခေတ်အဆက်ဆက် အမျိုးသားစာပေဆုတွေ ချီးမြှင့်ပေးတယ်။ အမျိုးသားစာပေဆုမှာ တစ်သက်တာစာပေ ဆုနဲ့ ကဏ္ဍအလိုက် ဘာသာရပ်တစ်ခုချင်းအတွက် ဆုချီးမြှင့်တာရှိတယ်။ စာပေဗိမာန်စာမူဆုကတော့ စာအုပ်အဖြစ်မထုတ်ဝေရသေးတဲ့ စာမူတွေကို ယှဉ်ပြိုင်စေပြီး ဆုချီးမြှင့်ပေးတာဖြစ်ပါတယ်။ ဆုရတဲ့စာမူတွေကို စာအုပ်ဖြစ်လာအောင် ပုံနှိပ်ထုတ်ဝေပေးပါတယ်။

အမျိုးသားစာပေဆုနဲ့ ပတ်သက်ပြီး အရင်က တစ်သက်တာစာပေဆုကို ငွေကျပ် ၂၅ သိန်း သတ်မှတ်ခဲ့ပေမယ့် အများဆန္ဒအရ ရန်ပုံငွေရရှိအောင် ကြိုးပမ်းခဲ့ပြီး ငွေကျပ် သိန်း ၅၀ အထိ တိုးမြှင့်ပေးအပ်ချီးမြှင့်နိုင်ခဲ့ပါတယ်။ ဘာသာရပ်ဆိုင်ရာ ဆုတစ်ဆုချင်းကိုလည်း ငွေကျပ် ၁၅ သိန်းကနေ ၂၅ သိန်းအထိ တိုးမြှင့်ပေးနိုင်ခဲ့ပါတယ်။

**မေး။ မကြာသေးမီက စာစဉ်သုံးခုကို ဖြန့်ချိထုတ်ဝေနိုင်ခဲ့တဲ့ မြန်မာဂန္ထဝင် အတွဲ ၁၀၀ စာစဉ်အကြောင်းကိုလည်း သိလိုပါတယ်ရှင့်။**

ဖြေ။ ဒါက ပြင်ပပညာရှင်များနဲ့ တွဲဖက်ပြီး ဆောင်ရွက်နေတဲ့ ကိစ္စတစ်ရပ်ဖြစ်ပါတယ်။ ခေတ်အဆက်ဆက်က ပေါ်ထွန်းခဲ့တဲ့ မြန်မာစာပေလက်ရာကောင်းတွေထဲက ဒီကနေ့အထိ လူအများလေ့လာဖတ်ရှုသင့်တဲ့ စာအုပ်ကောင်းတွေ အများကြီးရှိတာမို့ အဲဒါတွေထဲက ရွေးချယ်စုစည်းပြီး မြန်မာဂန္ထဝင် အတွဲ ၁၀၀ စာစဉ်ကို ထုတ်ဝေဖို့ စီစဉ်ခဲ့တာ ဖြစ်ပါတယ်။ အုပ် ၁၀၀ အတွက် ပထမဆုံးအတွဲ သုံးခုဖြစ်တဲ့ အတွဲ ၁၊ ၂၊ ၃ ကို မကြာခင်က စတင်မိတ်ဆက်နိုင်ခဲ့ပါတယ်။ နောက်ထပ်စာစဉ်တွဲတွေ ဆက်ထွက်ဖို့ရှိပါတယ်။

မြန်မာ့စွယ်စုံကျမ်း ၁၅ တွဲကိုလည်း မူသစ်ထုတ်ဝေဖို့ စီစဉ်နေပါတယ်။ ဒီစွယ်စုံကျမ်းများက စာပေဗိမာန်အဖွဲ့က ၁၉၅၀ ကျော် နှစ်များကတည်းက စတင်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ နှစ်ပေါင်း ၆၀ ဝန်းကျင် ကြာမြင့်လာပြီဖြစ်တာကြောင့် စာအုပ်ပါ အချို့အချက်အလက်တွေဟာ ခေတ်မမီတော့ဘဲ ဒီကနေ့အနေအထားတွေနဲ့ မညီညွတ်တာတွေလည်း ရှိပါတယ်။ ဒါတွေကို ပြင်ဆင်ပြီး ဒီကနေ့လူတွေ အသုံးပြုနိုင်အောင် ပြန်လည်ပြုပြင်တည်းဖြတ် ပြင်ဆင်ဖြည့်စွက်တာတွေ လုပ်ဆောင်နေပါတယ်။

အဲဒီလုပ်ငန်းကို စာပေတိုးတက်ရေးအတွက် နှစ်ကာလများစွာ ဆောင်ရွက်ခဲ့တဲ့ အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ ထွန်းဖောင်ဒေးရှင်းနဲ့ တွဲဖက်ဆောင်ရွက်နေပါတယ်။ မြန်မာ့စွယ်စုံကျမ်းသည် မူလက အတွဲ ၁ ကနေ ၁၅ အထိ ရှိခဲ့ပါတယ်။ အခုလို ပြန်လည်ဖြည့်စွက်ပြင်ဆင်ထုတ်ဝေတဲ့အခါ ဘယ်လောက်ဖြစ်မလဲဆိုတာ အတိအကျမတွက်နိုင်သေးပါဘူး။ သို့သော် ထွက်ရှိလာမယ့် စာအုပ်အတွဲတွေမှာ အတွဲ ၁ ကနေ နောက်ဆုံးအတွဲအထိ တစ်ကြိမ်တည်း တစ်ပြေးညီအတွင်းရော၊ အပြင်ရော အပြင်အဆင်ပိုင်းပါ ညီညီညာညာဖြစ်ဖို့ အတွဲ ၁ ကို စိတ်တိုင်းကျအောင် ပြင်ဆင်နေပါတယ်။

ပြီးခဲ့တဲ့နှစ်ကတည်းက အတွဲ ၁ အတွက် အကြောင်းအရာတွေ စုစည်းတယ်။ အပြင် အဆင်တွေ ဆွေးနွေးတယ်။ အထပ်ထပ်ပြန်ပြီး ပြင်ဆင်ခဲ့တာ အခုဆိုရင် ပြီးသလောက်နီးပါးရှိနေပါပြီ။ နောက်ဆုံးအဆင့် မူကြမ်းပြီးရင် မကြာမီလပိုင်းလောက်မှာ ပထမအတွဲစပြီး ထွက်လာဖို့ရှိပါတယ်။ ပထမတွဲ စထွက်လာပြီဆိုရင် နောက်အတွဲတွေအတွက် သိပ်မခက်ခဲတော့ဘဲ ဆက်တိုက်ထွက်လာဖို့ရှိပါတယ်။

**မေး။ စာပေကဏ္ဍတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ရည်ရွယ်ပြီး စာတမ်းဖတ်ပွဲတွေ၊ ဆွေးနွေးပွဲတွေ စီစဉ်ဆောင်ရွက်နေတဲ့အကြောင်းကိုလည်း သိပါရစေ။**

ဖြေ။ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန (ရန်ကုန်)ရုံးသည် သိမ်ဖြူလမ်းမှာ ရှိပါတယ်။ ကုန်သည်လမ်းမှာလည်း စာပေဗိမာန် အဆောက်အအုံကြီး ရှိပါတယ်။ စာပေဗိမာန် အဆောက်အအုံမှာ ခန်းမရှိတယ်။ သိမ်ဖြူလမ်းမှာလည်း ခန်းမတစ်ခုရှိပါတယ်။ ဒီခန်းမတွေမှာ စာပေနဲ့ဆက်စပ်တဲ့အလုပ်တွေ အရင်တုန်းက ဆောင်ရွက်ခဲ့ဖူးတာ ရှိပါတယ်။ အခုလက်ရှိမှာလည်း ဌာနကဦးဆောင်ပြီး လုပ်တဲ့ စာတမ်းဖတ်ပွဲတို့၊ ဆွေးနွေးပွဲတို့ အပြင်ဌာနကနေ ဦးဆောင်တာမဟုတ်ဘဲ ပြင်ပစာပေအဖွဲ့အစည်းတွေကနေ သူတို့ လုပ်ကိုင်ဆောင်ရွက်ချင်တဲ့ စာပေဆိုင်ရာ ဆွေးနွေးပွဲတွေ၊ ဆုချီးမြှင့်ပွဲတွေ စသည်ဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ဖို့အတွက်လည်း နေရာထိုင်ခင်းတွေ စီစဉ်ပေးလျက်ရှိပါတယ်။ ဒီနေရာတွေမှာ စာပေစကားဝိုင်းတွေ လုပ်ဆောင်ရာကနေ ထွက်ပေါ်လာတဲ့ရလဒ်တွေ၊ စာတမ်းတွေ စုပေါင်းပြီးတော့ စာအုပ်ထုတ်ဝေတဲ့အလုပ်တွေ ဆောင်ရွက်ပေးပါတယ်။

တစ်ဆက်တည်းမှာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှာ သုတေသန အဖွဲ့တစ်ခုရှိပါတယ်။ ဒီသုတေသနအဖွဲ့အတွက် သိမ်ဖြူလမ်းက ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနရဲ့ရုံးမှာ သီးသန့်နေရာ လေးတစ်ခုရှိပါတယ်။ အဲဒီနေရာမှာ အခြေပြုပြီးတော့ ရန်ကုန်မြို့က ပညာရှင်တွေ၊ နိုင်ငံပေါင်းစုံ အကြောင်းအရာပေါင်းစုံနဲ့ သက်ဆိုင်တဲ့ သုတေသီတွေနဲ့ထိတွေ့ပြီးတော့ ဆွေးနွေးပွဲ သုံးသပ်ပွဲတွေလုပ်ပါတယ်။ ဒီသုံးသပ်မှုများကနေ ရလာတဲ့ ရလဒ်တွေကို စာအုပ်စာတမ်းအဖြစ် ထုတ်ဝေတာရှိပါတယ်။

စာအုပ်စာတမ်းထုတ်ဝေတဲ့နေရာမှာ ထူးထူးခြားခြားအနေနဲ့ကတော့ သက်ဆိုင်ရာ အကြောင်းအရာအလိုက် ပုံမှန်နှစ်လ တစ်ကြိမ်၊ သုံးလ တစ်ကြိမ်ထုတ်တဲ့ စာစောင်တွေ၊ သုတေသန စာတမ်းစာစောင်မျိုးတွေ ထုတ်ပါတယ်။ မြန်မာနိုင်ငံရဲ့အရေးအရာတွေဖြစ်တဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးရာတွေကို ရေးသားပြုစုတဲ့ စာအုပ်တွေ၊ ဆောင်းပါးတွေ၊ စာတမ်းတွေကို စုစည်းပြီး ထုတ်တဲ့ မြန်မာရေးရာစာစောင်၊ တိုင်းရင်းသားလူမျိုးများရဲ့ အရေးကိစ္စတွေနဲ့ သူတို့ရဲ့ယဉ်ကျေးမှု၊ လူမှုရေးစသည်ဖြင့် သက်ဆိုင်တဲ့ အကြောင်းအရာတွေကို စုစည်းပြီးတော့ တိုင်းရင်းသားရေးရာဆိုတဲ့ စာစောင်တစ်ခု ထပ်ထုတ်ပါတယ်။ ကျွန်တော်တို့နဲ့ ဆက်စပ်နေတဲ့ အိမ်နီးချင်းနိုင်ငံတွေနဲ့ ကမ္ဘာမှာ ပြောင်းလဲနေတဲ့ အနေအထားတွေကိုသိဖို့ လိုအပ်တဲ့အတွက်ကြောင့် ကမ္ဘာ့ရေးရာစာစောင်ကိုလည်း ထုတ်ဝေလျက်ရှိပါတယ်။ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနနဲ့ ဆက်စပ်ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးက ဆောင်ရွက်နေတဲ့ တူညီတဲ့လုပ်ငန်းတစ်ခုကို ဖြည့်စွက်ပြောကြားခြင်း ဖြစ်ပါတယ်။

**မေး။ ဆက်လက်ပြီး နိုင်ငံပိုင်သတင်းစာတွေရဲ့ တစ်နှစ်တာအတွင်း ဖြတ်သန်းမှုတွေ အကြောင်းကိုလည်း သိရှိလိုပါတယ်။**

ဖြေ။ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းကတော့ သူ့အမည်ကိုက ဖော်ပြနေတဲ့အတိုင်း သတင်းနဲ့ ပတ်သက်တဲ့စာနယ်ဇင်းတွေ ထုတ်လုပ်တယ်။ သတင်းစာများမှာ အများပြည်သူသိရှိကြတဲ့ မြန်မာဘာသာနဲ့ ထုတ်ဝေတဲ့ ကြေးမုံနဲ့ မြန်မာ့အလင်း သတင်းစာနှစ်စောင် ရှိပါတယ်။ အင်္ဂလိပ်ဘာသာနဲ့ ထုတ်ဝေတဲ့ The Global New Light of Myanmar သတင်းစာရှိပါတယ်။ ကြေးမုံနဲ့ မြန်မာ့အလင်း သတင်းစာကတော့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ပိုင်ဆိုင်ပြီး The Global New Light of Myanmar ကတော့ Global Direct Link ကုမ္ပဏီနဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်တဲ့ သတင်းစာဖြစ်ပါတယ်။

ဒါတွေအပြင် ပုံနှိပ်သတင်းစာမဟုတ်တဲ့ အွန်လိုင်းသတင်းစာ Myanmar Digital News အမည်နဲ့ အွန်လိုင်းမီဒီယာတစ်ခု ရှိပါတယ်။ ဒီအွန်လိုင်းမီဒီယာကို Megalink Advanced Technologies ကုမ္ပဏီနဲ့ တွဲဖက်ပြီးတော့ ဆောင်ရွက်တာဖြစ်ပါတယ်။ အဲဒါတွေနဲ့ အများပြည်သူသိရှိအောင် သတင်းများဖြန့်ချိတဲ့ အလုပ်ကို ဆောင်ရွက်ပါတယ်။

သတင်းစာအလုပ်အနေနဲ့ ဆောင်ရွက်တဲ့အခါ အခြားသော ပြင်ပသတင်းစာများ၊ နိုင်ငံတကာ သတင်းစာများနည်းတူ အများပြည်သူ သိသင့်သိထိုက်တဲ့ သတင်းအချက်အလက်မျိုးစုံ၊ ကဏ္ဍစုံတွေကို ဖော်ပြပေးနေပါတယ်။ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ နိုင်ငံတကာရေးရာ စသည်ဖြင့် ပါဝင်ပါတယ်။ အားကစား၊ ယဉ်ကျေးမှု၊ ဖျော်ဖြေမှုဒါတွေလည်း ပါဝင်အောင် ဖြည့်ဆည်းဆောင်ရွက်ထားပါတယ်။

နိုင်ငံတကာနဲ့ ပြည်တွင်းပြည်ပသတင်းစာများနည်းတူ ကဏ္ဍစုံဆောင်ရွက်တဲ့နေရာမှာ သဘောသဘာဝမတူညီတာလည်း ရှိပါတယ်။ ဒါက နိုင်ငံတော်သတင်းစာများ သို့မဟုတ် နိုင်ငံတော်တာဝန်ထမ်းဆောင်နေတဲ့ ဌာနအဖွဲ့အစည်းများကို တစ်နည်းတစ်လမ်းကိုယ်စားပြုတဲ့ သတင်းစာများရဲ့ ဖော်ပြချက်နဲ့ ပြင်ပပုဂ္ဂလိက သတင်းစာများရဲ့ဖော်ပြချက်က နည်းနည်းတော့ ကွာခြားပါတယ်။

ကျွန်တော်တို့ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းပိုင်သတင်းစာများသည် အများပြည်သူကိုယ်စား နိုင်ငံတော်တာဝန်ထမ်းဆောင်နေတဲ့ မဏ္ဍိုင်တွေဖြစ်တဲ့ ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်များရဲ့ဆောင်ရွက်ချက်တွေ ကို ဖော်ပြရပါတယ်။ ဒီမဏ္ဍိုင်များသည် ပြည်သူ့ကိုယ်စား ပြည်သူ့အတွက်ဆောင်ရွက်နေတာဖြစ်တဲ့အတွက် သူတို့ဆောင်ရွက်ချက်တွေကို ပြည်သူကို ပြန်လည်အစီရင်ခံတင်ပြဖို့ တာဝန်ရှိပါတယ်။

ဒီတာဝန်ကို သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရဲ့လက်အောက်မှာရှိတဲ့ စာနယ်ဇင်းများကတာဝန်ယူ ဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။ ဒါက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားလိုပါပဲ။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ရုပ်သံလုပ်ငန်းတွေနဲ့ တာဝန်ထမ်းဆောင်တယ်။ သတင်းစာတွေက သတင်းစာမျက်နှာများကတစ်ဆင့် ပုံနှိပ်လုပ်ငန်းအနေနဲ့ရော အီလက်ထရွန်နစ် သတင်းစာအဖြစ်ပါ တာဝန်ထမ်းဆောင်နေကြတာဖြစ်ပါတယ်။

တာဝန်ထမ်းဆောင်ရာမှာ ဥပဒေပြုမဏ္ဍိုင်ရဲ့ ဆောင်ရွက်ချက်တွေဖြစ်တဲ့ လွှတ်တော်များမှာ တိုင်းပြည်ရဲ့ရေးရာကိစ္စတွေ ဆွေးနွေးတာ၊ ဝေဖန်တာ၊ မေးမြန်းတာ၊ အဆိုပြုတာတွေရှိပါတယ်။ ဒါကို ထောက်ခံတာ၊ ကန့်ကွက်တာမျိုးတွေလည်းရှိပြီး ဒါတွေကို သိအောင်ဖော်ပြရသလို လွှတ်တော်ထဲမှာ တင်သွင်းလာတဲ့ ဥပဒေကြမ်းတွေ၊ မူကြမ်းတွေကိုလည်း အများပြည်သူကြိုတင်သိရှိလေ့လာနိုင်အောင် ဖော်ပြပေးရပါတယ်။ ဥပဒေတွေပြဋ္ဌာန်း၊ အတည်ပြုတာတွေ ထွက်ပေါ်လာတဲ့အခါမှာလည်း အများပြည်သူသိရှိအောင် ဖော်ပြပေးရတာရှိပါတယ်။

ထိုနည်းတူစွာ တရားစီရင်ရေးမဏ္ဍိုင်မှာလည်း တရားစီရင်ရေးကိစ္စရပ်တွေကို ပြည့်ပြည့်စုံစုံ အများပြည်သူသိရှိနိုင်အောင် တင်ပြပေးရပါတယ်။ အုပ်ချုပ်ရေးမဏ္ဍိုင်မှာဆိုရင်လည်း ပြည်ထောင်စုအစိုးရအဖွဲ့တွေ၊ ဝန်ကြီးဌာနတွေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တွေအားလုံးရဲ့ ဆောင်ရွက်ချက်တွေကို ဖော်ပြပေးပြီး ပြည်သူကို ပြန်လည်အစီရင်ခံရပါတယ်။

**မေး။ အများပြည်သူအတွက် မဏ္ဍိုင်သုံးရပ်ရဲ့ လုပ်ဆောင်ချက်တွေကို အစီရင်ခံတင်ပြတာအပြင် ပြည်သူတွေအတွက် ဘယ်လို ကဏ္ဍမျိုးတွေကိုလည်း ထည့်သွင်းပေးနေပါသလဲရှင့်။**

ဖြေ။ နိုင်ငံတော်အစိုးရဌာန၊ အဖွဲ့အစည်း အသီးသီးက ဆောင်ရွက်ချက်တွေကို အများသိအောင် တင်ပြပေးသလို တစ်ချိန်တည်းမှာ အများအတွက် စိတ်ဝင်စားဖွယ်ဖြစ်မယ့် ဒေသန္တရသတင်းတွေ၊ ဥပမာ တိုင်းရင်းသားလူမျိုးတွေရဲ့ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှု၊ လမ်းပန်းဆက်သွယ်ရေး၊ ပြုပြင်ပြောင်းလဲမှု စတာတွေကိုလည်း အထူးပြုဖော်ပြပေးပါတယ်။ တိုင်းရင်းသားလူမျိုးတွေရဲ့ ဘာသာစကားဖွံ့ဖြိုးတိုးတက်ဖို့အတွက် အထောက်အကူပြုပေးတဲ့အနေနဲ့ အချပ်ပိုကဏ္ဍတွေကိုလည်း တိုင်းရင်းသားဘာသာတွေနဲ့လည်း ရေးသားဖော်ပြပေးနေပါတယ်။

ကြေးမုံနဲ့ မြန်မာ့အလင်းသတင်းစာများသည် ပုံမှန်အားဖြင့် စာမျက်နှာ ၃၂ မျက်နှာ ထုတ်ဝေပြီး The Global New Light of Myanmar ကတော့ ၁၆ မျက်နှာ ထုတ်ဝေပါတယ်။ ဒီသတင်းစာတွေထဲမှာ အခါအားလျော်စွာ ထူးခြားတဲ့အစီအစဉ်တွေကို ကြားညှပ်ပြီး အချပ်ပိုအဖြစ် ဖြည့်စွက်ဖော်ပြတာတွေရှိပါတယ်။ တိုင်းရင်းသားကဏ္ဍများအပြင် ရန်ကုန်သူ၊ ရန်ကုန်သားတွေအတွက် ရန်ကုန်စာမျက်နှာမှာ ရန်ကုန်မြို့ရဲ့ အပြောင်းအလဲတွေ၊ အခက်အခဲတွေ၊ ဖွံ့ဖြိုးတိုးတက်မှုတွေစတဲ့ အရေးကိစ္စတွေအားလုံးကို ရန်ကုန်က ပြည်သူတွေအပြင် ရန်ကုန်နဲ့ ဆက်စပ်နေရတဲ့ တစ်တိုင်းပြည်လုံးက ပြည်သူတွေ သိရှိဖတ်ရှုနိုင်ဖို့ ရည်ရွယ်ဆောင်ရွက်ပါတယ်။

ဒါ့အပြင် မန္တလေးမြို့အပါအဝင် အထက်မြန်မာပြည်က သတင်းစာဖတ်ပရိသတ်တွေအတွက် သိရှိသင့်တဲ့ကိစ္စရပ်တွေ၊ အကြောင်းအရာတွေကို မန္တလေးအချပ်ပို စာမျက်နှာများအဖြစ် ရည်ရွယ်ဆောင်ရွက်ပေးသလို လူငယ်တွေထဲက စာပေကိုဝါသနာပါတဲ့ လူငယ်တွေအတွက် စာရေးသားခွင့်နဲ့ စာပေနယ်ထဲကို ဝင်ရောက်ဖို့ လမ်းစရလာကြဖို့အတွက် မျိုးဆက်သစ်ရင်ပြင်ကဏ္ဍ ဖွင့်ပေးထားတာ ရှိပါတယ်။ ကလေးတွေအတွက် စိတ်ဝင်စားစရာလည်း သတင်းစာထဲမှာ ပါဝင်အောင် ကာတွန်းစာမျက်နှာတွေကို အပတ်စဉ် နှစ်မျက်နှာစီနဲ့ ဖော်ပြပေးနေပါတယ်။

အဲဒီလိုအထူးအချပ်ပိုတွေ ထည့်သွင်းပေးနေတဲ့အတွက် မြန်မာသတင်းစာများသည် ၃၂ မျက်နှာထုတ်ဝေနေရာက အချပ်ပိုများတဲ့ ရက်များမှာ အများဆုံး ၄၈ မျက်နှာအထိ ဖြန့်ချိထုတ်လုပ်ပေးနေတာ ဖြစ်ပါတယ်။ အဓိကကတော့ စာဖတ်သူတွေအတွက် အကြောင်းအရာမျိုးစုံ၊ ကဏ္ဍမျိုးစုံကို ပြည့်ပြည့်ဝဝ ဆောင်ရွက်ပေးနေခြင်း ဖြစ်ပါတယ်။

**မေး။ အွန်လိုင်းသတင်းစာကိုလည်း ဆောင်ရွက်နေတဲ့အကြောင်းကို ပြည့်ပြည့်စုံစုံ သိပါရစေ။**

ဖြေ။ သတင်းစာများသည် လွန်ခဲ့တဲ့ ရာစုနှစ်သုံး၊ လေးခုကနေစပြီး အချို့ဒေသတွေဆိုရင် ဒီကာလထက်တောင် စောပြီးပေါ်ပေါက်ခဲ့ကြတယ်။ စက္ကူပေါ်မှာ ပုံနှိပ်စက်နဲ့ ရိုက်နှိပ်ထုတ်ဝေခဲ့ကြပါတယ်။ ဒီလိုရာစုနှစ်နဲ့ချီပြီး သတင်းစာတွေကို ပုံနှိပ်ခဲ့ရာကနေ ယနေ့ခေတ်မှာ အီလက်ထရွန်နစ် ဆက်သွယ်ရေး နည်းပညာတိုးတက်လာတာ

အထူးကဏ္ဍ [ ဃ ] သို့ »»»




နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် ပဲခူးတက္ကသိုလ်၌ မတ် ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပသည့် ကလေးစာပေပွဲတော်(ပဲခူး)တွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

»»» အထူးကဏ္ဍ [ ဂ ] မှ

နဲ့အမျှ အွန်လိုင်းနဲ့ ဖတ်ရှုထုတ်ဝေတဲ့ခေတ်ကို ရောက်လာပါပြီ။

နိုင်ငံတကာမှာလည်း သတင်းစာများကို ပုံနှိပ်အနေနဲ့ မဖတ်ရှုတော့ဘဲ ကွန်ပျူတာများ၊ ဖုန်းများနဲ့ ဖတ်ရှုကြတာမျိုး များပြားလာပါတယ်။ အများပြည်သူဆီကို သတင်းအချက်အလက်ပေးပို့တဲ့ လမ်းကြောင်းဟာ နည်းပညာပြောင်းလဲလာတာနဲ့အမျှ လိုက်ပါပြောင်းလဲလာတယ်။

သတင်းစားသုံးသူ (ဖတ်ရှုသူ)တွေက အသုံးပြုတဲ့လမ်းကြောင်း ပြောင်းလဲလာတာကြောင့် သတင်းထုတ်လုပ်ဖြန့်ချိတဲ့သူတွေ အနေနဲ့လည်း နည်းပညာသစ်တွေ ပြောင်းလဲအသုံးပြုဖို့လိုအပ်လာတဲ့အတွက် Myanmar Digital News ကို အရင်တစ်နှစ်ကျော်လောက်က စတင်ဆောင်ရွက်လာခဲ့တာ အခုအခါ ပုံမှန်လည်ပတ်နိုင်တဲ့ အခြေအနေဖြစ်နေပါပြီ။ အွန်လိုင်းသတင်းစာတို့ရဲ့ ပုံသဏ္ဌာန်များအတိုင်း လတ်တလောသတင်းတွေကို ရွေးချယ်ဖတ်ရှုနိုင်သလို စိတ်ဝင်စားသူများ အနေနဲ့ ယခင်က အကြောင်းအရာတွေ ဥပမာ အားဖြင့် အရင်ကပြောခဲ့တဲ့မိန့်ခွန်းတွေ ဖတ်ချင်ရင်လည်း ပြန်လည်ရှာဖွေဖတ်ရှုလို့ရတဲ့အပြင် ပုံနှိပ်သတင်းစာသုံးစောင်ကိုလည်း သူတို့စာမျက်နှာများအတိုင်း ဖတ်ရှုနိုင်ပါတယ်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း အယ်ဒီတာများအနေနဲ့ကတော့ ခေတ်ကာလ ပြောင်းလဲလာတဲ့အလျောက် အွန်လိုင်း မီဒီယာပေါ်ကနေပြီး အများပြည်သူကို သတင်းအချက်အလက်တွေ၊ အသိပညာပေးတဲ့အလုပ်တွေ ဆက်လက်ပြီး ဆောင်ရွက်နိုင်ဖို့ ကြိုးစားနေသလို ပုံနှိပ်သတင်းစာများကိုလည်း ပိုပြီးတော့ စိတ်ဝင်စားဖွယ်ဖြစ်အောင် အပြင်အဆင်ကအစ အမြဲတမ်းလတ်ဆတ်ဆန်းသစ်နေအောင် ဆောင်ရွက်နေပါတယ်။

**မေး။ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ရှေ့ဆက်သွားမယ့် လုပ်ငန်းစဉ်တွေနဲ့ ပြည်သူအတွက် ဆောင်ရွက်ပေးမယ့် အစီအစဉ်တွေကိုလည်း သိရှိလိုပါတယ်ရှင့်။**

ဖြေ။ ရှေ့ဆက်ပြီးတော့ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ အဓိကတာဝန်တွေကို ပိုမို ပီပြင်အောင် ဆက်လက်ဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်။ ကျွန်တော်တို့ဌာနသည် အများပြည်သူကို သတင်းအချက်အလက်ပေးတဲ့တာဝန်ကို ထမ်းဆောင်ရပါတယ်။ ဒါကို ဆက်လက်ပြီးတော့ ပိုကောင်းအောင် လုပ်ပါမယ်။ အများပြည်သူအတွက် အသိပညာ ဖွံ့ဖြိုးတိုးတက်ရာ တိုးတက်ကြောင်း အစီအစဉ်တွေကိုလည်း ထိုနည်းတူစွာ တိုးတက်ဆောင်ရွက်ပါမယ်။ ဒါတွေကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရဲ့ ရုပ်သံအစီအစဉ်များကရော သတင်းနှင့်စာနယ်ဇင်းရဲ့ စာမျက်နှာတွေပေါ်ကပါ ဆောင်ရွက်မှာဖြစ်ပါတယ်။ အလားတူ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ထုတ်လုပ်ဖြန့်ချိနေတဲ့ စာစောင်တွေ၊ စာအုပ်တွေ၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက ထုတ်ဝေနေတဲ့ စာအုပ်၊ စာတမ်းတွေသည်လည်း ဒီတာဝန်ကို ထမ်းဆောင်တာပဲ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ပြည်သူများအတွက် ဖျော်ဖြေမှုပေးတဲ့ လုပ်ငန်းတာဝန်ဖြစ်ပါတယ်။ အဓိကကတော့ ဒီတာဝန်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကနေ ဆောင်ရွက်ပေးတယ်။ အများပြည်သူအတွက်လည်း ပိုမိုနှစ်သက်ဖွယ်ဖြစ်တဲ့ ဖျော်ဖြေမှုအစီအစဉ်များ တင်ဆက်ပေးနိုင်ဖို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံရဲ့ မဏ္ဍိုင်အသီးသီးက ပုဂ္ဂိုလ်တွေနဲ့ ပြည်သူတွေ သိရှိဖို့ အစီအစဉ်၊ ပြည်သူအချင်းချင်းအကြား တစ်ဦးနှင့်တစ်ဦး ထိတွေ့ပြီး အတွေးအမြင်အယူအဆတွေ ဖလှယ်နိုင်ဖို့ အစီအစဉ်၊ နေရာထိုင်ခင်းတွေ၊ ပွဲလမ်းတွေ စီစဉ်ပေးတဲ့အလုပ်တွေ၊ စကားဝိုင်းတွေ၊ တွေ့ဆုံပွဲတွေ စီစဉ်ပေးတာတွေကိုလည်း ဆက်လက်ဆောင်ရွက်ပေးမှာဖြစ်ပြီး ဒီကဏ္ဍအတွက်တော့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အဓိကတာဝန်ယူသွားမှာ ဖြစ်ပါတယ်။ ဒီတာဝန်အရပ်ရပ်ကို လာမယ့်နှစ်များမှာ ပိုမိုတက်ကြွစွာ ဆောင်ရွက်သွားဖို့ ရှိတယ်ဆိုတဲ့အကြောင်း တင်ပြချင်ပါတယ်။

ဆက်လက်ပြီး မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းအား ဆက်လက်မေးမြန်းခဲ့ပါသည်။

**ဦးအောင်လှထွန်း**
**ဒုတိယဝန်ကြီး ၊ ပြန်ကြားရေးဝန်ကြီးဌာန**



ဒုတိယဝန်ကြီး ဦးအောင်လှထွန်း

**မေး။ မြန်မာနိုင်ငံမှာ သတင်းအချက်အလက်တွေနဲ့ သတင်းသိပိုင်ခွင့်တွေက အင်မတန်အရေးကြီးပါတယ်ရှင့်။ ဒါကြောင့် မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် သတင်းလွတ်လပ်ခွင့်က ဘယ်လောက်အထိအရေးပါတယ်ဆိုတာ သိပါရစေရှင့်။**

ဖြေ။ မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် သတင်းလွတ်လပ်ခွင့်က သိပ်အရေးကြီးပါတယ်။ ဒါက မီဒီယာကဏ္ဍအတွက်တောင် မဟုတ်ဘူး။ နိုင်ငံတစ်ခုဖွံ့ဖြိုးဖို့အတွက်၊ နိုင်ငံတစ်နိုင်ငံ တည်ငြိမ်အေးချမ်းဖို့အတွက် သတင်းစီးဆင်းမှုပေါ့။ အထူးသဖြင့် မှန်ကန်တိကျတဲ့သတင်းရရှိဖို့က သိပ်အရေးကြီးပါတယ်။

နောက်တစ်ခုက တစ်နည်းပြောရရင် သတင်းလွတ်လပ်ခွင့်ပေါ့။ Access to Information က အထူးသဖြင့် ကျွန်တော်တို့လို ဒီမိုကရေစီနုနယ်သေးတဲ့ နိုင်ငံတွေအတွက် ပိုပြီးအရေးကြီးပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ နှစ်ပေါင်း ၅၀ ကျော်လောက် ဒီမိုကရေစီနဲ့ရော သတင်းမီဒီယာ လွတ်လပ်ခွင့်နဲ့ရော ကင်းဝေးခဲ့ပါတယ်။

ကျွန်တော်တို့ရဲ့ ဒီမိုကရေစီသက်တမ်းဟာ ခုနစ်နှစ်လောက်ပဲရှိပါသေးတယ်။ လွတ်လပ်တဲ့ မီဒီယာသက်တမ်းကလည်း ငါးနှစ်သာသာလောက်ပဲ ရှိပါသေးတယ်။ ဒါကြောင့် ကျွန်တော်တို့အတွက် ပိုအရေးကြီးပါတယ်။ ကျွန်တော်တို့မှာ ဒီစိန်ခေါ်မှုအသစ်တွေကလည်း တွေ့နေရတာဆိုတော့ အရင်ကထက် ပိုလို့တောင်အရေးကြီးလာပါတယ်။

**မေး။ သတင်းလွတ်လပ်ခွင့်နဲ့ တိုင်းပြည်တိုးတက်ဖို့အတွက်ဆိုရင် ဘယ်လိုများ ဆက်သွယ်နေသလဲဆိုတာ သိချင်ပါတယ်ရှင့်။**

ဖြေ။ ဒါကအများကြီး ဆက်စပ်မှု ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုရင် သတင်းမီဒီယာရဲ့ အဓိကတာဝန်က အစိုးရရဲ့ မဏ္ဍိုင်ကြီးသုံးရပ်ပေါ့လေ။ ဥပဒေပြုရေး၊ တရားစီရင်ရေးနဲ့ အုပ်ချုပ်ရေးတို့ပေါ့။ အဲဒါတွေနဲ့ ပြည်သူအကြားမှာ ပေါင်းစပ်ပေးတာ၊ ဆက်စပ်ပေးတာဖြစ်ပါတယ်။ မဏ္ဍိုင်ကြီးသုံးရပ်ကလုပ်ကိုင်နေတာကို ပြည်သူကို တင်ပြရတယ်။ ပြည်သူရဲ့ ခံစားချက်တွေကို၊ ပြည်သူရဲ့ အခြေအနေတွေကို မဏ္ဍိုင်သုံးရပ်ကို အသိပေးရပါတယ်။

ဒါတင်မကသေးပါဘူး။ နိုင်ငံရဲ့ပုံရိပ်ကိုလည်း နိုင်ငံတကာအသိုင်းအဝိုင်းအပေါ် မှာ မီဒီယာကပဲ ပုံဖော်ပေးရတယ်။ အဲဒီတော့ နိုင်ငံတစ်ခုရဲ့အနေအထားကို နိုင်ငံတကာကို ပြောပြရတဲ့အခါမှာ သတင်းမီဒီယာကဏ္ဍက သိပ်ကိုအရေးကြီးပါတယ်။

ဒါပေမယ့် သတင်းမီဒီယာဟာ လွတ်လပ်တဲ့အပြင် Professional ဖြစ်ဖို့ လိုအပ်ပါတယ်။ မီဒီယာဟာ စစ်မှန်တဲ့ မီဒီယာအလုပ်ကို လုပ်ရမယ်။ မီဒီယာအတွက်ရှိတဲ့ စောင့်ထိန်းအပ်တဲ့ ကျင့်ဝတ်တွေ၊ Ethics တွေကိုလည်း လိုက်နာဖို့ လိုပါတယ်။ ဘာဖြစ်လို့လဲဆိုရင် နိုင်ငံတကာက နိုင်ငံတစ်ခုအပေါ်မှာ မူဝါဒတစ်ခုကိုချမှတ်တော့မယ်ဆိုရင် စီးပွားရေးသော်လည်းကောင်း၊ နိုင်ငံရေးသော်လည်းကောင်း၊ အခြားကိစ္စတစ်ခုခုနဲ့ ပတ်သက်၍သော်လည်းကောင်း မူဝါဒတွေချမှတ်တဲ့အခါမှာ မီဒီယာတွေရဲ့ရေးသားချက်ကို အဓိကအားထားတတ်ကြပါတယ်။ ဒါကြောင့် မီဒီယာတွေက မျှမျှတတမှန်မှန်ကန်ကန်နဲ့ ရေးသားဖော်ပြဖို့ဟာ သိပ်အရေးကြီးပါတယ်။

**မေး။ မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက်ဆိုရင် အစိုးရရဲ့ တတိယ(၁)နှစ်တာကာလအတွင်းမှာ ဘယ်လိုတွေဆောင်ရွက်ထားပါသလဲ။ ရှေ့ဆက်ဆောင်ရွက်သွားမယ့် အကြောင်းအရာတွေကိုလည်း သိချင်ပါတယ်။**

ဖြေ။ ဆောင်ရွက်တာတွေ အကြောင်းပြောရရင် မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် တတိယ(၁)နှစ်တာအတွင်းမှာ ဆောင်ရွက်ထားတာတွေရှိပါတယ်။ အဓိက ကျွန်တော်တို့ပြန်ကြည့်လိုက်မယ်ဆိုရင် သတ္တမအကြိမ် (Myanmar Media Development Conference) မြန်မာမီဒီယာ ဖွံ့ဖြိုးတိုးတက်မှုကွန်ဖရင့်ကို ကျွန်တော်တို့ရဲ့လုပ်ဖော်ကိုင်ဖက်တွေဖြစ်တဲ့ IMS တို့၊ ယူနက်စကိုတို့ စသည်ဖြင့် လက်တွဲပြီး အောင်မြင်စွာကျင်းပနိုင်ခဲ့ပါတယ်။

ပြီးခဲ့တဲ့ ခုနစ်ကြိမ်မြောက်ရဲ့ ထူးခြားမှုကတော့ နေပြည်တော်မှာ ကျင်းပခဲ့တာဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့က မီဒီယာလောကမှာ တွေ့ကြုံနေရတဲ့ စိန်ခေါ်မှုတွေ၊ မီဒီယာလောက ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဘာတွေလိုအပ်သလဲ စသည်ဖြင့် အဲဒါတွေကို ကျွန်တော်တို့ ဆွေးနွေးခဲ့ကြပါတယ်။

**မေး။ အစိုးရတာဝန်ယူချိန်ကနေစပြီးတော့ ယခုအချိန်အထိ ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းတွေအပေါ်မှာ ကိုယ်မျှော်မှန်းထားခဲ့သလိုရော ဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်နိုင်ခဲ့ရဲ့လားရှင့်။ အဲဒီအပေါ်မှာ အားနည်းချက်၊ အားသာချက်တွေ ရှိမလားဆိုတာ ရှင်းပြပေးပါရှင့်။**

ဖြေ။ စောစောကတတိယ (၁)နှစ်တာအတွင်းမှာ လုပ်ဆောင်ချက်တွေအနက် ကျွန်တော်ပြောဖို့ ကျန်ခဲ့တာနည်းနည်း ရှိပါတယ်။ မှန်ပါတယ်။ ကျွန်တော့်ကို အဲဒီလိုမေးရင်တော့ ကျွန်တော်ကတော့ အများကြီး မျှော်လင့်ထားခဲ့တာဆိုတော့လေ၊ မျှော်လင့်တာတွေ သိပ်များလွန်းတဲ့အခါကျတော့ သိပ်အားမလိုအားမရဖြစ်တာတော့ ရှိတာပေါ့။ လုပ်ရမယ့်အရာတွေက အများကြီးရှိနေပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ အဓိကလိုအပ်နေတဲ့ဟာပေါ့လေ၊ ဒါကလည်း ကျွန်တော့်အမြင်ပါ။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလမှာ အဓိကလိုအပ်ချက်ကတော့ ကျွန်တော်တို့ဟာ ကိုယ့်ဟာကိုယ်ထိန်းကျောင်းနိုင်ပြီးတော့ ကျင့်ဝတ်လိုက်နာတဲ့၊ အမှီအခိုကင်းတဲ့ မီဒီယာပေါ်ထွန်းရေး ဖြစ်ပါတယ်။

မီဒီယာတွေဟာ ဒီမိုကရေစီကိုစောင့်ကြည့်ဖို့၊ ထိန်းကျောင်းပေးဖို့အတွက် ကျင့်ဝတ်လိုက်နာကြဖို့ လိုပါတယ်။ နောက်တစ်ခုက ဒီမီဒီယာအလုပ်ကို လုပ်ဖို့ ပီပြင်တဲ့ Professionalism ဟာသိပ်အရေးကြီးပါတယ်။ မီဒီယာကမှားလိုက်တာနဲ့ အားလုံးဟာ အလွဲလွဲအချော်ချော် ဖြစ်မှာပါပဲ။ နောက်တစ်ခုက အမှီအခိုကင်းဖို့ လိုပါတယ်။ Independent ဖြစ်ရမယ်။ Independent မှာ နှစ်ခြမ်းရှိပါတယ်။ ပထမတစ်ခုက လွတ်လွတ်လပ်လပ်လုပ်လို့ရမယ်၊ အနှောင်အဖွဲ့မရှိစေရဘူး။ နောက်တစ်ခုက အမှီအခိုကင်းဖို့ လိုပါတယ်။

ဥပမာ-အမှီအခိုကင်းရမယ်ဆိုတာ တစ်ယောက်ယောက်ရဲ့ အထောက်အပံ့နဲ့ပေါ့ Editorial Policy ပေါ့။ အယ်ဒီတာပိုင်းဆိုင်ရာ မူဝါဒကို ဘယ်သူမှ စွက်ဖက်ခြင်းမရှိဖို့က သိပ်အရေးကြီးပါတယ်။

ဘယ်သူပဲပိုင်ဆိုင်ပါစေ။ ပိုင်ဆိုင်တာကသိပ်အရေးမကြီးပါဘူး။ ပုဂ္ဂလိကကပိုင်လို့ရတယ်။ အဖွဲ့အစည်းက ပိုင်လို့ရတယ်။ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က ပိုင်လို့ရတယ်။ နိုင်ငံတော်အစိုးရက ပိုင်လို့ရတယ်။ အသင်းအဖွဲ့တစ်ခုကလည်း ပိုင်လို့ရတယ်။ သို့သော် မီဒီယာမှာသတ်မှတ်ထားတဲ့ စံတွေရှိပါတယ်။ အဲဒီဟာပေါ်ထွန်းဖို့အတွက် ကျွန်တော်တို့ဟာ ကြိုးစားနေတုန်းပါပဲ။ ဆက်ပြီးတော့လည်း ကြိုးစားဦးမှာပါ။ သို့ပေမယ့် အထိုက်အလျောက်တော့ အောင်မြင်မှုရှိပါတယ်။

အထူးသဖြင့် ခုနကပြောခဲ့တာမီဒီယာရဲ့ Professional Skills ပေါ့လေ၊ ကျွမ်းကျင်မှုရှိရမယ်။ မီဒီယာ Ethics ပေါ့၊ ကျင့်ဝတ်ပိုင်းဆိုင်ရာ မြှင့်တင်မှုရှိရမယ်။ နောက်တစ်ခုက Access to Information ပေါ့၊ သတင်းအချက်အလက် သိရှိပိုင်ခွင့်ရှိရမယ်။ အဲဒါလည်း မြင့်မားဖို့လိုပါတယ်။ နောက်တစ်ခုက Safety of the Journalist ပေါ့။ သတင်းသမားတွေရဲ့ လုံခြုံမှုဟာ သိပ်အရေးကြီးပါတယ်။

အခြားစိန်ခေါ်မှုတွေလည်း အများကြီးပေါ့လေ။ နောက်အရေးကြီးတာကတော့ Sustainability of Private Media ပေါ့။ ပုဂ္ဂလိကမီဒီယာ အချို့အထူးသဖြင့် Print Media လို့ခေါ်တဲ့ ပုံနှိပ်မီဒီယာတွေ ရေရှည်မှာရပ်တည်နိုင်ရေးဟာ သိပ်အရေးကြီးပါ တယ်။ ပြောရမယ်ဆိုရင် အဲဒါကို ကျွန်တော်တို့တွေအားလုံးဟာ ဝိုင်းဝန်းပူးပေါင်း အဖြေရှာဖို့ လိုပါတယ်။ ကျွန်တော်ဆိုလိုချင်တာကအဲဒါဟာ အစိုးရတာဝန်တစ်ခုပဲ မဟုတ်ပါဘူး။ အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ဖို့ လိုပါတယ်။

**မေး။ အခုဆိုရင် ပြန်ကြားရေးဝန်ကြီးဌာနဟာ ပြည်သူနဲ့အဓိကဆက်ဆံနေတဲ့ အဓိကကျတဲ့ ဝန်ကြီးဌာနတစ်ခု ဖြစ်ပါတယ်။ စတုတ္ထမဏ္ဍိုင်တစ်ခုလည်း ဖြစ်တယ်ဆိုတော့ ဒုတိယဝန်ကြီးအနေနဲ့ နောက်ဆုံးပြည်သူကို ပေးချင်တဲ့ Message စကားလေး ဘာများဖြစ်ပါမလဲရှင့်။**

ဖြေ။ ပြောချင်တဲ့ Message စကားက မီဒီယာဟာ အရင်ကထက်စာရင် ပိုပြီးတော့ အရေးပါလာပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ပြည်သူသန်း ၅၀ လောက်က အားလုံး Hand Phone သုံးနေကြပါတယ်။ မီဒီယာကိုထိတွေ့မှုပေါ့။ မီဒီယာရရှိမှု၊ မီဒီယာသုံးစွဲမှုဟာလည်း ပိုပြီးတော့ မြင့်မားလာပါတယ်။ အဲဒီမှာနောက်ဆုံးတစ်ခုဖြစ်တဲ့ New Media Platform တစ်ခုပေါ်လာပါတယ်။ Social Media လို့ခေါ်တဲ့ Facebook ပေါ့။ သူ့မှာ ကောင်းတာတွေအများကြီးရှိပါတယ်။ ကောင်းတာတွေတော့ မပြောတော့ပါဘူး။ မကောင်းတာတွေလည်း အများကြီးရှိတယ်။ စနစ်တကျအသုံးမပြုဘူးဆိုရင် သူ့မှာအကျိုးဆက်တွေက ဆိုးကျိုးတွေ များပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ အဲဒီကဏ္ဍနဲ့ပတ်သက်ရင် တိုးတက်မှုကသိပ်မြန်တယ်။ နိုင်ငံတော်မူဝါဒ၊ ပေါ်လစီတွေ ပြောင်းလိုက်တော့ လူတိုင်းက မိုဘိုင်းဖုန်းကိုင်နေပြီ။ လူတွေရဲ့ မီဒီယာစားသုံးမှု၊ သုံးစွဲမှုဟာလည်း ပုံစံကလည်းပြောင်းလဲလာပါတယ်။ လူတွေကပုံနှိပ်မီဒီယာကို သိပ်အားမကိုးတော့ပါဘူး။ အွန်လိုင်းမှာပဲတင်ပြီးတော့ ပြောကြတယ်။ ဆိုရှယ်မီဒီယာမှာနောက်တစ်ခုက Share (မျှဝေ)လို့ရတယ်။ တစ်ယောက်နဲ့တစ်ယောက် မျှဝေလို့ရတယ်။ အင်တာနက်ကနေ အပြန်အလှန်ဆက်စပ်လို့ရတယ်။

သတင်းဖန်တီးတဲ့လူနဲ့ သတင်းသုံးစွဲတဲ့ လူကြားမှာ အပြန်အလှန်ချိတ်ဆက်လို့ ရတယ်။ မျှဝေလို့ရတယ်။ Comment လုပ်လို့ရတယ်။ အဲဒီအခါကျတော့ သတင်းအချက်အလက် အသိပညာခေါ်မှာပေါ့။ Media Information Literacy လို့ ခေါ်ကြပါတယ်။ အဲဒါကတော့ ကျွန်တော်တို့နိုင်ငံမှာ တော်တော်လေးအားနည်းတာ တွေ့ရပါတယ်။ သာမန်ပြည်သူတွေသာမကဘူး၊ ခေတ်ပညာတတ်ပုဂ္ဂိုလ်တွေ၊ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေတောင်မှ ဆိုရှယ်မီဒီယာမှာတင်ထားတဲ့ Post တွေကို မှားမှန်း၊ မှန်မှန်းမသိ ကောက်ကာငင်ကာ ဝင်ပြီးတော့ Comment တွေရေးတယ်။ သူငယ်ချင်းတွေဆီ မျှဝေတယ်။ အချို့ဆိုဆဲတာ၊ ဆိုတာတွေတောင်ရှိကြပါတယ်။ အဲဒီအပေါ်မှာ အခြေခံပြီးတော့ အမှားအမှန်မသိတဲ့ အချက်အလက် အကြောင်းအရာတစ်ခုကို အဲဒီလိုလုပ်တာဟာ တိုင်းပြည်အတွက် အင်မတန်အန္တရာယ်ကြီးပါတယ်။

ကျွန်တော်တို့နိုင်ငံအတွက် သိက္ခာတွေကျစေတယ်။ အမုန်းတရားတွေပွားစေတယ်။ ဒီဆိုရှယ်မီဒီယာပေါ်မှာ Disinformation လို့ခေါ်တဲ့ သတင်းအမှားတွေ ထုတ်လွှင့်တာပေါ့နော်။ ယုံထင်ကြောင်ထင်ပေါ့။ Fake News (မှားယွင်းတဲ့သတင်း) တွေ၊ Hate Speech (အမုန်းတရား) တွေ ဖြန့်ချိပေးနေတာတွေ၊ Fabrication (လုပ်ကြံတဲ့သတင်း)တွေ အဲဒါတွေရဲ့အန္တရာယ်ဟာ တော်တော်ကြီးမားလာပါတယ်။

အဲဒါကြောင့် ကျွန်တော် ပြည်သူကိုပေးချင်တဲ့ Message ကတော့ Media Information Literacy ရဲ့ကကြီးခခွေးကို ပြောရတာပေါ့နော်။ အခြေခံလို့လည်း ပြောလို့ရပါတယ်။ ဒီသတင်းတစ်ခုကိုတွေ့ရင် ဒီယူနက်စကိုက ထုတ်ထားတဲ့ဟာကို တွေ့လို့ပါ။ တော်တော်လေးအသုံးဝင်တာကို တွေ့ရပါတယ်။

သတင်းတစ်ခုကိုတွေ့ပြီဆိုရင် သတင်းဖတ်တဲ့အခါ လိုက်နာရမယ့်အချက်လေးပါ။ ပထမဆုံးက သတင်းအရင်းအမြစ်ကိုရှာဖွေပါ။ သတင်းကို မဖတ်ခင် ဒီသတင်းကို ဘယ်ကဖော်ပြတာလဲ၊ သူ့ဘာရည်ရွယ်ချက်နဲ့ လုပ်တယ်ဆိုတာကို ကိုယ်ကဖော်ထုတ်ဖို့လိုပါတယ်။ သူကလိပ်စာတွေရှိလား၊ သူ့ Account တွေက အတုတွေလား။ လူတစ်ယောက်တည်းက အကောင့်တွေအများကြီး ထားတယ်ဆိုတာ ကျွန်တော်တို့ဆီမှာ တော်တော်လေး ဖြစ်လေ့ဖြစ်ထရှိတယ်။

နောက်တစ်ခုက သတင်းတစ်ပုဒ်လုံးကိုလည်း ဆုံးအောင်ဖတ်ဖို့ လိုပါတယ်။ ခေါင်းစဉ်လောက်ဖတ်ပြီး ပိတ်ထားလို့မရဘူး။ သတင်းခေါင်းစီးတွေက လူတွေကိုဆွဲဆောင်မှုရှိအောင်ပေါ့လေ၊ ခေါင်းစီးနဲ့ ဖမ်းစားထားတာပေါ့။ ဒါကြောင့် ဆုံးအောင်လည်း ဖတ်ကြည့်ဖို့ လိုပါတယ်။ ရေးထားတာနဲ့ ခေါင်းစီးနဲ့က ဘယ်လိုရှိတယ်ဆိုတာပါ။ နောက်တစ်ခုက သတင်းရေးတဲ့လူကိုလည်း စိစစ်ဖို့ လိုပါတယ်။ ဘယ်လိုလူမျိုးလဲ၊ နောက်ခံ ဘယ်ကလာသလဲ၊ လက်ရှိမှာနာမည်ဝှက်နဲ့ ဆဲဆိုနေတဲ့ ပုဂ္ဂိုလ်လား စသည်ဖြင့် လေ့လာဖို့လိုပါတယ်။

သတင်းရေးတဲ့နေ့စွဲကိုလည်း ကြည့်ဖို့လိုပါတယ်။ ဘာကြောင့်လဲဆိုရင် ပြီးခဲ့တဲ့နှစ်တွေက သတင်းတွေဟာ User Generated Content ပေါ့။ အမျိုးမျိုးပြန်ပြီးပေါ်လာနိုင်ပါတယ်။ ဒါမှမဟုတ် လူမှုကွန်ရက်မှာပို့စ်တင်တဲ့နေ့ နှစ်ပတ်လည်အဖြစ် ပြန်တက်လာတတ်ပါတယ်။ အချို့က အသစ်ထင်ပြီး သတင်းတွေ ပြန်ဖော်ပြကြတာရှိပါတယ်။ မှားလေ့မှားထလည်း ရှိပါတယ်။ ကျွန်တော်တို့ သတင်းစာထဲမှာတောင် ကြုံဖူးပါတယ်။ တောင်းပန်ရပါတယ်။

နောက်တစ်ခုက ကျွမ်းကျင်တဲ့သူကိုမေးပါ။ ကျွမ်းကျင်တဲ့ပုဂ္ဂိုလ်ကို သတင်းကိုဝေဖန်နိုင်းတာမျိုးပါ။ နောက်တစ်ခုက အကိုးအကားတွေကိုလည်း ကြည့်ပါ။

နောက်တစ်ခုက ဒီသတင်းတစ်ခုဟာ သရော်စာဟုတ်လား၊ မဟုတ်လားဆိုတာလည်း အရေးကြီးပါတယ်။ သရော်စာဆိုတာရှိပါတယ်။ သူက နည်းနည်းငေါ့တော့တော့ ရေးတာပေါ့လေ။ အဲဒါကို အတည်ပေါက်ယူလို့မရပါဘူး။ တစ်ခါတစ်ခါကျတော့လည်း နားလည်ပေးဖို့လိုပါတယ်။ အဲဒါလေးတွေကို အသိပညာမျှဝေလိုပါတယ်။

**မေး။ သတင်းစီးဆင်းမှုနဲ့ ပတ်သက်ပြီးတော့လည်း ဖြည့်စွက်ပြီးတော့ ပြောကြားလိုတာများရှိရင် ပြောပေးပါဦးရှင့်။**

ဖြေ။ သတင်းစီးဆင်းမှုနဲ့ပတ်သက်လို့ ကျွန်တော်တို့ စီစဉ်ဆောင်ရွက်နေတာ နှစ်ခုရှိပါတယ်။ တစ်ခုကတော့ Right to Information Law ပေါ့။ သတင်းအချက်အလက် သိရှိပိုင်ခွင့် ဥပဒေဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ မူကြမ်းရေးဆွဲနေပါတယ်။ ဒီဥပဒေက သတင်းစီးဆင်းမှုအတွက် သိပ်ကိုအရေးကြီးပါတယ်။ နိုင်ငံပေါင်း ၁၁၀ ကျော်မှာ ပြဋ္ဌာန်းထားပြီးပါပြီ။ အားလုံးအဆင်ပြေခဲ့ရင် ကျွန်တော်တို့ နိုင်ငံမှာလည်း မကြာခင် ပေါ်လာလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ဒီဥပဒေပေါ်ထွန်းလာခဲ့ရင် သတင်းလွတ်လပ်မှုသာမကပါဘူး။ ပြည်သူတိုင်းက၊ နိုင်ငံသားတိုင်းက သတင်းအချက်အလက် သိရှိနိုင်ဖို့အတွက် သက်ဆိုင်ရာဌာနတွေကို ဆက်သွယ်မေးမြန်းနိုင်မှာ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ရဲ့ Four Pillar Workshop လို့ခေါ်ပါတယ်။ မဏ္ဍိုင်လေးရပ်ဖြစ်တဲ့ စောစောက ကျွန်တော်ပြောခဲ့တဲ့ ဥပဒေပြုရေး၊ တရားစီရင်ရေးနဲ့ အုပ်ချုပ်ရေး မဏ္ဍိုင်တွေ အစိုးရရဲ့ Organs သုံးခုပေါ့။ နောက်တစ်ခုကတော့ မီဒီယာပေါ့လေ။ အဲဒီမဏ္ဍိုင်လေးရပ်ကြားမှာ အပြန်အလှန်နားလည်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ဖို့အတွက်ကို ကျွန်တော်တို့က Four Pillar Workshop ကို ကျင်းပလာခဲ့တာ အခုဆိုရင် နှစ်ကြိမ်ရှိခဲ့ပါပြီ။ မကြာခင် ဒီဇြေီလကုန်မှာ တတိယအကြိမ် Workshop ကို နေပြည်တော်မှာ ကျင်းပဖို့ စီစဉ်ထားပါတယ်။

အဲဒီလို ကျင်းပခြင်းအားဖြင့် ကျွန်တော်တို့ဟာ မီဒီယာနဲ့ မဏ္ဍိုင်ကြီးသုံးရပ်အကြားမှာ အပြန်အလှန်နားလည်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုကို ပိုပြီးတော့ မြှင့်တင်နိုင်မယ်လို့ ထင်ပါတယ်ခင်ဗျာ။

ကျေးဇူးတင်ပါတယ်။ ။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မြစ်ကြီးနားမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

# ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်၍ ငြိမ်းချမ်းသာယာသော ပြည်နယ်တစ်ခုဖြစ်လာရန် မျှော်မှန်းဆောင်ရွက်လျက်ရှိသည့် ကချင်ပြည်နယ်အစိုးရ

ဆောင်းပါး - ရှင်မင်း၊ ဓာတ်ပုံစုစည်း - အေးသန်း

ဆီးနှင်းရေခဲများ ဖုံးလွှမ်းနေသော မြန်မာနိုင်ငံ၏ အမြင့်ဆုံးတောင်ထိပ်များဖြစ်သည့် ခါကာဘိုရာဇီနှင့် ဂမ်လန်ရာဇီတို့တည်ရှိရာ ကချင်ပြည်နယ်သည် သဘာဝအလှအပများနှင့် သယံဇာတများ ပေါများလှသည်။

ထိုသို့ သဘာဝတရားမှ ပေးအပ်ထားသည့် တောတောင်ရေမြေနှင့်အတူ ပဒန်မနော၊ ဆွတ်မနော၊ ဂျူမနော၊ ဂွမ်ရမ်မနောနှင့် ရှဒပ်မနော စသည့် မနောပွဲများ ကျင်းပလေ့ရှိသည့် ကချင်တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့များက ချစ်စဖွယ်ကောင်းလှသည်။

ထိုကဲ့သို့လှပသည့် တောတောင်များ၊ ချစ်စဖွယ်ရိုးရာ ယဉ်ကျေးမှုဓလေ့များဖြင့် ပြည့်နှက်နေသည့် ကချင်ပြည်နယ်ကို အစဉ်တိုးတက်မှုရရှိရန်အတွက် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်၍ ငြိမ်းချမ်းသာယာပြီး တိုင်းရင်းသားများ အတူတကွ ယှဉ်တွဲနေထိုင်ကာ မူးယစ်ကင်းစင်သော ပြည်နယ်တစ်ခုဖြစ်လာရန် မျှော်မှန်းဆောင်ရွက်လျက်ရှိသည်။

### မူးယစ်ဆေးဝါးကင်းစင်ရေး

"မူးယစ်ဆေးဝါးကင်းစင်ရေးကို ပြည်နယ်အစိုးရအနေနဲ့ ဦးစားပေးဆောင်ရွက်နေပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ အမှုပေါင်း ၂၃၃၇ မှုဖမ်းဆီးနိုင်ခဲ့ပြီး တရားခံပေါင်း ၄၂၂၅ ဦး၊ မူးယစ်ဆေးဝါးမျိုးစုံ ဂရမ်ပေါင်း ၅၂ သိန်းကျော်၊ ဆေးပြားပေါင်း ၂၉ သိန်းကျော်၊ ဘိန်းအရည် ၂၄၅ လီတာနဲ့အတူ မော်တော်ယာဉ် ၉၂ စီးနဲ့ မော်တော်ဆိုင်ကယ် ၁၀၅၅ စီးကို ဖမ်းဆီးရရှိခဲ့ပါတယ်။ ဒါတွေရဲ့ စုစုပေါင်းတန်ဖိုးက ငွေကျပ် ၁၆၁ ဘီလီယံ တန်ဖိုးရှိပါတယ်။ ဘိန်းခင်း ၁၆၁ ဧကကို ဖျက်ဆီးနိုင်ခဲ့ပါတယ်"ဟု ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ပြောသည်။

### တရားဥပဒေစိုးမိုးရေး

"တရားဥပဒေစိုးမိုးရေး လုပ်ငန်းဆောင်ရွက် မှုမှာဆိုရင် တစ်နှစ်တာအတွင်း အမှုကြီး ၁၀ မျိုး ဖြစ်ပွားမှု ၁၃၈ မှု ဖြစ်ပွားခဲ့ပါတယ်။ ဒီလိုဖြစ်ပွားမှုအနက် ၁၁၉ မှုကို စွဲချက်တင်နိုင်ခဲ့ပြီး အခြားအမှု ၁၅၃၀ ဖြစ်ပွားခဲ့တဲ့အနက် ၁၁၈၅ မှုကို စွဲချက်တင်နိုင်ခဲ့ပါတယ်။ ပြည်နယ်အတွင်း ဖြစ်ပွားခဲ့တဲ့ လူကုန်ကူးမှု ၂၄ မှုအနက် ၂၁ မှုကို စွဲချက်တင်နိုင်ခဲ့ပြီး ကြိုတင်ကာကွယ်မှု ၄၄၆၉ မှု ဆောင်ရွက်နိုင်ခဲ့ပါတယ်" ဟု ပြည်နယ်ဝန်ကြီးချုပ်က ပြောကြားသည်။

### လမ်းနှင့် တံတားကဏ္ဍ

ထိုသို့ အကောင်အထည်ဖော်ရာတွင် ပြည်နယ်အတွင်း ချိတ်ဆက်သွားလာနေသည့် လမ်း၊ တံတားကွန်ရက်များ ကောင်းမွန်ရန် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဦးစားပေးဆောင်ရွက်ခဲ့ရာတွင် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့ဝင်ဘီးခွန်ကောက်လိုင်စင်ကို ပြည်သူများ ဝန်ထုပ်ဝန်ပိုး မဖြစ်ရန်အတွက် ၂၀၁၈ ခုနှစ် ဧပြီလ ၁၈ ရက်မှစ၍ ဖြုတ်သိမ်းခဲ့သည်။

ပြည်နယ်အစိုးရအဖွဲ့သည် တတိယ (၁) နှစ်တာကာလအတွင်း မြစ်ကြီးနား- ဆွမ်ပရာဘွမ်-ပူတာအိုလမ်း၊ မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်း၊ ရွှေဘို-မြစ်ကြီးနားလမ်း၊ မံဝိန်း-ချီဖွေ-လောခေါင်-ထောဂေါ့- ဗီမော်လမ်း၊ ဝွေထော်- အင်ဂျန်းယန်လမ်း၊ ဟိုပင်-နန့်မွန်း-ညောင်ပင်-ဝေ့ခါလမ်း၊ ဗန်းမော်-နောင်လိုက်-တာဆိုင်လမ်းနှင့် မချမ်းဘော-ဇရုခ-ရပ်ဘော့-နောင်မွန်လမ်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။

တံတားကွန်ရက်များအနေဖြင့် ပေ ၅၀ အောက် တံတား ၁၄၁၅ စင်း၊ ပေ ၅၀ နှင့် ၁၀၀ အကြား တံတား ၁၇ စင်း၊ ပေ ၁၀၀ နှင့် ၁၈၀ အကြား တံတား လေးစင်း၊ ပေ ၁၈၀ နှင့် အထက်တံတားခြောက်စင်း စုစုပေါင်းတံတား ၁၄၄၂ စင်းကို အဆင့်မြှင့်တင် တည်ဆောက်ပေးနိုင်ခဲ့သည်။

"ဆောက်လုပ်ပြီးတဲ့ တံတားတွေအနက် ဖွင့်လှစ်နိုင်ခဲ့တဲ့ တံတားတွေက အရှည် မီတာ ၉၀ ရှိတဲ့ တီယန်ဇွပ်တံတား၊ မီတာ ၆၀ ရှိတဲ့ ဒရုခတံတားနဲ့ ၉၂ မီတာရှိတဲ့ နန့်မြစ်ခတံတား PHASE 1 တို့ ဖြစ်ပါတယ်" ဟု ပြည်နယ်ဝန်ကြီးချုပ်က ပြောသည်။

ထို့ပြင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၈ ခုနှစ်တွင်း ကျေးလက်လမ်းလုပ်ငန်းပေါင်း ၃၈၃ မိုင်နှင့် တံတားလုပ်ငန်းပေါင်း ၃၆၃ ခုကို ခွင့်ပြုရန်ပုံငွေကျပ် ၃၉ ဘီလီယံဖြင့် တည်ဆောက်ပေးနိုင်ခဲ့သည်။

### လျှပ်စစ်ကဏ္ဍ

ပြည်နယ်အတွင်းရှိ ပြည်သူများ



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်

လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ပူတာအိုခရိုင်အတွင်းရှိ အထက်နမ့်ထွမ် ရေအားလျှပ်စစ်စီမံကိန်းကို တည်ဆောက်ပေးနိုင်ခဲ့ပြီး ပူတာအို မြို့ပေါ်ရပ်ကွက် ၁၀ ရပ်ကွက်နှင့် မချမ်းဘောမြို့ပေါ် ရပ်ကွက် လေးရပ်ကွက် အပါအဝင် ပတ်ဝန်းကျင်ရှိ ကျေးရွာ ၂၃ ရွာတို့ကို ၂၄ နာရီ လျှပ်စစ်ဓာတ်အား ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

အထက်နန့်ထွမ်ချောင်း ရေအားလျှပ်စစ်စီမံကိန်းသည် ပူတာအိုမြို့၏ အနောက်ဘက်ခုနစ်မိုင်အကွာတွင်တည်ရှိပြီး စက်တပ်ဆင်အင်အား ၃ ဒသမ ၂ မဂ္ဂါဝပ်ရှိရာ နှစ်စဉ်ပျမ်းမျှကီလိုဝပ်နာရီ ၁၄ ဒသမ ၃ သန်း ထုတ်လုပ်နိုင်ကြောင်း သိရသည်။

"မိုးညှင်းခရိုင် ဖားကန့်ဒေသ လျှပ်စစ်မီးလင်းရေးအတွက် ပြည်ထောင်စုရန်ပုံငွေကျပ် ၁၃ ဒသမ ၅၉ ဘီလီယံနဲ့ ၆၆ ကေဗွီ မိုးကောင်း-ဖားကန့် ဓာတ်အားလိုင်း ၅၅ မိုင် တည်ဆောက်ပြီး ဖားကန့်မြို့ပေါ်ရပ်ကွက်တွေကို ၂၄ နာရီ မီးပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ဒ့ါအပြင် ဗန်းမော်ခရိုင် ရွှေကူ-ကျွန်းတော်-မိုးစစ် (ရောဝတီ) မြစ်ကျော် ဓာတ်အားလိုင်းကို ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၇၀၇ သန်းနဲ့ ဓာတ်အားလိုင်းတိုးချဲ့ တည်ဆောက်ပေးခဲ့ပြီး ရောဝတီမြစ်

အထူးကဏ္ဍ [ ၈ ] သို့ »»



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၁)နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနားသို့ တက်ရောက်စဉ်။

»»» အထူးကဏ္ဍ [ ၄ ] မှ

အနောက်ဘက်ကမ်းကျေးရွာ ကိုးရွာကို လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်'' ဟု ပြည်နယ်ဝန်ကြီးချုပ်က ပြောကြားသည်။

ရွှေကူ-ကျွန်းတော်-မိုးစစ်(ဧရာဝတီ) မြစ်ကျော်ခတ်အားလိုင်းကို ပြည်နယ်အစိုးရအဖွဲ့က ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ဧရာဝတီမြစ်တစ်ဖက်ကမ်းရှိ ကျွန်းတော်ဘုရားတည်ရှိရာ ကျွန်းတော်ရွာနှင့် ကျွန်းတော်၊ မိုးစစ်၊ ပေါက်ကုန်း၊ သဘော်အင်း၊ ရေလယ်၊ ရွှေချောင်းသာ၊ ဆင်တပ်၊ ရွှေပဒေသာနှင့် မဟာနဒီ စသော ကျေးရွာ ကိုးရွာအား လျှပ်စစ်မီးရရှိနေပြီဖြစ်သည်။

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ**

ပြည်နယ်ဆက်သွယ်ရေးကဏ္ဍ တိုးတက်ရန်အတွက် တာဝါတိုင်ပေါင်း ၂၈၈ တိုင် စိုက်ထူနိုင်ခဲ့ပြီး မိုဘိုင်းစခန်းပေါင်း ၅၁၄ ခုကို ဖွင့်လှစ်နိုင်ခဲ့သည်။

“ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ တိုးတက်ဖို့အတွက် မိုးညှင်းမြို့ ယာဉ်ရပ်နားစခန်းကို ငွေကျပ် ကိုးဘီလီယံနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ဗန်းမော်မြို့အတွက် ယာဉ်ရပ်နားစခန်းကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် မြန်မာ့မီးရထားက ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်ကစပြီး မြစ်ကြီးနား-မန္တလေး အစုန်၊ အဆန် လေအိတ်ရထားသစ် ပြေးဆွဲနိုင်အောင် ဆောင်ရွက်ခဲ့ပါတယ်'' ဟု ပြည်နယ်ဝန်ကြီးချုပ်က ပြောပြသည်။

ပြည်နယ်၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးသည့်ကဏ္ဍတစ်ခုဖြစ်သည့်အတွက် ပြည်နယ်အစိုးရအနေဖြင့် ပြည်နယ်အတွင်း ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးကဏ္ဍတစ်ခုအဖြစ် အကောင်အထည်ဖော်လျက်ရှိသည်။

ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာကျောင်းပေါင်း ၁၂၅ ကျောင်းကို အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းပေါင်း ၁၃၄ ကျောင်းနှင့် ဝန်ထမ်းအိမ်ရာ ခုနစ်လုံးတို့ကို ငွေကျပ် ၁၀ ဘီလီယံဖြင့် တည်ဆောက်ပေးနိုင်ခဲ့ကြောင်း သိရ သည်။

**ကျန်းမာရေးကဏ္ဍ**

ပြည်နယ်သူ ပြည်နယ်သားများအားလုံးကို လွှမ်းခြုံနိုင်သည့် ကျန်းမာရေးဝန်ဆောင်မှုရရှိနိုင်ရန် ပြည်နယ်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မြစ်ကြီးနားမြို့ ခုတင် ၅၀၀ ဆံ့ ဆေးရုံကြီးလူနာဆောင် RC လေးထပ်အဆောက်အအုံကို ရန်ပုံငွေကျပ် ၃ ဒသမ ၄ ဘီလီယံဖြင့် ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်နယ်ကုသရေးဦးစီးဌာနမှူးရုံး RC နှစ်ထပ် ဆောက်လုပ်ခြင်းလုပ်ငန်းကို ရန်ပုံငွေကျပ်ငါးဘီလီယံဖြင့် ဆောင်ရွက်လျက်ရှိသည်။

“ပြည်သူတွေ ကျန်းမာသန်စွမ်းပျော်ရွှင်ဖို့အတွက် အများပြည်သူ အပန်းဖြေအနားယူနိုင်ဖို့ မြစ်ကြီးနားမြို့က စိမ်းမြရောပန်းခြံနဲ့ မင်းရပ်အားကစားကွင်း၊ မိုးညှင်းမြို့နယ်မှာ စိမ်းလဲ့သာယာပန်းခြံနဲ့ ဝိုင်းမော်မြို့နယ်မှာ ဧရာမော်ပန်းခြံတွေကို ပြုပြင်တည်ဆောက်တာ၊ အားကစားပစ္စည်းတွေ ထပ်မံဖြည့်ဆည်းတာတွေကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်''ဟု ပြည်နယ်ဝန်ကြီးချုပ်က ရှင်းပြသည်။

**ပြည်သူ့ဝန်ထမ်းများအတွက် အိမ်ရာများဖော်ဆောင်**

ပြည်နယ်အတွင်းရှိ ပြည်သူ့ဝန်ထမ်းများအတွက် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဝန်ထမ်းအိမ်ရာ ၁၆ လုံးကို ခွင့်ပြုရန်ပုံငွေကျပ်ငါးဘီလီယံဖြင့် ဆောက်လုပ်ပေးနိုင်ခဲ့သည်။ ထို့ပြင် ပညာရေးနှင့်ကျန်းမာရေးကဏ္ဍမှ ဝန်ထမ်းအိမ်ရာများ အပါအဝင် အဆောက်အအုံများကို ခွင့်ပြုငွေကျပ် ၁၆ ဘီလီယံဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

**လယ်ယာကဏ္ဍ**

ပြည်သူများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့မှ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လယ်ယာကဏ္ဍ အဆင့်မြှင့်တင်နိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ရရှိရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် တောင်သူလယ်သမားများအတွက် စက်မှုလယ်ယာဦးစီးဌာနမှ ပြည်နယ်အတွင်းရှိ လယ်ယာမြေ ၆၁၅ ဧကကို ဖော်ထုတ်ပေးနိုင်ခဲ့ပြီး ဧက ၃၀၀ ကျော်ကို ခွင့်ပြုရန်ပုံငွေကျပ် ၃၄၇ သန်းဖြင့် သိပ္ပံနည်းကျစနစ်တကျလယ်ယာမြေ ဖော်ထုတ်ပေးနိုင်ခဲ့သည်။



မြစ်ကြီးနားပြည်သူ့ဆေးရုံကြီး ကျောက်ကပ်သွေးသန့်စင်ခြင်းလုပ်ငန်းဌာနဖွင့်ပွဲကျင်းပစဉ်။

အထူးကဏ္ဍ [ ဆ ] သို့ »»»

»» အထူးကဏ္ဍ [ ၈ ] မှ



နန့်မြစ်ခတံတားတည်ဆောက်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။

"မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကနေ ကျေးရွာ ၃၁၅ ရွာက တောင်သူ ၃၀၀၀၀ ကျော်တို့ရဲ့လယ်ဧက ၂၂၉၆၈၅ ဧကအတွက် စိုက်ပျိုးစရိတ် ချေးငွေကျပ် ၃၂၂ သန်းကို ထုတ်ချေးပေးနိုင်ခဲ့ပါတယ်။ လယ်ယာမြေ လုပ်ပိုင်ခွင့်လက်မှတ်( ပုံစံ-၇)ကို ဦးပိုင်ပေါင်း တစ်သိန်းကျော်မှ တောင်သူပေါင်း ၈၉၈၃၅ ဦး အတွက် ဧကပေါင်း ၄၈၀၀၂၂ ဧကကို ဥပဒေနဲ့ အညီ ထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ နစ်နာသူ တောင်သူတွေအတွက် မြေယာကိစ္စရပ်တွေ ဖြေရှင်းဆောင်ရွက်တဲ့အခါ အမှုတွဲပေါင်း ၂၃၀ နဲ့ မြေဧရိယာ ၃၉၂၇၇ ဧကကို မူလပိုင်ရှင် တောင်သူ ၁၃၃၅ ဦးထံကို နိုင်ငံတော်သမ္မတ လမ်းညွှန်မှာကြားချက်နဲ့အညီ အပြီးအပြတ် လွှဲပြောင်းပေးနိုင်ခဲ့ပါတယ်"ဟု ပြည်နယ် ဝန်ကြီးချုပ်က ပြောသည်။

**သစ်တောနှင့် သတ္တုကဏ္ဍ**

ပြည်နယ်အတွင်းမှ သယံဇာတ တူးဖော်ထုတ်လုပ်မှုအနေဖြင့် ဓာတ်သတ္တု၊ သစ်၊ ရွှေ နှင့် ကျောက်စိမ်းတို့ကို တူးဖော်ထုတ်လုပ်လျက်ရှိသည်။

"၂၀၁၈ ခုနှစ်အတွင်းမှာ ဓာတ်သတ္တုရိုင်း ၆၈၂၈၃ မက်ထရစ်တန်၊ ခဲ/သွပ် မက်ထရစ်တန် ၂၆၀၀၊ မာဘယ်မက်ထရစ်တန် ၁၃၄၀၀၊ ကြေးနီမက်ထရစ်တန် ၃၁၀၊ ခဲ/ကြေးနီ ရောရာ မက်ထရစ်တန် ၃၃၀၀၊ ခဲ/သွပ်သတ္တု မက်ထရစ်တန် ၁၀၂၀၀၊ ခဲ/သွပ် ရောရာ မက်ထရစ် တန် ၁၃၀ နဲ့ ခဲသတ္တုမက်ထရစ်တန် ၆၀၀၀ ကို တူးဖော်ခဲ့ပါတယ်" ဟု ပြည်နယ် ဝန်ကြီးချုပ်က ဆိုသည်။

အလားတူ သစ်ထုတ်လုပ်မှုတွင် သစ်မာတန် ၁၆၉၁၁ တန်၊ ရွှေတူးဖော်မှုတွင် ရွှေ ၈၀၈ ကျပ်သားနှင့် ကျောက်စိမ်းတူးဖော်မှု ၂၅၃၄၅ တန်ထုတ်လုပ်ခဲ့ကြောင်း ပြည်နယ် အစိုးရအဖွဲ့မှ သိရသည်။

"တရားမဝင် ကျွန်းသစ်နဲ့ အခြားသစ်တွေ ဖမ်းဆီးရရှိမှုအနေနဲ့ ကျွန်းသစ် ၉၅၂ တန်၊ သစ်မာ ၄၅ တန်၊ အခြားသား ၃၇၂ တန် စုစုပေါင်း ၁၃၆၉ တန် ဖမ်းဆီးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ကျောက်စိမ်း ၂၂၅၃၆ ပိဿာကို ဖမ်းဆီးရရှိခဲ့ပါတယ်"ဟု ပြည်နယ်ဝန်ကြီးချုပ် က ပြောသည်။

ပြည်နယ်ရှိ လုံးခင်းနဲ့ ဖားကန့်ရတနာမြေ ကျောက်မျက်ရတနာတူးဖော်ရာတွင် လုပ်ငန်းခွင် မြေပြိုကျခြင်းနှင့် အခြားဘေးအန္တရာယ်များ ကင်းရှင်းရန်အတွက် လုပ်ကိုင်ခွင့်ရ လုပ်ကွက် များနှင့် ဆက်စပ်လျက်ရှိသည့် မြေနေရာများ ကို ခေါင်မိုးမြေစာဖယ်ရှားခွင့်နှင့် တူးဖော် ထွက်ရှိလာသည့် မြေစာများစွန့်ပစ်နိုင်ရန် မြေစာပစ် လမ်းဖောက်လုပ်ခြင်းများအတွက် မြေအသုံးပြုခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ နှင့်အညီ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့များ ဖွဲ့စည်းကာ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဥရုချောင်းနှင့် ချောင်းလက်တက် များ ရှင်းလင်းရေးကို စီမံချက်များရေးဆွဲ ဆောင်ရွက်လျက်ရှိပြီး လုံးခင်းနှင့် ဖားကန့် ရတနာမြေအတွင်း ကျောက်စိမ်းတူးဖော် ထုတ်လုပ်သည့် ကုမ္ပဏီ၊ သမအသင်းတို့၏ ကျောက်မျက်ကုမ္ပဏီများက သဘာဝ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် မိုးရာသီကာလ သစ်ပင်ပေါင်း ၁၄၇၅၀၁ ပင် အား စိုက်ပျိုးထားရှိကြောင်း သိရသည်။

အကျိုးတူ/ပုဂ္ဂလိက ကျောက်မျက် ကုမ္ပဏီ ၅၇ ခုတို့ကတူးဖော်ပြီး မြေပြုပြင်ထား သော ကျောက်ကြောမကျန်ရှိတော့သည့် သက်တမ်းကုန် လစ်လပ်လုပ်ကွက်များနှင့် မြေစာထပ်မံစွန့်ပစ်ခြင်းမရှိတော့သည့် စုပေါင်း မြေစာပုံနေရာ ၁၆ ခုတို့တွင် အကေးရှား အပါအဝင် သစ်ပင်မျိုးစုံကို ဖားကန့်မြို့နယ် သစ်တောဦးစီးဌာနနှင့် ပူးပေါင်းကာ သစ်ပင် ပေါင်း ၆၁၅၃၂ ပင် ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးနိုင်ခဲ့သည်။

**ရင်းနှီးမြှုပ်နှံမှုကဏ္ဍ**

ပြည်နယ်အစိုးရအနေဖြင့် ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးမှုရရှိရန် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်လျက်ရှိပြီး တတိယ (၁)နှစ်တာကာလအတွင်း နိုင်ငံသား ကုမ္ပဏီ ၁၀၃ ခု၊ နိုင်ငံခြားသားကုမ္ပဏီ လေးခု၊ လုပ်ငန်းရည်ရွယ်ချက်တိုးမြှင့်ခြင်း နှစ်ခုနှင့် ကုမ္ပဏီသက်တမ်းတိုးခြင်း ခုနစ်ခုရှိကြောင်း သိရသည်။

**ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ**

ပြည်နယ်အတွင်းရှိ မြစ်ချောင်းအနီး တစ်ဝိုက်တွင် နေထိုင်သည့် ပြည်သူများ ရေကြီးရေလျှံသည့် သဘာဝဘေးအန္တရာယ်မှ ကင်းလွတ်ရန်အတွက် ကမ်းပြိုကာကွယ်ရေး လုပ်ငန်းများကို ပြည်နယ်ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန က ဆောင်ရွက်လျက်ရှိပြီး တတိယ(၁) နှစ်တာကာလအတွင်း မြစ်ကြီးနားခရိုင်တွင် ကိုးခု၊ ဗန်းမော်ခရိုင်တွင် ၁၀ ခု၊ မိုးညှင်းခရိုင် တွင် ခြောက်ခုနှင့် ပူတာအိုခရိုင်တွင် ခုနစ်ခု စုစုပေါင်း ၃၂ ခုကို ခွင့်ပြုရန်ပုံငွေကျပ် ရှစ်ဘီလီယံဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**သဘာဝဘေးအန္တရာယ် ပြန်လည်ထူထောင်ရေး**

မိုးသည်းထန်စွာ ရွာသွန်းမှု၊ ရေကြီးမှုနှင့် ကြွက်ဖျက်ဆီးမှု စသည့် သဘာဝဘေးများ ကြောင့် ပျက်စီးသွားသည့် စိုက်ပျိုးမြေ ၁၅၅၃ ဧကအတွက် ငွေကျပ် ၄၉၆ သန်းကို ထောက်ပံ့ ပေးနိုင်ခဲ့သည်။

"ပြည်နယ်အတွင်း ဖြစ်ပေါ်ခဲ့တဲ့ သဘာဝ ဘေးကြောင့် ခံစားခဲ့ရတဲ့ အိမ်ထောင်စု ၄၆၇၉ စု၊ လူဦးရေ ၂၅၅၆၈ ဦး၊ သေဆုံးသူ ၈၃ ဦးနဲ့ ဒဏ်ရာရသူ ၈၂ ဦးတို့အတွက် ထောက်ပံ့ ပစ္စည်းနဲ့ ထောက်ပံ့ငွေတန်ဖိုး ငွေကျပ် ၃၁၃ သန်းကို ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်" ဟု

အထူးကဏ္ဍ [ ၉ ] သို့ »»



ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် တာဝန်ရှိသူများ ဗန်းမော်-မြစ်ကြီးနား ခရိုင်ချင်းဆက်လမ်းပိုင်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ရွှေကူမြို့နယ်ရှိ ရောဝတီမြစ်ကျော်ဓာတ်အားလိုင်းနှင့် ကျေးရွာ ကိုးရွာသို့ လျှပ်စစ်မီးစတင်ပို့လွှတ်ခြင်း ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

»»» အထူးကဏ္ဍ [ ဆ ] မှ

ပြည်နယ်ဝန်ကြီးချုပ်က ပြောသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း မီးဘေး ၂၃ ကြိမ်၊ ရေဘေးခုနစ်ကြိမ်၊ ကမ်းပြိုဘေး ခြောက်ကြိမ်၊ လေဘေး ၁၄ ကြိမ်၊ မြေစာပြိုဘေး ၁၈ ကြိမ်၊ မိုးကြိုးဘေး တစ်ကြိမ် မိုင်းကွဲ ၁၅ ကြိမ်၊ ဓာတ်လိုက် တစ်ကြိမ်၊ တိုက်ပွဲရှောင် ၁၃ ကြိမ်နှင့် အခြားဘေး တစ်ကြိမ်၊ စုစုပေါင်း ၉၉ ကြိမ်တွင် အိမ်ထောင်စု ၁၇၃၁ စုအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၇၃၁ ခု၊ ဆန်ရိက္ခာ၊ အိမ်ဆောက်ပစ္စည်းဖိုးနှင့် သဘာဝဘေးကြောင့် သေဆုံး၊ ဒဏ်ရာရရှိသူများအတွက် ငွေကျပ် ၁၃၃၅၄၃၇၅၀ ထောက်ပံ့ပေးခဲ့သည်။

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအတွင်း မီးဘေး ၁၈ ကြိမ်၊ ရေဘေး သုံးကြိမ်၊ ကမ်းပြိုဘေး ခြောက်ကြိမ်၊ လေဘေး ၁၁ ကြိမ်၊ မြေစာပြိုဘေး ခြောက်ကြိမ်၊ မိုးကြိုးဘေး သုံးကြိမ်၊ မိုင်းကွဲ ရှစ်ကြိမ်၊ တိုက်ပွဲရှောင် ၂၅ ကြိမ်နှင့် အခြားနှစ်ကြိမ် စုစုပေါင်း ၈၅ ကြိမ်တွင် အိမ်ထောင်စု ၃၈၄၆ စုအတွက် ကယ်ဆယ်ရေးပစ္စည်း ၅၈၀၊ စားနပ်ရိက္ခာ၊ အိမ်ဆောက်ပစ္စည်းတန်ဖိုးနှင့် သဘာဝဘေးကြောင့် သေဆုံးသူများအတွက် ငွေကျပ် ၂၂၈၈၂၉၇၅ ကျပ် ထောက်ပံ့ပေးခဲ့သည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အောက်တိုဘာလမှ ဖေဖော်ဝါရီလအတွင်း မီးဘေး ၁၈ ကြိမ်၊ ကမ်းပြိုဘေး လေးကြိမ်၊ မြေစာပြိုဘေး လေးကြိမ်၊ မိုင်းနင်း ကိုးကြိမ်၊ တိုက်ပွဲရှောင် ၁၀ ကြိမ်နှင့် အခြား လေးကြိမ် စုစုပေါင်း ၄၉ ကြိမ်တွင် အိမ်ထောင်စု ၈၃၁ စုအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၈၁ ခု၊ စားနပ်ရိက္ခာ၊ အိမ်ဆောက်ပစ္စည်းတန်ဖိုးနှင့် သဘာဝဘေးကြောင့် သေဆုံးသူများအတွက် ငွေကျပ် ၈၄၅၈၀၈၀၀ ထောက်ပံ့ပေးခဲ့သည်။

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနက ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကျပ်သိန်း ၃၀၀၀ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။ အဆိုပါ လှူဒါန်းငွေများကို စစ်ဘေးရှောင်ပြည်သူများအတွက် စားနပ်ရိက္ခာ ထောက်ပံ့ခြင်း၊ ဝက်မွေးမြူရေးလုပ်ငန်းများအတွက် အရင်းအနှီးထုတ်ပေးခြင်း၊ စက်ချုပ်၊ ယာဉ်မောင်း၊ မိုဘိုင်းဖုန်းပြင်သင်တန်းများနှင့် သုံးဘီးဆိုင်ကယ်ဝယ်ယူပေးခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ဗန်းမော် IDP Camp မှ ကလေးငယ်နှစ်ဦးကို နားမကြားကျောင်းသို့ ပို့ဆောင်ပေးခြင်းတို့အတွက် သုံးစွဲခဲ့ကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။



မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပေါ်ရှိ တီယာန်ဇွပ်တံတားဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

## လွှတ်တော်ကဏ္ဍ

၂၀၁၈ ခုနှစ်အတွင်း ပုံမှန်အစည်းအဝေးကို သုံးကြိမ်ကျင်းပခဲ့ပြီး အဆို ၁၀ ခု၊ ကြယ်ပွင့်ပြမေးခွန်း ၂၂ ခု၊ ကြယ်ပွင့်မပြမေးခွန်း ၁၇ ခု မေးမြန်းဆောင်ရွက်ခဲ့သည်။ အထူးအစည်းအဝေးတစ်ကြိမ်ကျင်းပခဲ့ပြီး ကြယ်ပွင့်ပြမေးခွန်း ၃၇ ခု မေးမြန်းဆောင်ရွက်ခဲ့သည်။

ဒုတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ကချင်ပြည်နယ် မြေယာအခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေနှင့် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ကချင်ပြည်နယ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ဥပဒေ စုစုပေါင်းနှစ်ခုကို အတည်ပြုနိုင်ခဲ့သည်။

"ကျွန်တော်တို့ရဲ့ဆောင်ရွက်ချက်တွေဟာ ပြီးပြည့်စုံတယ်လို့ မယူဆပါဘူး။ လိုအပ်ချက်တွေ၊ မပြည့်စုံမှုတွေ ရှိနေဦးမယ်လို့ မှတ်ယူထားပါတယ်။ ဒါကြောင့် လာမယ့်နှစ်တွေမှာ ဒေသဖွံ့ဖြိုးရေးနဲ့ ပြည်သူတွေရဲ့ဘဝ သာယာဝပြောရေးအတွက် ဆတက်တိုးပြီး ကြိုးပမ်းဆောင်ရွက်သွားပါမယ်"ဟု ပြည်နယ်ဝန်ကြီးချုပ်က ပြောကြားသည်။

ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်သူများအတွက် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် လိုအပ်ချက်များ တည်ရှိနေနိုင်သော်လည်း ၎င်းတို့ တာဝန်ယူဆောင်ရွက်သည့် (၃)နှစ်တာကာလကို ကောင်းစွာဖြတ်ကျော်ခဲ့ပြီးဖြစ်သည်။ ထို့အတူ ကျန်ရှိနေသည့် အစိုးရသက်တမ်းကာလအတွင်း ပြည်သူမှရွေးချယ်ထားသည့် ပြည်သူ့အစိုးရဖြစ်သည်နှင့်အညီ လျော်စွာ ပြည်သူတို့၏ လိုအပ်ချက်များကို ဆတက်တိုး၍ ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ပါသည်။



ကချင်ပြည်နယ် ဥပဒေချုပ်ရုံးအဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပစဉ်။

ကျွန်တော်တို့ရဲ့ ဆောင်ရွက်ချက်တွေ ဟာ ပြီးပြည့်စုံတယ်လို့ မယူဆပါဘူး။ လိုအပ် ချက်တွေ၊ မပြည့်စုံမှု တွေ ရှိနေဦးမယ်လို့ မှတ်ယူထားပါတယ်။ ဒါကြောင့် လာမယ့်နှစ် တွေမှာ ဒေသဖွံ့ဖြိုးရေး နဲ့ ပြည်သူတွေရဲ့ဘဝ သာယာဝပြောရေး အတွက် ဆတက်တိုးပြီး ကြိုးပမ်းဆောင်ရွက် သွားပါမယ်